ဘာသာ၊သာသနာနှင့်ယဉ်ကျေးမှုအနုပညာ

# ရတနာမွန်


မဂ္ဂဇင်း



WWW.DHAMMARANSI.NET



WWW.DHAMMARANSI.NET




# သာသနာနှင့် အနုပညာဥယျာဉ်မှူး

အနုပညာပန်းမှုား ထုံမွှမ်း၍ သာသနိက အဆောက်အဦးပေါင်းများစွာကို မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားၷ် အဝွန်ရှည်ကြာ နိုင်မာစွာ စိုက်ထူခဲ့လေသော ရသေ့ကြီး ဦးခန္တီ၊

ရမည်းသင်းမြို့ အနောက်တောင်ရွာသာရွာလေး၌၊ ဦးရွှေလှ ဒေါ်နိုဥ (ဒေါ်ကန်) တို့မှ၊ ၁၂၂၉–ဝါခေါင်လပြည့်ကျော် ၅-ရက်၊ တနင်းလာနေ့၌ မွေးဖွားခဲ့သော ငယ်မည် မောင်ဖိုးမောင်သည် ၁၂၄၉-ခုနှစ်တွင် ရဟန်းဖြစ်ကာ၊ ရဟန်းဝါ ၁၂ဝါအတွင်း ပရိယတ္တိဆောင်ကာ ၁၂၆၁-ခုနှစ်တွင် ရသေ့အဖြစ် ကူးပြောင်းပြီးနောက်၊ သာခိုတောင် ရွှေမြင်တင်တောင်များ၌ ၇–နှစ်တိုင် ပဋိပတ္တိ အားထုတ်ခဲ့လေသည်။ ထို ၇–နှစ်ကာလအတွင်း၊ စေတီ ၄၉၊ ကျောင်း-၃၄၊ တန်ဆောင်း-၁၆၊ ရုပ်ပွားတော်ကြီး-၁၅ဆူတို့ကို တည်ထားနိုင်ခဲ့သည်။ ထိုနောက် တောင်ပခြုပ်၊ ဖျဉ်းမနား ဆင်ဖြူတောင်၊ လယ်ဝေးတို့သို့ ကြွရောက်ပြီးနောက် ၁၂၆၉-ခုနှစ်ကစ၍ မန္တလေးတောင်သို့ ကြွရောက်ကာ များစွာသော ကောင်းမှုတော်များကို ဦးဆောင်ပြုနိုင်ခဲ့လေသည်။

မြို့ပေါင်း ၂၈နှင့်၊ ဌာနပေါင်း ၄၇ ဌာနတွင် သာသနာနှင့် အနုပညာ ကုသိုလ်ပန်းဥယျာဉ်များ ဦးဆောင် စိုက်ပျိုးခဲ့လေသော ရသေ့ကြီး ဦးခန္တီ၏ ယဉ်ကျေးမှု အမွေများကား ယနေ့တိုင် တွေ့မြင်နိုင်လျက် ရှိတကား။ (မန္တလေးမြို့–မန္တလေးတောင်၊ ရန်ကင်းတောင်၊ မယ်ဥတောင်၊ အနန္တာ၊ နန်းတွင်းတောရ၊ ရွှေစာရံ။ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ သကျသီဟ၊ တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ၊ မေမြို့–ဉာဏ်တော် မဟာမြတ်မုနိ၊ ရေဝင်းတောင်၊ နမ္မတူမြို့-ရွှေမြင်သာတောင်၊ သီပေါ - ဘော်ကြိုဘုရား၊ မိုးကုတ်မြို့–မန်းဦးတောင်ဘုရား၊ တောင်ကြီးမြို့ - ရုပ်တော်မှုဘုရား၊ ပင်းတယမြို့–ရွှေဥမှင်ဘုရား၊ စစ်ကိုင်းမြို့ - ဆင်ဖြူများရှင်၊ ရှင်ဖြူရှင်လှ၊ အင်းဝတံတားဦးမြို့ - မင်္ဂလာစေတီ၊ ကျောက်ဆည်မြို့ –ရွှေဆပ်သွားဘုရား၊ ပုပ္ပါး–ရွှေသာလျောင်း၊ မင်းဘူးမြို့ - မန်းစက်တော်၊ ကျောင်းတော်ရာ၊ ဆည်တော် မဟာမြတ်မုနိ၊ – ရမည်းသင်းမြို့ ရွှေမြင်တင်တောင်၊ တောင်ပခြုပ်၊ ရွှေယင်ကျော်၊ ရွှေယင်ပုံး၊ ရွှေယင်မိ၊ မင်းသမီးဘုရား၊ ညောင်လွန့်–မဟာမြတ်မုနိ၊ ပျော်ရွာ၊ ဗိတောက်ကုန်း၊ ဖျဉ်းမနားမြို့ - ဆင်ဖြူတောင်၊ ဓမ္မိကတောင်၊ စူဠာမဏိ၊ လယ်ဝေး–ရန်အောင်မြင်၊ ရွှေလက်လှ၊ ပဲခူးမြို့–ဟင်္သာကုန်း၊ နောင်တော်ကြီး၊ သထုံမြို့–မဟာမြတ်မုနိ၊ ရဟန္တာကျောင်း၊ ဓာတ်တော်တိုက်စေတီ၊ ရွှေစာရံဘုရား ကျောက်စာ၊ မော်လမြိုင်–အလှံ့တင်တောင် ဦးခန္တီဘုရား၊ ချောင်းဆုံမြို့–မြင်းမိုရ်တောင်ဘုရား စသည် စသည်၊)

ရသေ့ကြီးသည် ၁၃၁ဝ–ပြာသိုလပြည့်ကျော်၊ ၁၄ညတွင် ကွယ်လွန်ခဲ့သည်။

ရသေ့ကြီး ဦးခန္တီ၏ သာသနိက အဆောက်အဦးများတွင် မြန်မာမှု အနုပညာ စိတ်ကူးအမျိုးမျိုး အကောင်အထည်ပေါ်အောင် ဉာဏ၊ ကာယ၊ ဒါနစွမ်းအားများကို စုစည်းဦးဆောင်နိုင်ခဲ့မှုတို့အား ဦးခိုက်ဗိပါ၏။

(ပြီးခဲ့သည့်လ အဖုံးညွှန်းတွင် ဥဒေါင်းရုပ်ပုံကို မြန်မာတို့က ''လစန္ဒာ''အဖြစ်ဟု ဖော်ပြထားခဲ့ချက် အမှားအစား ''သူရိယနေ''အဖြစ်ဟု ပြင်ဆင်ဖတ်တော်မူပါရန်)

**ဓမောင်ဓအးမြင့်-မြန်မာ့ရိုးရာဗီဇိုင်း**

WWW.DHAMMARANSI.NET

ဘာသာသာသနာနှင့်ယဉ်ကျေးမှုအနုပညာ

# ရတနာမွန် မဂ္ဂဇင်း

အတွဲ ၁၇၊ အမှတ်—၄၊ ၁၉၉၀—ပြည့်နှစ်၊ ဧပြီလ

အယ်ဒီတာချုပ်
ဒါဂုန်ဦးစန်းငွေ
စာပြင်မှူးချုပ်
ဆရာကြီး ဦးရန်အောင်
တာဝန်ခံ အယ်ဒီတာ
ဦးတင်ဟိန်း
တွဲဖက်အယ်ဒီတာ
ဦးထွန်းလွင် (ဓမ္မာစရိယ-ဘီအေ)
မှုမ်းမံအယ်ဒီတာ
ဦးအောင်-ဉာဏ်လင်းစာပေ

အဖုံးပန်းချီ
မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)
ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း
ရတနာမွန်အဖွဲ့
သဘာပတိ
ဦးခင်မောင်ထွေး
(အထွေထွေအတွင်းရေးမှူး)
ဆော်ဩရေးမှူး
ဝဏ္ဏကျော်ထင် ဦးသိန်းဟန်
အတိုင်ပင်ခံစာတည်း
ဦးသက်တင်
အဖွဲ့ဝင်များ
ဦးမောင်မောင်ကြည် ဦးအောင်
စာအုပ်ချုပ်-ပပဝိုး

ပုံနှိပ်သူ-ဦးကြည် (မြ-၀၂၄၀၉)
ပညာ့ဗိမာန် ပုံနှိပ်တိုက်၊ အမှတ်-၄၁၊
၄၄-လမ်း၊ ရန်ကုန်မြို့တွင်
အဖုံးနှင့် စာသားများ ရိုက်နှိပ်သည်၊
ဖုန်း-၇၂၆၈၉။
ထုတ်ဝေသူ-ဦးခင်မောင်ထွေး
(မြ-၀၂၉၁၇) ဗုဒ္ဓဘာသာ
ကလျာဏယုဝအသင်း
၇၇-ရေကျော်လမ်း၊ ရန်ကုန်မြို့။
(အတွဲ ၁၇ အမှတ်-၄)
၁၃၅၁ခု၊ တန်ခူးလကုန်
၁၉၉၀-ပြည့်နှစ်၊ ဧပြီလ
စာမူခွင့်ပြုချက် ၄၀/၉၀(၃)
မျက်နှာဖုံးခွင့်ပြုချက် ၃၅/၉၀(၃)
အောင်ရေ....၁၃၀၀၀။
(တန်ဖိုး ၆-ကျပ်)

မျက်နှာဖုံးအညွှန်း

၁ သာသနာနှင့်အနုပညာဥယျာဉ်မှူး

ခေါင်းကြီး

၂ စာတည်းချုပ်.... စိတ္တနိဂ္ဂဟ

အတိတ်ကမြန်မာမှု

၁၄ မောင်အေးမြင့်.... မိသားစု ကိုးကွယ်သည့် ရှေးဘုရားဆောင်

ရတနာသုံးပါး ကဏ္ဍ

၂၁ ဖိုးထောင် (က၀)....တေဒဂ်ပုတီးစိပ်

ဆောင်းပါး

၄ သပြေကန်ဆရာတော်...ဥပုသ်တရားတော်
၁၀ ဓမ္မာစရိယဦးဌေးလှိုင်...ထေရဝါဒ သာသနာတော် ပြန်လည်ပေးပို့ခြင်း
၁၅ အရှင်ဇဝန (မြစေတီ)....
နတ်ဆက် သောသရက်သီး
၁၇ မျိုးမြင့် (အောင်လံ)...မဇ္ဈိမဒေသ အကျိုး
၂၅ ဦးထွန်းအောင်... ပညာရှိအမွေခံဆိုး
၃၉ မောင်တင်လှိုင်....အလှူရေစက်
၄၂ ဦးသန်းထွန်း...စကြဝဠာ စည်းစိမ်မခံလိုပြီ
၄၆ ထီးချိုင့်ဘုန်းမောင်....စစ်ကဲကြမ်းစေတီ

ဝတ္ထု

၂၉ မောင်အောင်မြင့်....ကျောက်တန်းရွာမှ မြင်ကွင်းတစ်ကွက်
၃၃ မွန်ဝိယ....ကမ္ဘာမပျက်သရွေ့
၅၀ မန်းသာထွန်း.... ရွက်မှုသော်တည့် ဝဋ်ပါဘိ
၅၈ ချစ်ဦးညို....ကာဠဒုမ္မရက္ခိတ
၅၆ ဝိုင်အစ်ဘီအေသတင်းလွှာ

WWW.DHAMMARANSI.NET

# စိတ္တနိဂ္ဂဟ

စိတ်နှင့်ဆိုင်ရာ ဝေါဟာရပေါင်းများစွာ ရှိလေသည်။ စိတ်မြန်၊ စိတ်ထန်၊ စိတ်ယုတ်၊ စိတ်ကောင်း စသည်တို့ဖြစ်လေသည်။ စိတ်၏အနက်ကို မကောင်းမှု၌ မွေ့လျော်တတ်၏။ ဟူ၍လည်းကောင်း၊ တည်ငြိမ်မှုမရှိ တောမျောက်အလား၊ ရောက်ရက်ခတ် ပြေးလွှားတတ်သည်ဟူ၍လည်းကောင်း ဖွင့်ဆိုကြ၏။ သီးလုံးဆရာတော် ဘုရားကြီးကမူ စိတ်ကိုမြင်းမိုရ်တောင်လုံးနှင့် ကြိတ်သော်လည်း မကြေနိုင်ဟု ဆိုတော်မူလေသည်။ ခက်မာသောအရာတွင်လည်း စိတ်လောက် မာသောအရာ မရှိဟုဆိုသည်။

ထိုစိတ်ကို မလှုပ်ရှားအောင် ငြိမ်သက်အောင် ဆုံးမနည်း နိသျှည်းကို ဆရာအသီးသီးတို့ ကျမ်းပြု စီစဉ်သွားကြကုန်၏။ ဤအထဲတွင် မိုင်းလုံးဆရာတော်ဘုရားလည်း ပါဝင်၏။ စိတ္တနိဂ္ဂဟ ဩဝါဒကျမ်းဟူသော အမည်ဖြင့် စိတ်ဆုံးမ,နည်း ကျမ်းတစ်ကျမ်း ပြုစုခဲ့လေသည်။ ထိုကျမ်း၌ ပါသော အချက်အလက်များကို ဤတွင် ပြယုဂ်အဖြစ် အမြွက်မျှ ထုတ်ပြလိုက်ပေအံ့။

မက္ကဋံ'ဝိယ ဘော စိတ္တ၊ သမ္ဗဋ္ဌာနေသု ဓာဝတိ။


ရမ္မတိ အသုဘေ ဌာနေ၊ သူကရော ဂူထကာသုယာ။

ဘောစိတ္တ—အိုစိတ်။တွံ—သင်သည်။ မက္ကဋံ'ဝိယ—မငြိမ်မသက်၊ ထိုးရှိုထွက်၍၊ ရောက်ရက်ခတ် ပြေးလွှား၊ မျောက်အလားကဲ့သို့။ သမ္ဗဋ္ဌာနေသု—အလုံးစုံသော ကိလေသာအာရုံ၊ ကာမဂုဏ်တို့၌။ ဓာဝတိ—မနေမရပ် တရစပ် ပြေးလွှားချင်တတ်၏။ သူကရော—အိမ်တွင် ပွားစီး၊ ဝက်အိုကြီးသည်။ ဂူထကာသုယာ-မစင်အတိပြည့်သော ညွန်တွင်း၌။ ရမ္မတိဝိယ—နှစ်သက် မွေ့လျော်၊ ပျော်ပါးချင်ဘိသကဲ့သို့။ အသုဘေ—ဆံပင်မွေးညှင်း၊ ခြေသည်းလက်သည်း သွားအရေစသော (၃၂)ပါးသော အစုအဝေးမျှသာဖြစ်၍၊ အလွန်စက်ဆုပ်ရွံရှာဖွယ်ရှိသော။ ဝါ—အရိုး၊ အကြော အသား၊ အသွေးအစုမျှသာ ဖြစ်၍၊ အလွန်စက်ဆုပ်ဖွယ်ရှိသော၊ ဝါ—ကိုးပေါက်သော ဒွါရမှ၊ ကိုးဝသော အပုပ်ရေတို့ဖြင့် အမြဲတစိုစို၊ ယိုသည်ဖြစ်၍ အလွန်စက်ဆုပ်ရွံရှာဖွယ်ရှိသော။ ဌာနေ—အာရုံ၌။ ရမ္မတိ—နှစ်သက်မွေ့လျော်၊ ပျော်ပါးချင်တတ်၏။

ထို စိတ္တနိဂ္ဂဟ ဩဝါဒကျမ်းမှာ ကျမ်း ဆိုသော်လည်း ကျမ်းကြီးမားမားမဟုတ်။ ဂါထာ (၁၉) မျှသာပါသော ကျမ်းငယ်သာဖြစ်လေသည်။

သို့သော် စိတ်နှင့်ပတ်သက်၍ ဆုံးမချက်များမှာ စုံလင်လှ၏။ စိတ်ကို မျောက်တိရစ္ဆာန်နှင့် နှိုင်း၍ ဆိုခြင်းမှာလည်း လွန်စွာ သဘာဝကျ၏။ ဤစကားကို ထောက်၍၊ လူတိုင်းလူတိုင်း၏ ဦးခေါင်းထဲ၌ မျောက်တွေ ကိန်းအောင်းလျက် ရှိနေကြောင်း သိစေလေသည်။

လူတိုင်း လူတိုင်းအဖို့တွင် မိမိ မိမိတို့၏ မျောက်စိတ်ကို ငြိမ်ဝပ်အောင် နှိပ်ကွပ်ဖို့၊ ယဉ်ပါးအောင် ဆုံးမပေးဖို့ အထူးပင် လိုအပ်လှပါသဘည်း။ ဒုက္ခ ရောက်နေကြသည်မှာ စိတ်ကို မထိန်းနိုင်၍သာ ဖြစ်ကြောင်း၊ ဆိုသောအချက်ကို သဘောပေါက်ကာစိတ်ကိုထွက်ပေါက်မရနိုင်နင်းအောင် ပိတ်ဆို့ကြရာသတည်း။




(ယခင်လမှ အဆက်)

### တစ်အိမ်ပြီးတစ်အိမ် အနှင်ခံရ

အဲဒီအိမ်ကလဲ ဒီလိုပဲ စောစောပိုင်း က တော့ ကောင်းကောင်းပြုစုနေပြီး ရက်လေးနည်းနည်းရလာတော့ ခုနချွေးမ (သားကြီးဇနီး) ကသူ့ကိုနှင်သလိုအခု ချွေးမ (ဒုတိယ) ကလဲ သူ့ကိုနှင်ပြန်ရော၊ အတူတူပဲ၊ သူကလဲ ''သည့်ပြင်အိမ်တွေ မသွားတတ်ဘူးလား၊ သည်အိမ်ချည်းပဲ လာနေရသလား''နဲ့။ အဲဒါနဲ့ ရှေကလိုပဲ ပုဏ္ဏားကြီးက စိတ်ဆိုးပြီးတော့ တတိယ မြောက် သားအိမ် သွားပြန်တယ်။

အဲဒီအိမ်မှာနေ၊ အစတော့ဟုတ်သလိုလိုဘဲ၊ တော်တော်ကြာကြာတော့ ရက်လေးတော်တော်ရလာတော့ သူ (တတိယချွေးမ) ကလဲ နှင်ချပြန်တာဘဲ၊ ဒါနဲ့ စတုတ္ထအိမ်ရောက်၊ စတုတ္ထအိမ် ရောက်တော့ လဲ အဲသလိုဘဲ၊သူတို့တစ်ချိုးတည်းပဲ၊ ''ဒီအိမ်ကို ပိုပေးလို့လား၊ သည့်ပြင်အိမ်တွေသွားဖို့ လမ်းမသိဘူးလား'' လို့ ပြောလာတာပဲ။

အဲဒါနဲ့ ပုဏ္ဏားကြီးက''အမိုက်မ နင် ပျက်စီးပါစေတော့''ဆိုပြီးတော့ စိတ်ဆိုးပြီး ထွက်သွားတယ်။ အကုန်လုံး အိမ်လေးလုံး လက်လွှတ်ရတယ်။သားတွေကလဲ သဘောတူ၊ ဘာမျှ သူတို့သားမယားတွေကို မပြောဘူး၊ ဖခင်ပုဏ္ဏားကြီးကိုလဲ သူတို့က ပြန်မကြည့်တော့ဘူး။

### အင်မတန်ကြီးတဲ့ ကျေးဇူး

အဲဒီတော့ ကြည့်စမ်း။ ပုဏ္ဏားကြီးဆီက ရလိုက်တဲ့ ပစ္စည်းတွေ မနည်းဘူး၊ စောစောကလဲပဲ အိမ်ထောင်ရက်သားကျလို့ တစ်ယောက်ဘစ်သိန်းနဲ့ ငွေ ၄ သိန်း ပေးခဲ့ရတယ်။ နောင်လဲပဲ သူတို့အပြောကောင်းလွန်းတာနဲ့ အဟုတ်မှတ်ပြီးတော့ ရှိရှိသမျှတွေ အကုန်ပုံပေးလိုက်တယ်။

အဲဒီကျေးဇူးတွေဟာ အင်မတန်ကြီးတဲ့ ကျေးဇူးတွေ။ အဲဒီဂုဏ်တွေဟာ နှိုင်းဆလို့မရလောက်အောင်ကြီးကျယ်တဲ့ဂုဏ်တွေ၊ အဲဒီဂုဏ်တွေကို ဂုဏ်မှန်းမသိဘူး၊ မိဘရဲ့ကျေးဇူး 'ဘယ်လို အောက်မေ့ရမယ်' ဆိုတာ မသိတော့ဘူး၊ မိဘဟာ သူတို့အပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာတွေလဲ မေ့ကုန်ပြီ။

WWW.DHAMMARANSI.NET



## အဖေကို ရှုပ်တယ်ထင်

လောဘ လောဘ။ လောဘတင် မဟုတ်သေးဘူး၊ မသိတတ်မှု အဝိဇ္ဇာကလဲပါတယ်။မောဟပေါ့။ အထူးသဖြင့် အဝိဇ္ဇာဦးစီးတယ်ဆိုရင် ပိုမှန်မှာပဲနော်။

ဘယ်လောက် ကိုယ့်အပေါ်မှာ ကောင်းခဲ့တယ်ဆိုတာ အကုန်မေ့။ ဘာမျှ သတိမရတော့ဘူး။ မယားတွေကတော့ ထားပါတော့ ။ သူတို့က သူစိမ်းမို့လို့။ သူ့ဘို့က သားတွေက တကယ့်အဖေရင်းကြီးကိုပစ်ပယ်ပြီးတော့ ထားနိုင်ရက်ကြတယ်။

ဒါ ခုနပြောတဲ့ ကောင်းဂုဏ်တွေဟာ 'ဂုဏ်မသိတဲ့ ဂုဏ်မရှိတဲ့ လူ့အပေါ်မှာ ရောက်သွားလို့ရှိရင် ဂုဏ်မဟုတ်တော့ဘူးအပြစ်တွေဖြစ်သွားတယ်။သူတို့တစ်တွေဟာ အဖေဆိုပေမယ့် အိမ်မှာရှုပ်တယ် ထင်သလားမသိဘူး၊ဘာမျှပြန်မကြည့်တော့ဘူး။ ချွေးမတွေနှင်သမျှ သူတို့က အလိုလိုက်ပြီးနေတယ်။

## တောင်းစားရရှာ

အဲဒါနဲ့ နောက်ဆုံးပုဏ္ဏားကြီးဟာ ဘယ်အိမ်ကမှ လက်မခံတော့ ဆောက်တည်ရာ မရဘဲနဲ့ တစ်ခါတည်း 'ပဏ္ဍရင်—ပရိဗိုဇ်'လုပ်တယ်တဲ့။ ပဏ္ဍရင် ပရိဗိုဇ်ဆိုတာ 'အဝတ်ဖြူဝတ်တဲ့ ပရိဗိုဇ်၊ ခုခေတ်အဆိုဆိုရင် ဖိုးသူတော်ပေါ့။

ဖိုးသူတော်လုပ်ပြီးတော့ တစ်ခါတည်းခွက်လက်စွဲပြီး သူတပါးအိမ် လိုက်တောင်းစားရတဲ့ဘဝ ရောက်သွားရတယ်။နေစရာ နေရာမရှိ၊ကြုံတဲ့နေရာအိပ်၊ ဆင်းဆင်းရဲရဲ နေရရှာတယ်။ ဘယ်သားကမှ မကြည့်ဘူး၊ချွေးမကဆိုရင် ဝေးရော။ အဲဒီလို နေရရှာတယ်။

ဆင်းဆင်းရဲရဲနဲ့ ကြာတော့လဲဘဲ ချမ်းချမ်းသာသာ မအိပ်ရ။ချမ်းချမ်းသာသာ မစားရနဲ့ဆိုတော့ ရုပ်တွေပျက်၊ အဆင်းတွေပျက် ဖြစ်လာရော။

## အားကိုးရာရှာ

တစ်နေ့ကျတော့ အဲဒီလိုပဲ တောင်းရမ်းပြန်လာ၊ စားသောက်ပြီးတော့ ခုတင်လေးပေါ်အိပ်၊ခုတင်လေးပေါ် ဆိုတာက အမှန်ကတော့ စာထဲ မပါပါဘူး။ သို့သော်လဲပဲ ရှေးခေတ်အခါက ဇရပ်ရှည်တွေ ဘာတွေ တည်းခိုဖို့ နေဖို့နေစရာတွေ ရှိပါလိမ့်မယ်။ အဲဒီလို နေရာမျိုးမှာ ကပ်ရပ်ပြီး နေရပေါ့လေ။သူ့အဖြစ်ကို သူစဉ်းစားတယ်။ စဉ်းစားတော့ အားကိုးရာ သူ စိတ်ကူး ရလာတယ်။ ကြံကြည့်တယ်။ စိတ်ကူးနဲ့ အားကိုးရာ ရှာကြည့်တယ်။

## အားကိုးရာတွေ့

ရှာကြည့်တော့ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကို မြင်တယ်။ 'ရှင်ဂေါတမဟာ ချမ်းသာဖွယ်ရာ စကား ပြောကြားတတ်တယ်၊ ရွှင်ရွှင်ပျပျ ပြောကြားတတ်တယ်၊ ဒီတော့ ရှင်ဂေါတမဆီ ငါသွားဦးမှဘဲ' ဆိုပြီးတော့ တစ်ခါတည်း အဲဒီပုဏ္ဏားကြီးဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံရောက်လာတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က ''ဘယ့်နှယ် ဗြာဟ္မဏကြီး အဝတ်အစားတွေကလဲ ကြမ်းကြမ်းတမ်းတမ်း ညစ်ညစ်ပေပေနဲ့ ဘယ်လိုဖြစ်လာတာတုံး'' ဆိုတော့....

အဲဒီတင် ပုဏ္ဏားကြီးက အကျိုးအကြောင်းလျှောက်ထားတယ်။''အရှင်ဂေါတမ၊ တပည့်တော်မှာ သား ၄ ယောက်ရှိတယ်၊ အဲဒီသား ၄ ယောက်ဟာ တပည့်တော်ကို ချွေးမတွေ (သူတို့မယားတွေ) နဲ့ တိုင်ပင်ပြီးတော့ နှင်ထုတ်လိုက်ကြတယ်။ဒါ့ကြောင့် တပည့်တော် အခုလို ဖြစ်လာတာပါပဲလို့'' လျှောက်ထားရှာတယ်။

## ဒုက္ခကင်းအောင် နည်းပေး

အဲဒီလို လျှောက် ထား တော့ ဘုရားရှင်ကလဲ ကရုဏာသက်တော်မူတယ်။ကရုဏာသက်တော်မူတော့ နောက်ဆုံး သားတွေလဲချမ်းသာ၊ ပုဏ္ဏားကြီးလဲချမ်းသာ။ ချမ်းသာဖို့ရာ နည်းပေးတော်မူတယ်။ သားတွေ ချမ်းသာဖို့ ဆိုတာက....

သားတွေက ဒီအတိုင်းသာ ဖခင်ကြီး ပစ်ထားမယ်ဆိုရင် သူတို့ရဲ့ နောက်ခံရမယ့်ဒုက္ခက မသေးလှဘူး၊ အင်မတန်ကြီးကျယ်တဲ့ဒုက္ခ ခံရမယ်။ ပုဏ္ဏားကြီးလဲ ခု ရှေ့ရှောက်ဆိုရင် ဒုက္ခကမသေးလှဘူး။အဲဒါကြောင့် သားတွေလဲ ဒုက္ခ ကင်းအောင်၊ ပုဏ္ဏားကြီးလဲ ဒုက္ခကင်းအောင် ဆိုပြီးတော့ နည်းပေးတော်မူတယ်။

## ဂါထာသင်ပေး

ဂါထာတွေ သင်ပေးလိုက်တယ်။ ပုဏ္ဏားကြီးကို ဂါထာတွေ သင်ပြီးတော့ ''ဗြာဟ္မဏကြီး၊ဗြာဟ္မဏကြီး

WWW.DHAMMARANSI.NET



တွေ ကြီးစိုးရာစည်းဝေးပွဲသဘင်မှာ၊ သားတွေနဲ့ အဲဒီ သဘင်ပွဲမှာ ကြုံကြိုက်တဲ့ အခါမှာ ဒီဂါထာတွေကို ရွတ်ပေတော့''ဆိုပြီးတော့ သင်ပေးလိုက်တယ်။ ဂါထာတွေက....

**ပထမဂါထာ**

၁။ ယေဟိ ခါတေဟိ နန္ဒိသံ၊
ယေသန္တု ဘာဝ မိန္ဒြိသံ။
တေ မံ ဒါရေဟိ သံပုဿ၊
သာဝ ဝါရေန္တိ သူကရံ။

ယေဟိ ခါတေဟိ–တို့ရဲ့ မေတ္တာ ခံယူကာဖြင့် ဖြစ်လာထင်ရှား အကြင်သားတို့ဖြင့်။ နန္ဒိသံ–ဒိတိ ဖုံးလျက်၊ နှစ်သက်လွှမ်းကာ ဝမ်းသာရွှင်မြူးခဲ့ရပါပေ၏။ ယေ သန္တု– ချစ်မြတ်နိုးစွာ၊ ရတနာအဝင်၊ အကြင်သားတို့၏လည်း။ ဘဝံ–အဘက်ဘက်၌ တိုးတက် ကြီးပွားမှုကို။ ဣန္ဒြိသံ – အချစ်ခတ်ပွား၊ လိုလားတောင့်တခဲ့ရပါပေ၏။တေ–ထိုသို့မေတ္တာထား ကြီးပွားအောင်ပြု၊ ဂရုစိုက်ထား၊ ထို ငမိုက်သားတို့သည်။ သာ–မေတ္တာကင်းကွာ၊ ခွေးသတ္တဝါတို့သည်။ သူကရံ– မျက်မှောက် မြင်လာ၊ ဝက် သတ္တဝါကို။ ဝါရေန္တိဝ–မကပ်ရအောင်၊ ရှောင်ပြေးသွားဖို့၊ မြစ်တားလေကုန်ဘိသကဲ့သို့။ မံ–သူတို့ကို-ခို၊ ငါ–အဖေ အိုကို။ ဒါရေဟိ–သူတို့သက်ထား၊ မယားအမိုက်တို့နှင့်။ သံပုဿ – စိတ်ထား တူမျှ၊ တိုင်ပင် ကြလျက်။ ဝါရေန္တိ မချစ်မသနား၊ တရားယုတ်လေ၊ မြစ်တား နှင်ထုတ်ကြလေကုန်သတည်း။

ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီ ပထမ ဂါထာ သင်ပေးပြီးတော့ ဆက်လက်ပြီး ဒုတိယဂါထာကို သင် ပေးပြန်တယ်။

၂။ အသန္တာ ကိရ မံ ဇမ္မာ၊
တာတ တာတာတိ ဘာသရေ။
ရက္ခသာ ပုတ္တရူပေန၊
တေ ဇဟန္တိ ဝယော ဂတံ။

ကိရ-ပညာမဲ့တုံ၊မငဲ့ပုံကို၊ တစ်ဖုံဖွဲ့လို၊ ချဲ့ဆိုပါဦးအံ့။ မံ၊–အမှုလှလျက်၊ယုယမလို၊ ငါ-အဖအိုကို။အသန္တာ– အယူမလျှော်၊ မသူတော်ဖြစ်ကြကုန်သော။ ဇမ္မာ– ပေးဖူး ပွေ့ဖူး၊ ကျေးဇူးတရား၊ မလေးစားခဲ့၊ တရား ဆုတ်ခွာ၊ သားယုတ်မာတို့သည်။တာတ-တာတာတိ– အဆိုလှလှ၊ အို–အဖ၊ အို–အဖဟူ၍၊ ဘာသရေ– တရားမဖက်၊စကားမြွက်ချ ဆိုကြလေကုန်၏။ရက္ခသာ– မိဘဝတ်ပျက်၊ အဖျက်အမိုက်၊ ရက္ခိုက်ကောင်ဖြစ်ကြ ကုန်သော။ တေ-အမှားမျိုးကြိုက်၊ သားဆိုးမိုက်တို့က၊ ပုတ္တရူပေန–မိဘဝတ္တရား၊ တရားမဆင် သားအသွင် ဖြင့်။ ဝယောဂတံ–အရွယ်လွန်လျက်၊ သေဘက်နီးဆဲ၊ အဖေအိုကို။ ဇဟန္တိ–မချစ်မညှာ၊ မေတ္တာကင်းတုံ၊ စွန့်ပယ်နှင်ထုတ်ကြလေကုန်သတည်း။

အဲဒီလိုသင်ပေးလိုက်တယ်။ ဆိုလိုရင်းကတော့....

'' ငါ့ သား တွေ ဟာ ရက္ခိုက်လို ကောင်တွေ၊ ရက္ခိုက်ဆိုတာ- ဘီလူးတစ်မျိုး၊ အဲဒီရက္ခိုက်တွေ ဟာ သား အယောင်ဆောင်ပြီးတော့ ငါ့သားတွေက စောစောကဖြင့် 'အဖေ-အဖေနဲ့ ငါ့ကိုခေါ်ကြတယ်၊ ဒါ-သူတို့ ငါ့ကို တကယ်ချစ်မြတ်နိုးလို့မဟုတ်ဘူး၊သူတို့ ဟာ သားယုတ်မာတွေဘဲ၊ ကြမ်းတမ်းတဲ့ ရက္ခိုက် တွေဘဲ၊တကယ်တော့ ငါ့ကိုချစ်ဟန်ဆောင်ပြီး အဖေ အဖေနဲ့ ခေါ်ခဲ့ကြတာ၊ အခုတော့ ငါအဖေကြီးကို၊ အရွယ်ယိုယွင်းတဲ့ ငါအဖေကြီးကို နှင်ထုတ်ခဲ့ကြပြီးတဲ့၊ နောက် ဘုရားသင်ပေးတဲ့ တတိယ ဂါထာက–

၃။ အဿောဝ ဇိဏ္ဏော နိဗ္ဘောဂေါ၊
ခါဒနာ အပနီယတိ။
ဗာလကာနံ ပိတာ ထေရော၊
ပရဂါရေသု ဘိက္ခတိ။

ဇိဏ္ဏော – အားအင် ယိုယွင်း၊ အိုမင်းခဲ့သော။ နိဗ္ဘောဂေါ–ထိုထိုကိစ္စ သုံးမရဖြစ်ခဲ့သော။ အဿော- ချည့်နဲ့မသာ၊မြင်းပိန်တာကို။ ခါဒနာ–စဉ်ဆက်ကျွေး လာ အစားအစားမှ၊ အပနီယတိဇ -မကျွေးဘဲထား၊ မစားစေလတ်၊ပယ်ရှားအပ်သကဲ့သို့။ တထာ–ထိုနည်း ထားယူ၊ အလားတူ။ ဗာလကာနံ–တရားမလိုက်၊သား မိုက်တစ်တွေ၊ သားဆိုးသားပေတို့၏။ ထေရော–အရွယ် မြင့်ကာ၊ ရင့်လာဇိုမင်းလာသော။ ပိတာ–သားဆိုး အဖေ၊ တပေပေဆိုစရာ၊ အဖေအိုငါသည်။ အပနီ- ယန္တော–ကိုယ်စိတ်နှစ်တန်၊ မရွှင်ရန်တစ်ဝ၊ အနှင်ခံရ သည်ဖြစ်၍။ ပရဂါရေသု–ကိုယ်နှင့်မဆိုင်၊ ကိုယ်မပိုင် အစာစား၊ သူတစ်ပါးအိမ်တို့၌။ ဘိက္ခတိ–သားတို့

WWW.DHAMMARANSI.NET



မကောင်း၍၊ အကြောင်းတရားမလှ၊ တောင်းစားရပါပေတော့သတည်း။

အဲဒါ တတိယ ဂါထာ။

လောကမှာ မြင်းအိုလာပြီး အသုံးမကျဘူးဆိုရင် မြင်းရှင်တွေဟာ အဲဒီမြင်းကို တစ်ခါတည်း အစာဖြတ်ထားကြတယ်၊ မကျွေးတော့သလို၊ သားမိုက်တို့ရဲ့ဖခင်ဖြစ်တဲ့ ငါ-အဖေအိုကြီးဟာလဲပဲ အခုတော့-သားမိုက်တွေ အစွန့်ပစ်ခံရပြီဖြစ်၍ သူတပါးအိမ်ဂေဟာတွေမှာ တောင်းရမ်းစားနေရတယ်။ သည့်နောက်....

၄။ ဒဏ္ဍော ဝါ ကိရ မေ သေယျော၊
ယဉ္စေ ပုတ္တာ အနဿဝါ။
ခဏ္ဍမ္ပိ ဂေါဏံ ဝါရေပိ၊
အထော ခဏ္ဍမ္ပိ ကုက္ကုရံ။

ကိရ—သားမိုက်သားဆိုး၊ အကျိုးမလှ၊ တစ်မျိုးပြ ရသော်။ မေ—သားမိုက်တို့ဒဏ် ခံရအလို၊ ငါ-အဖေအို၏။ ဒဏ္ဍောဝ—မယိုင်မလဲ၊ မြဲဖို့အားပေး၊ တောင်ဝှေး သမုတ်၊လက်ကိုင်တုတ်သည်သာလျှင်။ သေယျော-ကိုယ်တည့်တံ့ဖွယ်၊ ကိုယ်ကာကွယ်ရေး၊ အားပေးတတ်စွာ၊ ထူးမြတ်လှပါပေ၏။ အနဿဝါ—အဖေ့အဆို၊ အလိုမလိုက်ကြကုန်သော။ ပုတ္တာ— အမိုက်အစား၊ငမိုက်သားတို့သည်။ ယဉ္စေသေယျော—ဆင်းရဲစေတတ်၊ အကြောင်းရပ်သာ၊ မကောင်းမြတ်သည်သာတည်း။ (သော ဒဏ္ဍောဝ)—မှီရာခိုရာ၊ ကာကွယ်မှုပေး၊ ထိုတောင်ဝှေးကသာလျှင်။ စဏ္ဍံ—ရိုင်းစိုင်းဟောင့်ရမ်း၊ ကြမ်းတမ်းလှစွာသော။ ဂေါဏမ္ပိ— အပြေးအလွှားလိုက်၊ နွားဆိုးနွားမိုက်ကိုလည်း။ ဝါရေတိ—မဝှေ့နိုင်ရေး တားမြစ်ပေးတတ်ပါပေ၏။ အထော—နွားဆိုးနွားကြမ်းနွားသရမ်းမှတစ်ပါး။ စဏ္ဍံ—အကိုက်သရမ်း၊ စရိုက်ကြမ်းလှစွာသော။ ကုက္ကုရမ္ပိ—အပြေးလိုက်ဟောင်၊ခွေးအမိုက်ကောင်ကိုလည်း။ ဝါရေတိ—မကိုက်နိုင်ရေး၊ တားမြစ်ပေးတတ်ပါပေသတည်း- လို့ သင်ပေးပြန်တယ်။

ဒါဟာလဲ ဘုရား သင်ပေးတဲ့ ဂါထာထဲက ဂါထာတစ်ပုဒ်ပဲ။ ''ငါ ကိုင်ထားတဲ့ တောင်ဝှေးက မြတ်သေးတယ်၊ ငါ့သားမိုက်တွေက မမြတ်ကြဘူး၊ဟောဒီ တောင်ဝှေးကမှ ဝှေ့(ခွေ့)ဖို့လိုလာတဲ့ နွားကိုလဲ တားမြစ်နိုင်တယ်။ ကိုက်မလို့လာတဲ့ ခွေးကိုလဲ တားမြစ်နိုင်သေးတယ်။''ဆိုပြီးတော့ ဘုရားပေးတဲ့ဂါထာ သူသင်ယူထားတယ်။ နောက်တစ်ဂါထာက—

၅။ အန္ဓကာရေ ပုရေ ဟောတိ၊
ဂမ္ဘီရေ ဂါဓမေဓတိ။
ဒဏ္ဍဿ အာနုဘာဝေန၊
ခလိတွာ ပတိဋ္ဌတိ။

အန္ဓကာရေ— ကန်းအောင်ပြုတတ်၊ အလင်းခွာတ်မပြောင်၊ ညအမှောင်မိုက်ထဲ၌။ ပုရေဟောတိ-ဘေးမရောက်ဖွယ်၊ ကာကွယ်ဖို့ရေး၊ ရှေ့ကနေပေးတတ်ပါပေ၏။ ဂမ္ဘီရေ—နက်ရာနိမ့်မြ၊ကျင်းချိုင့်ရေထဲ၌လည်း။ ဂါဓံ— မလဲမပြိုသာ၊ ထောက်တည်ရာကို။ ဧတိ—အေးချမ်းသာစေ၊ရခဲ့ပါပေ၏။ ဒဏ္ဍဿ—သားတို့ထက်တော်၊ ခေါ်ရှုဆိုရေး၊တုတ်တောင်ဝှေး၏။ အာနုဘာဝေန—အေးဖို့မှုထမ်း၊ သူ့အစွမ်းကြောင့်။ ခလိတွာ—အကြောင်းမသင့်၊ အခွင့်မသာဘဲ၊ ချော်လဲမလို့ဖြစ်ခဲ့သော်။ ပတိဋ္ဌတိ— မလဲခဲ့ရ၊မကျခဲ့ပြီ၊ ပြန်၍တည်ခဲ့ရပါပေသတည်း။

အဲဒီလို သားတွေမကောင်းပုံကို ဘုရားရှင်ကိုယ်တော်မြတ်က စာဖွဲ့သင်ပေးလိုက်တယ်။ သင်ပေးပြီး၊ တော့—

''ကဲ – ပုဏ္ဏားကြီး၊ ဒီဂါထာတွေကို တကယ့်သင့်သားတွေ ပါဝင်နေတဲ့ သဘင်ပွဲ၊အစည်းအဝေးပွဲ-ပုဏ္ဏားတွေ အစည်းအဝေးပွဲ ကြုံကြိုက်တဲ့ အခါမှာ ရွတ်ပေတော့-ဆိုပြီးတော့ သင်ပေးလိုက်တယ်။

## သဘင်ပွဲနဲ့ကြုံ

မကြာပါဘူး၊ သဘင်တစ်ခုနဲ့ကြုံတယ်၊ သူ့သားတွေက ခမ်းခမ်းနားနားဝတ်လို့စားလို့၊ ထည်ထည်ဝါဝါနဲ့၊ သဘင်အလယ်မှာ နေရာကောင်းတွေ ထိုင်လို့၊ သည့်ပြင် လူကြီးလူကောင်း ပဏ္ဍိတ်တွေလဲ အများကြီး။ ပုဏ္ဏားအစည်းအဝေးကြီး ကြုံရတယ်။

ကြုံရတော့ ပုဏ္ဏားကြီးက 'ဒါဟာ ငါ့အကွက်ပဲ၊ ဒါ ကြုံပြီ' ဆိုပြီးတော့ သဘင်ထဲ ဝင်သွားတယ်။ သဘင်အလယ်ရောက်တော့ 'ပဏ္ဍိတ်တို့၊ ငါဆိုမယ့် ဂါထာတွေကို နားထောင်လိုကြသလား' လို့ မေးလိုက်တယ်။ အားလုံး ပဏ္ဍိတ်ကြီးက ''နားထောင်

အမှားပြင်ဆင်ချက်။ ။စာမျက်နှာ (၂၁)၊ဖိုးထောင်(က၀)၏ ဧတဒဂ်ပုတီးစိတ် ကို ဧတဒဂ်ပုတီးစိပ်-ဟု ပြင်ဆင်ဖတ်ရှုရန်။

WWW.DHAMMARANSI.NET



ချင်ပါတယ်၊ ရွတ်ပါ'' ဆိုတော့ အဲ့ဒီတင် တစ်ခါတည်း ပုဏ္ဏားကြီးက ရွတ်မလို့ ကြည့်လိုက်တယ်။

## ပုဏ္ဏားကျင့်ဝတ်

အဲဒီအခါတုန်းက သူတို့ ပုဏ္ဏားတွေ ကျင့်ဝတ် တစ်ခု ရှိတယ်။ ''အကြင် ပုဂ္ဂိုလ်တို့ဟာ မိဘတို့ရဲ့ ပစ္စည်း ဥစ္စာတို့ကို စားသောက်ပြီး မိဘတို့ကို ပစ်ထားတယ်၊ အဲဒီ ပစ်ထားတဲ့ ပုဂ္ဂိုလ်ကို သတ်ကြစတမ်း'' ဆိုတဲ့ ကတိကဝတ် ပြုထားတာ ရှိသတဲ့။ ဒီလို ကတိကဝတ်က ရှိနေတော့ ပုဏ္ဏားကြီးက ဒီတွင် ဂါထာတွေ ရွတ်လိုက်တယ်။ ခုနက ဂါထာတွေပဲ။

## ခလုတ်ထိမှ အမိတ

ဒီလို ရွတ်လိုက်ရင်ပဲ တစ်ခါတည်း သားတွေ ဆောက်တည်ရာ မရတော့ဘူး၊ ခုနက ပြောတဲ့ ကတိကဝတ်က ရှိနေတာကိုး၊ မိဘ ပစ္စည်း စားပြီးတော့ မိဘ မလုပ်ကျွေးဘဲ ပုဂ္ဂိုလ်တွေကို သတ်ကြစတမ်းလို့ ကတိကဝတ် ပြုထားဘယ် မဟုတ်လား။

တစ်ခါတည်း သားတွေ အကုန် ဆင်းပြေးလာကာ အဖခြေရင်း ဝပ်စင်းပြီး တောင်းပန်ကြတော့တာပဲ။

''အဖေ၊ ကျွန်တော်တို့ကို သနားပါ၊ ကယ်ဆယ်ပါ၊ အသက်ပေးပါ''ပေါ့လေ။

## မိဘ မေတ္တာ

ဒီလို တောင်းပန်တော့ သားတွေ ဘယ်လောက်ဆိုးဆိုး၊ မိဘတွေရဲ့ စိတ်က အင်မတန် နူးညံ့တယ်၊ သား သမီး အပေါ်မှာ အင်မတန် နူးညံ့တယ်။ ပုဏ္ဏားကြီးက ခွင့်လွှတ်ရှာတယ်လေ။ ပုဏ္ဏားတွေကို ကမန်းကတမ်း လှမ်းပြောရှာတယ်။

''ငါ့သားတွေ မသိတာ ခွင့်လွှတ်ကြပါ၊ ငါ့သားတွေက ငါ့ ကို နောင် ကောင်းကောင်း စောင့်ရှောက်ကြပါလိမ့်မယ်၊ ကျွေးမွေးကြပါလိမ့်မယ်''ဆိုတော့....

## သတိပေး

အဲ့ဒီတွင် တစ်ခါတည်း ပရိသတ်တွေက၊ လူကြီး လူကောင်းတွေက သူတို့ကို 'နောင် ဒီလို မလုပ်ကြနဲ့၊ ဒီလို လုပ်ရင် အသတ်ခံရမယ်' လို့ ကြိမ်းမောင်းကြတယ်။ ဒီတော့လဲ သူတို့ အကြောက်သား၊ သိလား၊ ကြောက်လွန်းလို့....

အဖေကို တစ်ခါတည်း ကုလားထိုင်ပေါ် တင်၊ အိမ်ကို တစ်ခါတည်း ယူသွားကြတာပဲ။

အိမ်ကျတော့ သူ့ဘို့မယားတွေကို ခေါ်ပြီးတော့....

''ဒီနေ့က စ,ပြီး ငါတို့ အဖေကို ကောင်း ကောင်း ကျွေးကြ၊ မွေးကြ၊ ပြုစုကြ၊ စောင့်ရှောက်ကြ၊ မစောင့်ရှောက်ကြရင် နင်တို့ကို တစ်ခါတည်း နှင်ထုတ်မယ်'' ဆိုပြီးတော့၊ အဲဒီနေ့ကစ,ပြီးတော့ နောင်အခါ ပုဏ္ဏားကြီး ချမ်းသာသွားတယ်။ ကောင်းကောင်း စားရ၊ ကောင်းကောင်း အိပ်ရ၊ ကောင်းကောင်း နေရတော့ မကြာခင် ပုဏ္ဏားကြီး တသွေးတမွေးနဲ့ ရုပ် ပြောင်းသွားတယ်။

## ကျေးဇူးသိ

ဒီ လို ရုပ် ပြောင်း သွား တော့ ''ဩော်.... ဒါ ရှင်ဂေါတမ အမိန့်ပြီးတော့ ငါ ချမ်းသာ လာတာပဲ၊ ရှင်ဂေါတမကို ဆရာစား ငါ သွားဦး လှူဦးမှပဲ'' ဆိုပြီးတော့ အဝတ် တစ်စုံ ယူတဲ့ကာ ဘုရားရှင် ကိုယ်တော်မြတ်ထံ သွားတယ်။ ဘုရားထံ ရောက်တဲ့ အခါ ''ရှင်ဂေါတမ၊ တပည့်တော်တို့ဟာ ဆရာစား လှူဒါန်းလေ့ရှိပါကယ်၊ ဒီအဝတ်ကို ဆရာစားအဖြစ်ဖြင့် ရှင်ဂေါတမ လက်ခံပါ'' ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပုဏ္ဏားကြီးကို သနားသောအားဖြင့် လက်ခံတော်မူတယ်၊ အလှူခံတော်မူတယ်။

ဒါကြောင့် ပုဏ္ဏားကြီးက ''အခု တပည့်တော်မှာ ထမင်းပွဲ ၄ ပွဲ ရပါတယ်၊ သား ၄ ယောက် ထံ က ထမင်းဝတ် ၄ ဝတ် ရပါတယ်၊ ရှင်ဂေါတမကို ထမင်း ဝတ် တစ်ခု လှူပါ့မယ်'' ဆိုပြန်တော့ ဘုရားရှင် ကိုယ်တော်မြတ်က....

''ကြို ကြိုက်တဲ့အခါ လာမှာပေါ့၊ အလှူခံမှာပေါ့'' လို့ မိန့်ကြားပြီး နောက်တစ်နေ့ သားကြီးဆီ သွား၊ သားကြီးက ကောင်းကောင်းမွန်မွန် ဆက်ကပ် လှူဒါန်းတယ်။ နောက် ဒုတိယသား၊ နောက် တတိယ သား၊ နောက် စတုတ္ထ သားအိမ် သွား၊ အဲဒီလိုပဲ ကောင်းကောင်းမွန်မွန် လှူဒါန်းတယ်၊ ဆွမ်းကပ်လိုက်တာပဲ။

ဒီလိုနဲ့ တစ်နေ့ သားကြီးအိမ်မှာ မင်္ဂလာအတွက် ဆောင်ရွက်ဖွယ် ရှိလာတယ်။ ဒါနဲ့ အဖေကို မေးတယ်။ သားကြီးက....

WWW.DHAMMARANSI.NET



''အဖေ၊ ကျွန်တော့်အိမ်မှာ မင်္ဂလာကိစ္စ အတွက် ဆောင်ရွက်ဖွယ် ရှိနေတယ်၊ ဘယ်သူ့ပင့်ရမတုံး'' လို့ မေးတယ်။ ခါတိုင်းတော့ ပုဏ္ဏားတွေ ပင့်နေကျကိုး။ သည်တွင် သူက....

''ငါ သည့်ပြင်လူတွေ မသိဘူး၊ ရှင်ဂေါတမသာ သိတယ်၊ ရှင်ဂေါတမသာ ငါ့ မိတ်ဆွေ'' ဆိုတော့ သားကြီးကလဲ....

''ဒါဖြင့် အဖေ့ရဲ့ ဘုရားအမှူးရှိတဲ့ သံဃာ ငါးရာ ပင့်ပေးပါ'' ဆိုတော့ နောက်တစ်နေ့ ပင့်ပေးတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ကြွရောက် ဆွမ်း ဘုဉ်း ပေးတော်မူဘယ်။

အဲ....ဘုရားရှင် ဆွမ်းဘုဉ်းလို့ပြီးတော့ သူ့သား တွေက....

''အရှင်ဂေါတမ၊ တပည့်တော်တို့အဖေကို ကြည့် ပါဦး၊ ရှေးကနဲ့ မတူတော့ဘူး၊ အခု စိုစိုပြည်ပြည်နဲ့ ဝဝဖြိုးဖြိုးနဲ့၊ တင့်တင့်တယ်တယ်နဲ့ ဖြစ်နေပြီ'' လို့ ဆိုတော့....

သည်တွင် ဗုဒ္ဓဘုရားရှင်က....

''အေး ဟုတ်တာပေါ့၊ **သားသမီးဆိုတာ မိဘကို မမွေ့ရဘူး၊ စောင့်ရှောက်ကြရတယ်**'' ဟု မိန့် ပြီး ရှေးကလာတဲ့ **မိဘကိုလုပ်ကျွေးတဲ့ ဆင်ကြီးရဲ့** ဇာတ် ကြောင်းကို ပြန်ပြောင်းပြီး ဟောဘော်မူတဲ့ အခါမှာ သူတို့ တရားထူး ရကုန်ကြတယ်။

သူ့သားတွေက မိဘရဲ့ ဂုဏ်ကျေးဇူးကို မသိဘူး တော့ မဟုတ်ဘူး၊ နားမလည်ဘူးတော့ မဟုတ်ဘူး၊ သူတို့က ပညာတတ်တွေပဲ၊ သိုသော်လဲ စာတွေအနေ နဲ့ပဲ၊ ပစ္စည်းလောဘဝင်လာတဲ့အခါကျတော့ ကျေးဇူး တွေ မေ့ကုန်ပြီ၊ ခေတ်ခံက ညံ့တာကိုး။

ခေတ်ခံကောင်းတဲ့ အမျိုးသား၊ အမျိုးသမီး ဆိုရင် မိဘအပေါ်မှာ ဂုဏ်ကျေးဇူး သိကြပါတယ်၊ မမေ့ကြ ပါဘူး၊ ခေတ်ခံ ညံ့ရင် ခုနက ပြောသလို မေ့တယ်။ ခေတ်ခံညံ့တော့ လောဘဒဏ် မခံနိုင်ကြဘူး၊ လောဘ ဒဏ် မခံနိုင်ရင် မောဟက ဝင်လာတယ်။ မောဟ ဝင် လာရင် တရားပျက်ကုန်ရော။

ဒါကြောင့် ဂုဏ် ဆိုတာမျိုးဟာ ဂုဏ်ကို သိမှ ဂုဏ် ဖြစ်ဘယ်။ ဂုဏ်မသိတဲ့လူအဖို့ ဂုဏ် မဖြစ်ဘူး။ ဂုဏ် မဖြစ်တာကလဲ နဂိုက မသိတာလဲ ရှိတယ်၊ နဂိုကသိပေ မယ့် လောဘ (လိုချင်မှု) ဝင်လာလို့၊ ဒေါသ (အမျက်ထွက်မှု) ဝင်လာလို့ ဂုဏ်မသိတာလဲ ရှိတယ်။ ဒါကြောင့် ခေတ်ခံ ဆိုတာလဲ အရေးကြီးတယ်။

ခေတ်ခံကောင်းနေရင် ဘယ်လိုပဲ လောဘဖြစ်စရာ ကြုံရ ကြုံရ၊ မိဘကို ပစ်ပစ်ခါခါ မလုပ်နိုင်ဘူး။ အဲဒါ ကြောင့်မို့လို့ နဂိုခေတ်ခံ ဆိုတာက အင်မတန် အရေး ကြီးတာ။

ခေတ်ခံ မကောင်းပေမယ့် သူတော်ကောင်း တရား လေ့လာလို့ရှိရင်၊ ကြားနာလို့ ရှိရင်၊ နောက် အား ထုတ်လို့ ရှိရင် အဲဒီတရားကြောင့်လဲပဲ ဂုဏ်ကို ကောင်း ကောင်း သိနိုင်တယ်။ ဂုဏ်ကို မမေ့တော့ဘူး။

အဲ ဒါကြောင့်မို့ ဒီနှစ် နှစ်သစ်ကူးအခါသမယမှာ ဘုန်းကြီးတို့ အားလုံး ဂုဏ်ကို ဂုဏ်မှန်း သိပြီးတော့ ဂုဏ် ရှိအောင်၊ သီလ၊ သမာဓိ စသော ဂုဏ် တွေ ရှိအောင်၊ တိုးတက်အောင် ဂုဏ်တွေရဲ့ တန်ဖိုး သိပြီး တော့ ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

**သပြေကန် ဆရာတော်**



2A




WWW.DHAMMARANSI.NET

# နီပေါနိုင်ငံ
# သာကီဝင်မင်းမျိုးတို့လက်သို့
# မြန်မာနိုင်ငံမှ
# ထေရဝါဒ သာသနာ
# ပြန်လည်ပေးပို့ခြင်း

ဓမ္မာစရိယဦးဌေးလှိုင်

သီဟိုဠ်နိုင်ငံမှ ဆရာတော်အရှင်နာရဒ စသော မထေရ်ကြီးများလည်း အကြိမ်ကြိမ်ကြွရောက် ပံ့ပိုးတော်မူကြသည့်နည်းတူ ထိုင်းနိုင်ငံမှ ဥပသံဃရာဇာဖြစ်သော စုမ်ဒက်ဖရာ့ဉာဏသံဝရ မထေရ်ကြီးလည်း နီပေါ စာသင်သားများအား လက်ခံ သင်ကြားပေးနေသည့်အပြင် ၂၅-၁၁-၈၅ နေ့က နောက်ပါ တပည့်ရှင်လူများ ခြံရံလျက် လေယာဉ် စင်းလုံးဖြင့် နီပေါနိုင်ငံသို့ ကြွလာချီးမြှောက်တော်မူ၏။ ဆရာတော် သက်တော် ၇၂-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နီပေါ သာကီဝင်သူငယ် ၇၂ ယောက်တို့ကိုလည်း ရှင်သာမဏေ ပြုပေးတော်မူခဲ့သည်။ သာသနာနှင့် စပ်သော လိုအပ်သောအကြံဉာဏ် ပံ့ပိုးမှုများကိုလည်း ပေးတော်မူခဲ့၏။

ဗြိတိသျှခေတ်မှစ၍ မြန်မာတို့၏ ပံ့ပိုးမှုကား ပိုမိုများပြား၍ ထိရောက်မှုလည်း ရှိသည်ဟု ဆိုသော် ဆိုနိုင်ကောင်း၏။ နီပေါ စာသင်သားများ မြန်မာနိုင်ငံသို့ လာရောက်ခွင့် မရသောအချိန်မှာပင်

WWW.DHAMMARANSI.NET



ပဋိပတ္တိဘက်မှ အကူအညီများကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးပဏ္ဍိတာဘိဝံသ၊ ဦးသုန္ဒရာဘိဝံသ (ဘီအေ)တို့ နီပေါနိုင်ငံသို့ အကြိမ်ကြိမ် ကြွရောက်၍ တစ်နိုင်ငံလုံးသို့ လှည့်လည်ကာ သတိပဋ္ဌာန် ဝိပဿနာရှုနည်းများကို ရက်ရှည် ပြသပေးတော်မူကြသည်။

ဦးဉာဏပုဏ္ဏိက၊ ဦးသုမင်္ဂလ၊ ဦးအဿဃောသ၊ ဒေါ်သုဓမ္မဝတီ ဒေါ်မာဂဓိ၊ ဒေါ်မာဓဝိ၊ ဒေါ်ဥပ္ပလဝဏ်-စသော ရဟန်းတော်နှင့် သီလရှင်များသည် မြန်မာနိုင်ငံ၌ ပရိယတ္တိ သင်ယူပြီးနောက် မဟာစည် သာသနာ့ရိပ်သာ၌လည်း ဝိပဿနာတရားများအား ထုတ်သွားကြသဖြင့် တိုင်းသူပြည်သား (ရန်ကုန်သို့ မလာရောက်နိုင်သူများ) အားလည်း မိမိတို့ကဲ့သို့ ဝိပဿနာ အသိဉာဏ်များ ရရှိကြပါစေရန် ရည်ရွယ်လျက် မဟာစည် ဆရာတော်ဘုရားကြီးအား အကြိမ်ကြိမ် ပင့်လျှောက်ခဲ့ကြသည်။ လုမ္ဗိနီစီမံကိန်း ဥက္ကဋ္ဌ မစ္စတာလူဒါးဆန်စသော ပုဂ္ဂိုလ်များ က လည်း ပင့် လျှောက် ကြသဖြင့် ၁၃၄၂-ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်နေ့တွင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် နောက်ပါအဖွဲ့ဝင်များနှင့်အတူ နီပေါနိုင်ငံသို့ ကြွရောက်ချီးမြှောက်တော်မူ၏။

ဆရာတော် ဘု ရား ကြီး သည် မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်တော်၌ ၉ ရက် စခန်းဖွင့်ကာ တရား ပြ တော် မူ သည်။ အခြားမြို့ကြီးများသို့လည်း လှည့်လည်၍ တရားပြတော်မူရာ ပရိသတ် တစ်သောင်းခွဲအထိပင် ရှိလေသည်၊ (နီပေါနိုင်ငံ၌ ဟောကြားတော်မူခဲ့သော တရားများကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် သီးသန့် စာအုပ်ရိုက်နှိပ်ပြီးရှိ၏။) ငွေကြေးတတ်နိုင်သူများလည်း မဟာစည် သာသနရိပ်သာသို့ လာရောက် အား ထုတ် ကြ သည် မှာ အဆက်မပြတ်ပေ။

**ဗုဒ္ဓစာပေ သင်ချင်လွန်း၍**


နီပေါသာသနာဝင်တွင်ခေတ်ဦးပိုင်းက သက်စွန့်ဆံဖျား ကြိုးစားတော်မူခဲ့ကြသော အရှင် များကို ကြည်ညိုကြရသည့် နည်းတူ ဗုဒ္ဓစာပေသင်ချင်လွန်း၍ တောလမ်းကနိုးဝင် လာသော ၁၄-နှစ်သမီး နီပေါသူကလေးတစ်ဦး အကြောင်းကလည်း နီပေါနိုင်ငံသူ နိုင်ငံသားတို့၏စိတ်ဓာတ်နှင့် နီပေါသာသနာဝင်၌ မှတ်တိုင် တစ်ခုအဖြစ် တည်ရှိနေပေလိမ့်မည်။

သူ့နာမည်ကဂဏေသ၊ မြန်မာနိုင်ငံ၌စာပေ သင်ကြားသွားသော ဆရာတော်အရှင်သိဂ္ဂိဗုဒ္ဓဃောသ၏ တပည့်မလေး။ မဟာယာနမှ ထေရဝါဒ ဗုဒ္ဓဘာသာ ဖြစ်လာသည်မှာ တစ်နှစ်မျှသာ ရှိသေး၏။ အင်္ဂလိပ်ကျောင်းမှ ဘုန်းတော်ကြီးကျောင်းသို့ပြောင်း၍ မင်္ဂလသုတ် ပရိတ်ကြီး ဓမ္မပဒနှင့်ပါဠိဘာသာကို သင်ကြားလျက်ရှိ၏။ မိဘတို့မှာ ကဋ္ဌမဏ္ဍူနှင့် ၄-မိုင်မျှ ဝေး၍ ဒုတိယ မြို့တော်ဖြစ်သော လလိတ်ပူရ်ခေါ် ပါတန်မြို့မှ ဦးဟရသမာနနှင့် ဒေါ်ဟေရာထကူတို့ဖြစ်ကြသည်။ ကဋ္ဌမဏ္ဍူနှင့် ပါတန်၌ ပန်းကန် ခွက်ယောက်ကြေးထည်ဆိုင်များဖွင့်လှစ် ရောင်းချ၍အသက်မွေးကြသောနေဝါခေါ် သကျမျိုးများဖြစ်၏။

တစ်နှစ် အတွင်းမှာပင် ပါဠိဘာသာရေးတတ်ပြောတတ်စရှိလာခါမှ ဆရာဘုန်းကြီး ဦးဗုဒ္ဓဃောသသာသနာရေးကိစ္စဖြင့် ကုသိနာရုံသို့ ရက်ရှည် ကြွသွား၍ အားငယ်နေကြ၏။ ထိုအခိုက်ကုသိနာရုံမှမြန်မာဘုန်းတော်ကြီးဦးဓမ္မာဝုဓ၊ ပါတန်သို့ တရားဟောကြွလာ၍ တော်ပသေးသည်။ ဂဏေ သကုမာရီတို့စာသင်ရ၏၊ လူကြီးများ တရားနာရ၏။ သို့သော် ဘုန်းတော်ကြီးကားရက်ပိုင်းမျှသာ နေမည်ဖြစ်သည်။


ဘုန်းတော်ကြီးဦးဓမ္မာဝုဓသည် တစ်နေ့ဘွင် ပရိသတ် များအား တရား ဟောရာ 'ဇာတိပိ ဒုက္ခာ-ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ' စသော ဓမ္မစကြာ ပါဠိတော်လာ သစ္စာလေးပါးတရားကို ဟော၏။ နားလည်မလည် ပရိသတ်များအား ပြန်လှန် မေးခွန်း ထုတ်၍လည်း ဟောသည်။ ဒုက္ခသစ္စာအဓိပ္ပါယ်ကို ဖွင့်ဆိုဟောကြားပြီး။

'လောကမှာ ဘာအဆင်းရဲဆုံးလဲ'ဟု မေးခွန်းထုတ်ရာ မည်သူမျှ မဖြေကြ။ ထပ်၍မေးလျှင် ပရိသတ်အစွန်မှ အသံတစ်သံ ထွက်လာ၏။ ထိုအသံကကြောက်ရွံ့မှုမရှိ ရဲရင့်ပြတ်သား၏။



WWW.DHAMMARANSI.NET





လုမ္ဗိနီ ဥယျာဉ်တော် (ဗုဒ္ဓလောင်းလျာ ဖွားတော်မူရာ ဌာန)

'တပည့်တော်မတော့ ကိုယ်သင်ချင်တဲ့ဗုဒ္ဓစာပေကို မသင်ရတာ အဆင်းရဲဆုံး ပါပဲ ဘုရား' ဟု လျှောက်သံတစ်သံ။ အသံလာရာသို့ ပရိသတ်ကြီးက လှည့်ပြီးကြည့်ကြရာ လျှောက်ထားသူမှာ ၁၃-နှစ်သမီးကလေး ဂဏေသကုမာရီ။ ဘုန်းတော်ကြီးမှာ ခေတ္တမျှနေမည်ဟု ဆုံးဖြတ်ပြီး ကြွလာခဲ့သော်လည်းသက်ျသာကီဝင် ကလေးမကလေးများအား သနားလာကာ ၃-လမျှ ကြာသွား၏။ ဆရာဘုန်းကြီးလည်း ပြန်ကြွမလာသေး၊ အာဂန္တု ဘုန်းကြီးလည်း ကုသိနာရုံသို့ ပြန်ကြွသွားရာ နီပေါသူ ကလေး များ မျက်နှာငယ်နှင့် ကျန်ရစ်ခဲ့ကြရှာ၏။

'ဗုဒ္ဓစာပေ သင်ချင်ရင် မြန်မာနိုင်ငံက သီလရှင်ကျောင်းတိုက်ကြီးတွေကို ပို့ပေးမယ်' ဟူသော ဘုန်းတော်ကြီး၏စကားကိုမူ ဂဏေသကုမာရီက အသေ ကိုင်ထား၏။ စာမသင်ရသည့်နေ့ကစပြီးမိခင်အား တတွတ်တွတ်ပူဆာနေ၏။ အစ်ကိုနှစ်ယောက်မောင်နှစ်ယောက်ကြားတွင် မိန်းကလေး တစ်ယောက်သာရှိသူဖြစ်၍ မိခင်ကရော ဖခင်ကပါ မြန်မာပြည်သို့ စာသင် လွှတ်ရန်သဘော မတူနိုင်။ ငယ်သေး၏။ နေ့စဉ်နှင့်အမျှ တစာစာ ပြောနေသူ သမီး ငယ်အားကြာလာသောအခါ မိခင်ကြီးမှာ သနားရှိုပင် လာ၏။ 'အဖော်ကောင်းတဲ့အခါ ထည့်ပေးမှာပေါ့ သမီးရယ်' ဟု ပြီးစလွယ် နှစ်သိမ့် စကား ပြောလိုက်သောအခါ သမီးငယ်က။

'မနောဟရီဒေဝီ (၁၆-နှစ်)၊ သုဘာလက်ချမီ (၁၃-နှစ်) တို့လဲ လိုက်မယ်အမေ၊သူတို့အမေကဘုန်းဘုန်း ဦးဓမ္မာဝုဓနေတဲ့ ကုသိနာရုံ အထိ လိုက်ပို့မယ်တဲ့' ဟု ဝမ်းသာအားရ ပြော့လိုက်ရာ မိခင်ကြီးမှာ အချိန် မဆွဲသာတော့။ တစ်ခါတည်းဘုန်းတော်ကြီးထံအပ်စာရေးရတော့၏။ သို့သော် ဖခင်ကြီးက ဘယ်လိုမှသဘောမတူသည့်အတွက် သူ ကင္ဒမဏ္ဍူဆိုင် စာရင်းစစ်သွားတုန်း လွှတ်မှဖြစ်မည်။

၁၉၅၀-ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့ ဖခင်ကြီး ကင္ဒမဏ္ဍူသို့ ထွက်သွား၏။ ဂဏေသတို့နောက်တစ်ရက် ကားငှားပြီး အိန္ဒိယသို့ ထွက်ခဲ့ကြသည်။ မိခင်ကြီးမှာ နေ့ဖို့ညစာအတွက် အစ်ကိုငယ် တစ်ယောက်ကိုပါ ဆန်၊ ဆီ၊ စားနပ်ရိက္ခာထုပ် ထမ်းရန် ထည့်လိုက်ရသည်။ ကားပေါ်၌ သူငယ်ချင်းမသုံးဦး အူမြူးနေကြ၏။ သို့သော် ကားမှာကင္ဒမဏ္ဍူဘက်သို့ မောင်းပြီးမှ တောင်ကြားလမ်းခွဲမှ သွားရမည်ဖြစ်၍ ဦးစွာကင္ဒမဏ္ဍူဘက်သို့

WWW.DHAMMARANSI.NET



တောင်ကြားလမ်းမှဦးဇတည်မောင်းသွားကြရသည်။ မိုးက တစ်ဖွဲဖွဲရွာနေ၏။ ကားဘီးချော်မကျစေရန် သတိနှင့်မောင်းနေရစဉ် ကင္ဒမဏ္ဍုဘက်မှ ကားတစ်စီးက အပြင်းမောင်းနှင်လာရာ ကားချင်းတိုက်လုမတတ် ဖြစ်သွား၍ ကားသမားက ဆဲဆိုပြီး ကားရပ် ရန်တွေ့မည်လုပ်၏။ ပွတ်၍ ရှောင်သွားသောကားကလည်း ချက်ချင်း ထိုးရပ်ပြီး နောက်ဆုတ်လာသည်။ ရန်ပွဲ ဖြစ်နေလျှင် ကြာကြာနေမည်စိုး၍ ဒရိုင်ဘာအား တောင်းပန်ပြီး အမောင်းခိုင်းရသည်။

အရှိန်ပြင်းစွာ ဇောတိုက်မောင်းနှင်လာသောကားမှာ ဂဏေသ၏ဖခင်ကြီးကား ဖြစ်နေ၏။ ကင္ဒမဏ္ဍုဆိုင်တွင် ၂ ရက်၊ ၃ ရက်နေလေ့ရှိသော်လည်း ဒီတစ်ခေါက်တွင် သမီးငယ်အား စိတ်မချသဖြင့်တစ်ညအိပ်နှင့် ပြန်လာခြင်း ဖြစ်သည်။ ကားနှစ်စီး ရန်မဖြစ်ကြလို့တော်ပေသေးသည်။

တစ်နာရီခွဲ လောက် မောင်းမိလျှင် စန္ဒာဂိရိတောင်ခြေသို့ ရောက်ကြ၏။ ကားဆက်၍ မသွားနိုင်။ အထုပ်အပိုးများကို ကူလီ ငှား၍ သယ်ကြရ၏။ အိန္ဒိယဘက် ၁၅မိုင်သာ လိုတော့သည်။မိုးကရွာနေ၏။ တောင်ခြေလျှောတွင် ရွှံ့စေးများကပ်နေ၍ ခရီးမတွင်။ ဂဏေသ၏ အစ်ကိုလေးကား အထမ်း သမားများကို စောင့်ခေါ်ရင်း နောက်မှာကျန်ခဲ့၏။မိုးကရွာနေ၍ တောင်ခြေလျှောတွင် ရွှံ့စေးများကို ခြစ်ခွာနေရသည့်ကြားက ကျွတ်များကကိုက်၍ ခဏခဏရပ်ပြီး ဖြုတ်ချနေရသည်။


သစ်ပင်ကြီးအောက်တွင် ရပ်မိပါက လူနံ့ရသဖြင့် သစ်ပင်ပေါ်ရှိကျွတ်များက အထွေးလိုက် လူပေါ်ဖြုတ်ချကြ၏။ သူငယ်ချင်းမ ၃ ဦးမှာ စကားတစ်ပြောပြောနှင့် မမောနိုင်။ ရှေ့က တွင်တွင် ပြောသွား ကြ၍ မနောဟရတို့မိခင်မှာ မနည်းလိုက်နေရ၏။

နယ်ခြားဂိတ်သို့ ရောက်ကြ၏။ နေလည်းဝင်လုပြီ။ အထမ်းသမားများက ပေါ်မလာကြသေး။ ခဏမျှစောင့်သေး၏။ နေဝင်လျှင် အိန္ဒိယဘက်သို့ မဝင်ရ။ မလာနိုင်ကြသဖြင့် အိန္ဒိယမြေဘက်သို့ ကူးထားနှင့်ပြီး တစ်ဘက်က စောင့်မျှော် နေကြသည်။ ဂဏေသ၏ အစ်ကိုလေးနှင့် အထမ်းသမားများ ဂိတ်သို့ရောက်လာကြ၏။ဂိတ်တံခါးပိတ်လိုက်သည်ကို တွေ့ရသည်။ နေလည်းဝင်လေပြီ။ ဂဏေသ ရင်ထဲတွင် လှိုင်းခတ်သွား၏။ မနောဟရ မိခင်ကြီးက ဂိတ်နားသို့ တိုးသွား၏။ အရာရှိက ဂဏေသအစ်ကိုလေးအား စစ်ဆေးနေသံ ကြားရသည်။ နေဝင်သွား၍ သာ မထွက်ရသည်မဟုတ်။ ဂဏေသဖခင်ကြီးက ဂိတ်မှူးအား ဤပုံဤလူများ လာလျှင် ထွက်ခွင့်မပြုရန် ဖုန်းလှမ်းဆက်သောကြောင့် ဖြစ်သည်။ အဘွားကြီးသည် သမီးများ ဆီချက်ချင်း ပြန်လှည့်လာပြီး ပြောပြောဆိုဆို အထုပ်ကိုယ်စီ သယ်ကာ ဂိတ်ဘက်သို့ လက်ကိုဘစ်ချက်ဖွေ့ယမ်းပြပြီး ခရီးဆက်ကြလေ၏။

အိန္ဒိယနယ်ခြားဂိတ်နှင့် နှစ်မိုင်မျှဝေးသော ဘင်ဖရိမြို့သို့ လေးကန်သော ခြေများဖြင့် လာခဲ့ကြရာ ထိုမြို့၌ တစ်ည တည်းခိုပြီး နောက်တစ်ရက် ရထား၊ကားတို့ဖြင့် ကုသိနာရုံသို့ ရောက်ကြကည်။ဆရာဘုန်းကြီး ဦးဗုဒ္ဓဃောသနှင့် ဦးဓမ္မာဝုဓတို့ကို ဖူးတွေ့ လိုက်ရသော အခါလျှို့ဝှက်သည်းဖို စွန့်စားခန်း ခရီးပန်းသည်ကိုပင် မေ့ပျောက်သွားကြ၏။ ကုသိနာချုံဆရာတော်ဘုရားကြီးကလည်း ကောင်းစွာ ပေး၍ကျွေးမွေး စောင့်ရှောက် ထားရာအိမ်ကျန်ရစ်သောဖခင်ကြီး စိတ်ဆိုးစိတ်ဆင်းရဲသလောက် ဂဏေသတို့သူငယ်ချင်းမ သုံးယောက်မှာ ပျော်မဆုံးကြတော့ပေ။ အိန္ဒိယ ရောက်လျှင်မကြာမီမြန်မာပြည်ပြန်ရောက်ပြီး ဗုဒ္ဓကျမ်းစာများသင်ရတော့ မည်ဟု အကျေနပ်ကြီး ကျေနပ် နေကြ၏။

မနောဟရဒေဝီ တို့၏ မိခင်ကြီးအား ဂဏေသကုမာရီ၏မိခင် အပ်နံစာနှင့်အတူသမီးများအား မြန်မာပြည်သို့ အမြန်ဆုံး ပို့ပေး ပါရန်လျှောက်ထားအပ်နှံပြီး တစ်ပတ်ခန့်အကြာတွင် နီပေါသို့ပြန်သွားသည်။ ဦးဓမ္မာဝုဓသည် နိုင်ငံကူးလက်မှတ်လုပ်ရင်း တစ်ဘက်က မော်လမြိုင်မြို့နာမည်ကြီး ခေမာရာမ သီလရှင်တိုက်အုပ်ဆရာကြီး ဒေါ်ပညာစာရီထံ စာရေးအကြောင်းကြား၏။ ဗုဒ္ဓစာပေများလက်ခံသင်ကြားပေးမည်ဟု ပြန်စာရသဖြင့် ဂဏေသတို့ဝမ်းမြောက် နေကြ၏။ သို့သော်နိုင်ငံကူး လက်မှတ်ကား မလွယ်။ မိဘအုပ်ထိန်းသူလည်းမပါ။အရွယ်ရောက်သေးသူများလည်း မဟုတ်ဟုဆိုကာ နိုင်ငံကူး လက်မှတ် မှာအခက် တွေ့နေ၏။ ရသည့် တိုင်အောင် အဆင့်ဆင့် လုပ်ရဦးမည်။ ကုသိနာရုံမှာပင် စောင့်ရင်း စောင့်ရင်း ၇-လကြာသွားသည်။ ဦးဓမ္မာဝုဓကား မလျော့သေး။ ကာလကြာသွားပြီး ကောင်စစ်ဝန်နှင့်တွေ့ဆုံ၍ အကျိုးအကြောင်းပြောပြ

စာမျက်နှာ ၅၇ သို့



# အတိတ်က မြန်မာမှု

## မိသားစုကိုးကွယ်သည့် ရှေးဘုရားဆောင်

- လွန်ခဲ့သော နှစ်ပေါင်း (၉၀) ဝန်းကျင်က ခေတ်စားခဲ့သော ဘုရားဆောင် ပုံစံတစ်မျိုး ဖြစ်ပါသည်။
- မူလဘီရိုပုံစံတွင် ပန်းပု အမွှမ်းအပြောက်များဖြင့်တန်ဆာဆင်ထားသည်။
- မှန်နှ၊ ကျောက်စီ၊ သားရိုးပန်း၊ ပန်းပုပန်းနှင့် ရွှေပြည့်ချကာ အတွင်းမှ ပလ္လင်ဥကင်တံကဲ ဆင်းတုတော်ဉာဏ်တော် အနေအထားပါ လိုက်လျောညီထွေ တင့်တယ်သပ္ပာယ်လှပေသည်။
- ကိုးကွယ်ပူဇော်ရာ ဘုရားဆောင် ဆင်ပြင် ထားသိုမှုမ်းမံကြရာတွင် မြန်မာမှု အနုပညာဖြင့် ထားသိုတတ်ခြင်းသည် ကောင်းလေစွ။

(သုံးခွမြို့ ဇရဿရကျေးရွာ မိဘဖြစ်သူ ဦးဘစိန်-ဒေါ်စိန်နုတို့ ယနေ့တိုင် ပူဇော်လျက်ရှိသော ဘုရားကျောင်းဆောင်ပုံကို သား ကိုမြင့်စိုး၊ မြင့်မြင့်စိန် ၄၇၅၊ ၁၃-လမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာမှ ပေးပို့၍ ကျေးဇူးတင်ပါသည်။)

မောင်အေးမြင့် [မြန်မာ့ရိုးရာဒီဇိုင်း]

WWW.DHAMMARANSI.NET



# နတ်ဆက်သောသရက်သီး

အရှင်ဇဝန (မြစေတီ)

၁၃၅၁-ခု၊ တန်ဆောင်မုန်းလအတွင်း မဲဇာနယ်တွင် ထူးဆန်းသောအကြောင်းအရာတစ်ရပ်ပေါ်ပေါက်လာသဖြင့် အကျော်တစောသတင်း ပြန့်နှံ့သွားခဲ့၏။

ဝန်းသိုမှ သတင်းရသဖြင့် အဖြစ်မှန်သိရှိရန်အခြေခံဖြစ်သည့် မဲဇာခုနစ်ရွာနယ် ဥသျှစ်ကုန်းကျောင်းသို့ခရီးစသင်တိုက်မှ စာချဘုန်းကြီး ဦးဇုန္နာစာရနှင့်အတူ သွားခဲ့သည်။

အကြောင်းစုံကိုဆရာတော်အား မေးလျှောက်ရ၏။ ဆရာတော်မှာ သက်တော် (၆၇)၊ သိက္ခာတော် (၃၀)ရ ဦးကေသရဖြစ်သည်။ ဥသျှစ်ကုန်းကျောင်းသစ် ဆောက်လုပ်ရန်အတွက် ကျောင်း၏ အရှေ့တောင်ခြံစပ်တွင်ရှိသော တောစကားဝါပင်ကြီးကို သစ်ခုတ်ရာမှ အရင်းခံခဲ့သည်။

၁၃၅၀-ခု၊ တပေါင်းလတွင် နှစ်ခွဆိုင် ပေါက်နေသော လူတစ်ဘက်သာသာရှိ စကားဝါပင် တစ်ပင်ကို ပျဉ်ခွဲရန်အတွက် ခုတ်လှဲလိုက်၏။ ထိုအချိန်မှစ၍ ဆရာတော်၏ ကျန်းမာရေး ချွတ်ယွင်းလာခဲ့သည်။ မကြာမတင်နောက်ကျန်တစ်ပင်ကို ခုတ်လှဲပြန်၏။ဆရာတော်၏ကျန်းမာရေး တစတစ ဆိုးရွားလာသည်။

မုဆိုးဘဝမှ ကျွတ်၍ ကျောင်းတွင် သက်န်းဝတ်နေသော ဦးပဥ္စင်းကြီး ဦးဇုန္နာသီရိအား သစ်ပင်စောင့်နတ်က ''မိမိနေထိုင်ရန် နေရာ မရှိတော့သဖြင့် မိမိဆင်းရဲသကဲ့သို့ ဆရာတော်လည်းဆင်းရဲနေရကြောင်း'' အိပ်မက်ပေးသွား၏။

ၚင်းဦးပဥ္စင်းကြီးလည်း မိမိစကား သူတစ်ပါးအရေးထားမည်မဟုတ်ဟု ထင်မြင်၍ အိပ်မက်အကြောင်း တစ်ခွန်းမှမဟခဲ့။ ဆရာတော်၏ ကျန်းမာရေးအတွက် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက် တနင်းလာနေ့တွင်ခရမ်းစပ်ကုန်းရွာသို့ကြွရ၏။ သမားဟူးရားတို့နှင့်တိုင်ပင်၍ ယတြာချေ ဆေးကုရန် ရည်ရွယ်ကြ၏။

တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် သောကြာနေ့ညတွင် သစ်ပုလွင်ရွာမှ ဆရာကြီး ဦးအေးကျော်အား ''ဆရာတော် ခရမ်းစပ်ကုန်းတွင် ယတြာ ချေမည်မဟုတ်ကြောင်း၊ဥသျှစ်ကုန်းကျောင်းသို့ပင် ပြန်ကြွလာမည်ဖြစ်ကြောင်း၊ မိမိနေထိုင်ရန်နေရာ ဘဏ္ဍာစားစိုက်ပေးလျှင် ဆရာတော်၏ ကျန်းမာရေးပြန်ကောင်း လာမည်ဖြစ်ကြောင်း အိပ်မက်ပေးပြန်သည်။



နတ်ဆက်သရက်သီး တွေ့ရာနေရာ



ဆရာတော်အား ဆက်ကပ်နေပုံ

၁၃၅၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉) ရက်အင်္ဂါနေ့ နံနက် ၇-နာရီခွဲတွင် ဘုရားရှင်အား ရေ မီး ဆွမ်း ပန်း သက်စေ့လှူ၍ ယတြာချေ၏။ ခုတ်လှဲသောသစ်ပင်အနီးတွင် ပိတောက်ပင်တစ်ပင်ကိုစိုက်၍ ရွှေကွမ်းစိုးနတ်အား တိုင်တည် နေရာပေးလိုက်၏။

ထိုနေ့ညနေ ၅နာရီတွင် ကျောင်းသားရွယ်ရှိ ကလေးငယ်တစ်ယောက် ထိုဘဏ္ဍာစားပေး စိုက်ထားသည့် ပိတောက်ပင်အနီး ပဲစားဥပင်များကို တူးဆွနေသည်ကို ဦးဇွန္တာသီရိမြင်လိုက်ရသည်။

ဆွမ်းတော်မျှပင်မတင်ရသေးသော ပဲစားဥကို မတူးရန် ပြောမည်ဟု ကျောင်းမှဆင်းခဲ့ရာ ကိုက် ၂၀ခန့်ကွာ ကျောင်း ပန္နက်ငုတ်ကို တိုက်မိ၍ ငုံ့ကြည့်လိုက်စဉ် ကလေးငယ်ပျောက်ကွယ်သွား၏။

ကလေးငယ်ကို မမြင်တော့သဖြင့် အနီးရှိ ထင်းခြောက်ကိုထမ်း၍ မီးဖိုသို့လာပို့သည်။ မီးဖိုမှ ပြန်ကြည့်လိုက်လျှင် ထိုကလေးငယ်ကိုမြင်ရပြန်၏။ တစ်ဖန် လာခဲ့ရာ ကိုက် ၂၀-ခန့်အကွာတွင် မျက်စိတမှိတ်အတွင်း ၌ပင် ပျောက်ကွယ် သွားပြန်သည်။ ထိုကလေးငယ် ထိုင်နေသောနေရာကိုလိုက်လံကြည့်ရှုရာ မြေကြီး တူးဆွရာလည်းမရှိ။ ပဲစားနွယ်တစ်ပင်မျှ ကျိုးပဲ့သည်ကိုမတွေ့ရပေ။

ပိတောက်ပင်ကိုကြည့်ရာ နှစ်ပေခန့် အကွာတွင် လုံးပတ် (၇) လက်မ၊ အရှည် (၃) လက်မရှိဝင်းမှည့်နေသော သရက်သီးတစ်လုံးကိုတွေ့ရသည်။

ထိုဒေသတွင် သရက်သီးမှည့် နောက်ဆုံး မြင်တွေ့နိုင်ချိန်မှာ ဝါဆိုလအတွင်း၌သာ ဖြစ်နိုင်၏။ ထို့ကြောင့် သရက်သီးမှာ အကာလ (အခါမဲ့) သရက်သီးဖြစ်၏။ သရက်ပင်မှ လက်ကျန်သရက်သီး ကြွေကျသည်ဆိုရန်လည်း အနီးတွင် သရက်တစ်ပင်မျှမရှိ။ သရက်သီး ရရှိသောနေရာမှာ တောင်စောင်းဖြစ်၍ တောင်ပေါ်တွင်လည်း သရက်ပင်တစ်ပင်မျှမရှိ။ သရက်သီးမှာလည်း အမျိုးအမည်ခွဲမရသည့်ပြင် ဒေသတွင်ရှိသည့်သရက်သီးများနှင့်လည်းလုံးဝမတူ အနံ့မှာလည်း ပိုမို မွှေးကြိုင်လှသည်ဆိုသည်။

ထိုနေ့ညတွင် ဦးဇွန္တာသီရိအား ''ငင်းသရက်သီးကို ဆယ်စိပ်စိပ် ၍ သုံးကြိမ်တိုင်ဘုရားလှူပါရန်၊ ငါးစိပ်ကို ဆရာတော်အား ကပ်ပေးပါရန် အိပ်မက် ပေးသွား၏။ သရက်သီးမှာထူးခြားလွန်းသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှလူအများ လာရောက်ကြည့်ရှုကြသည်။ ဓာတ်ပုံမှတ်တမ်းလည်း တင်ထားကြသည်။

သရက်သီးကို (၇) ရက်တိုင်ပြသထားသော်လည်း မပုပ်သည့်ပြင် အရောင်အဆင်းမျှပင်မပျက်၊ ကိုင်ကြည့်ကြရာမှလွတ်ကျ၍ ကွဲအက်သည်မှအပ အရသာလည်း မပျက်ဟုဆိုသည်။


အိပ်မက်အတိုင်း (၇) ရက်စေ့လျှင် ဆယ်စိပ်စိပ်ပြီး ငါးစိပ်ကို ဘုရားလှူ၊ ငါးစိပ်ကိုဆရာတော်အား ဆက်ကပ်ကြသည်။ သရက်သီးမှာ ဒေသရှိ သရက်သီးများကဲ့သို့ အသားမျှင်များလည်းမရှိ လိမ္မော်ရောင် အသားရှိပြီး ချိုမြသောအရသာရှိသည်ဆိုသည်။

သရက်သီးဘုဉ်းပေးပြီးချိန်မှစ၍ မည်သည့် ဆေးဝါးမျှ မစားရဘဲ ဆရာတော်မှာ တစ်စတစ်စ ကျန်းမာလာသည်။

အရှင်ဇဝန (မြစေတီ)

# မစ္ဆရိယအကြောင်း

မိုးမြင့်(အောင်လံ)



'မနာစိတ်ရှိသူကို မစ္ဆရိယစိတ်ရှိသူ'ဟု အချို့က လွဲမှားစွာပြောဆိုတတ်ကြ၏။ အမှန်စင်စစ် မစ္ဆရိယ ဟူသည်ဝန်တိုခြင်းဖြစ်သည်။ သို့သော်လည်းမစ္ဆရိယ ကို ဣဿာနှင့် မှားယွင်း သုံးနှုန်းမိကြ၏။ အဘိဓမ္မာ အားဖြင့် စိတ်ကို မကောင်းအောင် ခြယ်လှယ်နေ သော စေတသိက်(၁၄)ပါးတွင် တစ်ပါး အပါ အဝင်ဖြစ်သည့် ဣဿာမှာ မနာလိုခြင်းသာ ဖြစ် ပေသည်။ သူတစ်ပါး ကောင်းစားခြင်းကို ဝမ်း မသာနိုင်ဘဲ အမနာပ အတင်းအဖျင်း ပြောဆိုကာ နစ်နာ ပျက်စီးစေအောင် ကြံစည်တတ်ခြင်း သဘော ဖြစ်၏။ ဝန်တိုခြင်းဟူသော မစ္ဆရိယသည်ကား အောက်ပါအတိုင်း ငါးမျိုးငါးပါး ရှိပေသည်။

၁။ မိမိ နေရာ ထိုင်ရာ နေရာဒေသ တွင် သူ တစ် ပါးတို့အား မနေစေလိုခြင်း။ (အာဝါသ မစ္ဆရိယ)

၂။ မိမိနှင့် စပ်သော မိတ်ဆွေ အချေအရံ အပေါင်းအသင်းတို့ကို သူတစ်ပါးနှင့် မစပ် ဆိုင်၊ မဆက်ဆံလိုခြင်း။ (ကုလမစ္ဆရိယ)

၃။ မိမိ၏ ဥစ္စာပစ္စည်းဖြစ်စေ၊ တစ်ပါးသူ၏ ဥစ္စာပစ္စည်း ဖြစ်စေ လာဘ်လာဘတို့ကို မိမိ

WWW.DHAMMARANSI.NET



သာ ရလို၍ သူတစ်ပါးတို့အား မရစေလို ခြင်း (လာဘမစ္ဆရိယ)

၄။ မိမိ တတ်သိထားသော အတတ်ပညာ၊ စာပေကျမ်းဂန်၊ တရားဓမ္မ ဗဟုသုတ တို့ကို သူတစ်ပါး တတ်သိ နားလည်သွားမည် စိုးသဖြင့် ဖုံးကွယ် ထိန်ချန် လျှို့ဝှက်ထားခြင်း၊ မတတ်သိစေလိုခြင်း။ (ဓမ္မမစ္ဆရိယ)

၅။ မိမိထက် ရုပ်အဆင်းလှပမည်၊ ဂုဏ်သတင်း ကျော်ကြားမည် စသည့် မိမိမှာ ပြည့်စုံသော ဂုဏ်တို့ကို သူတစ်ပါးအား မပြည့်စုံစေလိုခြင်း။ (ဝဏ္ဏမစ္ဆရိယ)

(ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ စတုတ္ထတွဲ၊ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ စာမျက်နှာ ၄၆၃)

ဖော်ပြပါ မစ္ဆရိယ စိတ်ထားနှင့် ပတ်သက်၍ ဘုရားရှင် လက်ထက်တော်က လောသကတိဿ မထေရ်၏အဖြစ်အပျက်မှာ ထင်ရှားသောသာဓက ဖြစ်၏။

လောသကတိဿ မထေရ်၏ ဝယ်စဉ်ဘဝမှာ လွန်စွာ ပင်ပန်းဆင်းရဲလှ၏။ မိခင်၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေ တည်နေချိန်မှစ၍ ထိုရွာမှာ မင်းပြစ်မင်းဒဏ် ခုနစ်ကြိမ် ခံရပြီး မီးကြီး ခုနစ်ကြိမ် လောင်လေသည်။ တစ်ရွာလုံး ငတ်မွတ်ခေါင်းပါးလှ၍ သူယုတ်မာကို မဲချ ရှာဖွေရာ ပဋိသန္ဓေတည်နေသော လောသကတိဿ မထေရ်လောင်း၏ အိမ်ကို မဲကျသဖြင့် ရွာမှ နှင်ထုတ်ခြင်း ခံရလေ၏။ မွေးဖွားပြီး နောက်တွင်လည်း မိဘတို့မှာ အလွန်တရာ ပင်ပန်းဆင်းရဲလှ၍ ငြိုငြင်စွာ အသက်မွေးကြရ၏။ နောက်ဆုံး၌ ကိုယ့်မခါ အမိသော်လဲ သားတော်ခဲဆိုဘိသို့ သားငယ်အား ခွက်စွဲကာ တောင်းရမ်းစားသောက်စေပြီး ဝမ်းနည်း ကြေကွဲစွာဖြင့် စွန့်ခွာ ထွက်ပြေးကြလေ၏။

ဤသို့ အားဖြင့် လှည့်လည် တောင်းခံလျက် မဝရေစာ စားသောက်ရင်း အသက်ခုနစ်နှစ်အရွယ်သို့ရောက်လာခဲ့သည်။ တစ်နေ့သောနံနက်ခင်းတွင်မူ အရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည်၌ ဆွမ်းခံကြွစဉ် ထို သူငယ်ကို တွေ့ရ၏။ အိမ်တစ်အိမ်မှ ထမင်းအိုးကို ရေဆေး၍ သွန်ပစ်လိုက်သည့် ထမင်းလုံးများကို ကျီးငှက် တိရစ္ဆာန်တို့ကဲ့သို့ တစ်လုံးစီ ကောက်ယူ စားသောက် နေရရှာသော အဖြစ်ကို တွေ့မြင်ရသဖြင့် သနား ကရုဏာ ဖြစ်ကာ ခေါ်ယူလာပြီး ရှင်သာမဏေ ပြုပေးလိုက်လေ၏။

အသက် နှစ်ဆယ်ပြည့်သောအခါ၌ ပဉ္စင်းတက်ပေးသည်။ ရဟန်းဘဝဖြင့် ဝိပဿနာတရား ပွားများရာ အရဟတ္တဖိုလ်၌ တည်နေသော်ငြားလည်း ဘုန်းတန်ခိုး မရှိချေ။ လာဘ်လာဘ ခေါင်းပါးလှပြီး အာဟာရကို ဝမ်းပြည့်အောင် တစ်ကြိမ်တစ်ခါမျှ မစားရဘဲ အသက် မသေရုံသာ စားနေရ၏။

မကြာမီ လောသကတိဿထေရ် ပရိနိဗ္ဗာန် ပြုရမည့် နေ့သို့ ဆိုက်ရောက်လာသည်ကို အရှင်သာရိပုတ္တရာ မထေရ် သိမြင်တော်မူ၍ ထို မထေရ်အား အာဟာရ ဝလင်စွာ ဘုဉ်းပေး သုံးဆောင်သွားရစေခြင်းငှာ ကြံအုံ့ဟု လောသကတိဿ မထေရ်နှင့် အတူ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံ ကြွလေသည်။

သို့သော် ဆွမ်းရဖို့ မဆိုထားဘိ။ လူတို့၏ ရှိခိုးဖူးမြော်ခြင်းကိုပင် မခံရသဖြင့် လောသကတိဿ ထေရ်အား ဆွမ်းစား ဇရပ်သို့ ပြန်၍ စောင့်နေခိုင်းပြီး တစ်ပါးတည်းဆွမ်းခံ၍ရသော ဆွမ်းဘောဇဉ် ခဲဘွယ်တို့ကို အလျှပယ်ပြည့်လျှအောင် လောင်းလှူခြင်း ခံရလေ၏။ ထို ဆွမ်းဘောဇဉ် ခဲဘွယ်တို့ကို လောသကတိဿထံ လူလွှတ်၍ ပေးပို့စေလိုက်သော်လည်း အပို့သွားသူတို့သည် လောသကတိဿ မထေရ်ကို မတွေ့မမြင် ကြရချေ။



ရှင်သာရိပုတ္တရာ ကျောင်းသို့ ပြန်ရောက်၍ မေးမြန်းလေသော် ဆွမ်းအာဟာရ မရသေးကြောင်း သိမှု၏။ မွန်းလွဲပြီဖြစ်၍ စတုမဓူတို့ကို ကောသလမင်းကြီးထံ ကိုယ်တိုင် ကြွရောက် အလှူခံပြီး သပိတ်ကို ကိုယ်တိုင် ကိုင်လျက် လောသကတိဿထေရ်အား ကျွေးမှ ဝလင်စွာ ဘုဉ်းပေးရတော့၏။

ဘုဉ်းပေးပြီးနောက် လောသကတိဿထေရ်လည်း ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူ၍ အလောင်းကို သဂြိုဟ်ပြီးလျှင် ဓာတ်တော်တို့ကို စေတီတည်စေ၏။ ဤအကြောင်းကို တရားသဘင် အစည်းအဝေး၌ ရဟန်း အချင်းချင်း ဝေဖန် ဆွေးနွေးနေကြရာ မြတ်စွာဘုရားသခင် ကြားသိ မေးမြန်းလေပြီးလျှင် လောသကတိဿမထေရ်၏ အတိတ်အကြောင်းကို ဟောကြားတော်မူလေ၏။

၎င်း၏ အတိတ်ဇာတ်ကြောင်းမှာ ဤသို့ ဖြစ်၏၊ ကဿပ မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါက လောသကတိဿ ရဟန်းသည် ရွာတစ်ရွာ၌ သူကြွယ်တစ်ယောက် ကျောင်းဆောက် လှူဒါန်း ကိုးကွယ်ထားခြင်းကို ခံရလျက် ကမ္မဋ္ဌာန်း တရားတို့ကို ကြိုးစား အားထုတ် နေလေ၏။

တစ်ခါသော် ဟိမဝန္တာမှ ရဟန္တာ တစ်ပါးသည် ထိုရွာသို့ ကြွလာသဖြင့် သူကြွယ်သည်လည်း ကြည်ညိုစွာဆွမ်းကပ်လှူပြီး မိမိလှူဒါန်းခဲ့သော လောသကတိဿ ရဟန်း သီတင်း သုံးရာ ကျောင်းသခ်မ်းသို့ ပင့်ဆောင်၍သီတင်းသုံးစေ၏။ညချမ်းသို့ ရောက်သော် ဆိမ်းပူဇော်၍ တရားနာပြီးလျှင် နံနက်တွင် ဆွမ်း ဘုဉ်းပေးရန် (အာဝါသိက) ကျောင်းနေ ရဟန်းနှင့် (အာဂန္တုက) ဧည့်သည် ရဟန်းတို့ကိုပါ ပင့်ဖိတ်ခဲ့လေ၏။

သူကြွယ် ပြန်သွားသောအခါ၊ ကျောင်းနေ ရဟန်း (လောသကတိဿ) သည်၊ ဧည့်သည်ရဟန်းကို ပင့်ဖိတ်ခြင်းအတွက် ဝန်တိုသော မစ္ဆရိယစိတ်၊ ထိုဧည့်သည် ရဟန်း၌ ဆွမ်း အာဟာရ ပြည့်စုံမည်ကို မနာလိုသော ဣဿာစေတနာတို့ဖြင့် တအုံနွေးနွေး ဖြစ်နေတော့၏။

သို့ဖြင့် နံနက်စောစော ဆွမ်း ဖိတ်ထားသော သူကြွယ်အိမ်သို့ ကြွခါနီး၌ ကျောင်းနေ ရဟန်းဖြစ်သော လောသကတိဿ ရဟန်းသည် (မုသား လွတ်ရုံမျှသာ) ကျောက်စည်ကို လည်းကောင်း၊ တံခါးကို လည်းကောင်း ဖြည်းညင်းစွာ တီးခေါက်၍ သူကြွယ် အိမ်သို့ တစ်ပါးတည်း ကြွသွား၏။ သူကြွယ်က မေးမြန်းသည့်အခါ နှိုး၍ မရသောကြောင့် ထားခဲ့သည်ဟု ပြောဆို၏၊ စားကောင်း သောက်ဖွယ်တို့ကို မှီဝဲ သုံးဆောင်ရသဖြင့် စည်းစိမ် ယစ်၍ အိပ်စက် လွန်ကျူး နေလေဟန် ပြောဆိုလေ၏။

ကျောင်း၌ ကျန်ရစ်ခဲ့သော ရဟန္တာအရှင်မြတ်မှာ ထိုရဟန်း၏ စိတ်အကြံကို သိသဖြင့် သပိတ်

WWW.DHAMMARANSI.NET



သက်န်းတို့ကို ဆောင်ယူပြီးကောင်းကင်ခရီးမှ ပျံ၍ ဖြင့် ကြွသွားနှင့် လေသည်။ သူကြွယ် သည်ကား ကြွခရောက်လာသော လောသကတိဿ ရဟန်း တစ်ပါးတည်းကိုသာ ဆွမ်းကျွေး လှူဒါန်း ပြီးလျှင် ညှိသည်ရဟန်းအား ကပ်လှူရန် မှာကြားလျက် မွှန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို သပိတ်၌ ထည့်ပေးလိုက်၏။ လောသကတိဿရဟန်းမှာ မစ္ဆရိယ စိတ်ရှိသည်ဖြစ်၍ ယင်းဘောဇဉ်တို့ကို လမ်း၌ တွေ့ရသော မီးပုံ တစ်ခုတွင် သွန်ပစ် ခဲ့လေသည်။ ကျောင်းသို့ ရောက်၍ ညှိသည်ရဟန်းကို မတွေ့ မမြင်ရသောအခါမှ နောင်တရလျက် စိတ်နှလုံး မချမ်း မသာ ဖြစ်ရလေ၏။ မကြာမီ သေလွန်သော် ငရဲ၌ ဖြစ်ရ၏။ ငရဲ၌ နှစ်ပေါင်း များစွာ ခံခဲ့ရပြီးနောက်တွင်လည်း ဘီလူးဘဝ၊ ခွေးဘဝ တို့၌ ကျင်လည်ခဲ့ရ၏။ ဤသို့ဖြင့် လောဘ၊ မစ္ဆရိယ၊ မနာလို ဝန်တိုသော စေတနာ အကြော [illegible] ကြောင့် ဘဝပေါင်း များစွာ၌ မကောင်းကျိုး ခံစား ကျင်လည်ခဲ့ရ ရှာလေသည်ဟု မြတ်စွာဘုရား သခင်က ဟောကြားတော် မူခဲ့ပေ၏။

(ဓမ္မသင်္ဂဟပါဠိတော်မှ)

မျိုးမြင့်(အောင်လံ)


◉ စွမ်းအင်သတ္တိ ◉

ချောင်းဆိုး•ရင်ကြပ်•ခံတွင်းပျက်
လေထိုး•လေအောင့်•လည်ချောင်းနာ
အသံဝင်•သလိပ်ကပ်စသော
ရောဂါများနှင့်၊အထူးသဖြင့် ပန်းနာရှိသူများ
တာရှည်စွာသုံးစွဲသွားပါက
ဒိဋ္ဌမ္မ အမြစ်ပြတ်ပျောက်ကင်းကြောင်း
ဆေးကသက်သေခံပါလိမ့်မည်။
ရေလဲသုံးရန်မလိုပါ
ကလေးများအတွက် တကြိမ်လျှင်
၃ ရွေးခန့်တိုက်ကျွေးရန်ဖြစ်ပါသည်။


နက္ခတ္တဗေဒနှင့်အညီဖေါ်စပ်ထားသော
ဆရာကျော်လှိုင်၏



REGD.

ပင်ရင်း
မိန်းမလှကျွန်းလှရိပ်မြုံ
အမှတ်၁၁၈ ဂွတ္တလစ်လမ်းမကြီး
ဂွတ္တလစ်ဈေးရှေ့
ရန်ကုန်

WWW.DHAMMARANSI.NET







ယခုတစ်ခေါက် ကျွန်တော် ရွာပြန်ရသည်မှာ အကျိုးအမြတ် ကြီးမားလှပါသည်။ ဘယ်လိုမှ မျှော်လင့်မထား ခဲ့သော အကျိုး အာနိသင်ကို ရသဖြင့် ကျွန်တော် ကျေနပ်ရပါသည်။

ကျွန်တော် ရလိုက်သော အကျိုးအမြတ်က ဤသို့ ဖြစ်ပါသည်။

ကျွန်တော်တို့ ရွာတွင် အဘိုးဘစံနှင့် အဘွား ဒေါ်ရင်တို့ ဇနီးမောင်နှံကို မသိသူ ရှားပါသည်။ တစ်ရွာလုံး သိကြသည်မှာ သူတို့၏ အလုပ်အကိုင် ကြောင့် ဖြစ်သည်။

အဘိုးဘစံက အနှိပ်သည် အလုပ် လုပ်သည်။ သူတစ်ပါးကို ခင်မင်တတ်သည်။ စိတ်ရင်းသဘော ရင်း ကောင်းသည်။ အလုပ်အတွက် အဖိုးအခကို ပင် ဘယ်ရွေ့ ဘယ်မျှဟု မပြော၊ ပေးသလောက် ယူသည်။ ကျွေးသမျှ စားသည်။ ကျောင်းကန် ဘုရားနှင့် နေသူ ဖြစ်သည်။

အဘွား ဒေါ်ရင်ကလည်း သူ့ ယောကျ်ား ကြီး အတိုင်းပင် ရွာတွင် မွေးသမျှ ကလေးတွေ မှာ အဘွား ဒေါ်ရင် လက်နှင့် မကင်းသူချည်းလို ဖြစ်သည်၊ ရွာလက်သည် အလုပ်ကို လုပ်သူ ဖြစ် သည်။ ဘယ်အချိန် လာခေါ် လာခေါ် အဘွား မငြင်း၊ သူ့ တာဝန်ရှိသမျှ ကျေပွန်သည်၊ ဖွပ်တာ လျှော်တာက အစ အဖွားက ခိုင်းခိုင်း၊ မခိုင်းခိုင်း လျှော်ပေးတတ်သည်။

ဤသို့ သင်ကိုယ်မယား နှစ်ယောက် အေး အေးလူလူနှင့် ရသမျှဖြင့် တင်းတိမ်ကာ နေလာ

WWW.DHAMMARANSI.NET



ကြသည်။ သားသမီးလည်း မထွန်းကား။ တွေ့သမျှ ကလေးများကို သားရင်း သမီးရင်းလို ချစ်သည်။ သည်အထဲ ကျွန်တော်က သူတို့၏ မဟာ အချစ်တော်။ အိမ်ချင်းကလည်း မဝေးလေတော့ ညည ဆိုရင် သူတို့ အိမ်မှာချည်း သွားအိပ်သည်။ မောင်ခင်တို့ အကျော်တို့လို သူငယ်ချင်းတွေလဲ လာအိပ်တတ်သည်။

သူတို့ အိမ်လေးက ရွာမြောက်ဘက် အစွန်ဆုံးမှာ ရှိသည်၊ ဝါး၊ ဓနိမိုး အိမ်ကလေး ဖြစ်သည်၊ မိုးတွင်းဆို ပဲလင်းမြွေတို့၊ သခွားတို့လို စားပင်များ အဘိုးက စိုက်သည်၊ ချဉ်ပေါင်ပင်၊ စိန်ခြယ် ပန်းပင်များလည်း စိုက်တတ်သည်။

မိုးလေကြမ်း၍အိမ်လေးတသိမ့်သိမ့်တုန်ခါကာ အိပ်လို့ကောင်းသည်။ လွတ်လွတ် လပ်လပ်နှင့် အရသာရှိသည်။ ညဆို အဘိုးအာ ပုံတိုပတ်စလေးများပင် ပြောသေးသည်။

အခု ရွာ ပြန်လည်တော့ အဘွား ဒေါ်ရင်မရှိ၊ လွန်ခဲ့သော သုံးနှစ်ခန့်က ဆုံးသွားရှာပြီ၊ အဖိုးဘစံမှာ တူမောင်လင်မယားနှင့်အတူ နေရှာသည်။ အသက်က ၇၀ ကျော် အရွယ်။ ခေါင်းတုန်၊ လည်တုန်၊ လက်တုန်နှင့် ရှိနေပြီ။

ထူးနေသည်က အရင် အိမ် အရင် နေရာမှာ မဟုတ်ဘဲ ရွာလယ်ထဲ ရောက်နေခြင်း ဖြစ်သည်၊ အိမ်က နှစ်ဆပ်ပျဉ်ခထောင်အိမ် လေးပင်သုံးခန်း၊ သွပ်မိုး၊ နောက်....ကျဲနှင့် နွားနှင့် လယ်နှင့် ဖြစ်နေသည်။

အဘိုးဘစံ အိမ် ကျွန်တော် သွားလည်တော့ မပြန်ခင် တစ်ညလောက် လာအိပ်ရန် ခေါ်သည်။ သို့နှင့် တစ်ညသွားအိပ်သည်။ ထိုညက အဘိုးဘစံက ကျွန်တော့်ကို ပြောလာသည်။

"အေးကွယ်၊ ငါလဲ မင်းကို မျှော်နေတာ အမွေလေးလဲ ပေးခဲ့ချင်လို့...."

"ဘာ အမွေလဲ အဘိုးရ"

"ပေးစရာရှိလို့ပေါ့၊ မင်းကလဲ ရွာက ထွက်သွား ကတည်းက ပြန်ကိုမလှည့်တော့ဘူ"

အဘိုးပြောသည်မှာ မှန်ပါသည်၊ အခု ပြန်ရောက်သည်ကပင် အနှစ် ၃၀ အတွင်း ပထမဆုံး အကြိမ်ဖြစ်သည်၊ ကျွန်တော်က တစ်ကောင်ကြွက်။ မိဘနှစ်ပါးလည်း ငယ်ငယ်က ဆုံးသွားပြီ၊ ရန်ကုန်မှ ဦးလေးက ကျောင်းထားပေးလို့သာ တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရသည်၊ နောက် နိုင်ငံဘာဝန် ထမ်းရင်း ဘဝခရီးကြမ်းကို ကြုံသလို အပြင်းနှင်လာသူ ဖြစ်သည်။

"မလှည့်ဆို အလုပ် တာဝန်တွေနဲ့မို့လို့၊ အမွေအကြောင်းလဲ ဆက်ပါဦး အဘိုးရ"

"ပြောမယ်လေ၊ တို့ အခြေအနေ ပြောင်းလာတာက စချိရမှာ၊ အရင်ကနဲ့ တူသေးလို့လား၊ မင်းဒီမှာနေတုန်းက တို့က အဆင်းရဲဆုံးလေ၊ တစ်ရွာလုံးမှာ"

"ဟုတ်ကဲ့ ကျွန်တော် သိပါတယ်၊ ပြောင်းလဲလာတာကို ပြောပါဦး အဘိုး"

"အေး ဒါကို ပြောမလို့ပေါ့"

"လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပေါ့၊ တို့ရွာမှာ ဟသ်ာတဘက်က ဆရာတော်ကြီး တစ်ပါး ဆေးကုလာတယ်။ အဲဒီ ဆရာတော်က အညောင်းသမားဆိုတော့ ညညဆိုရင် ငါက သွားနှိပ်ပေးရတယ်၊ တို့ရွာ ဆရာတော်က အခေါ်လွှတ်တာကိုးဒီတွင်အဲဒီဆရာ တော်ကြီးနဲ့ ရင်းနှီးလာတာ၊ တစ်နေ့တော့ ဆရာ တော်ကြီးက ငါ့ကို ပုတီးစိပ်ဖို့ အမိန့် ရှိလာတယ်"

"ဘာ စိပ်ခိုင်းတာလဲ"

"နေပါဦး ပြောမှာပေါ့၊ ဒီ ဆရာတော်ရဲ့ ကျောင်းကြီးက အိုနေပြီတဲ့၊ ၇ပင် ၅ပင် ခြေတံရှည် ကျောင်းကြီး၊ ပြန်ဆောက်ဖို့ သူ့မှာ ငွေစုနေတာ တော်တော်နဲ့ မရဘူးတဲ့၊ တောအရပ် မဟုတ်လား၊ တစ်နေ့ သူ အညာပြန်တယ်၊ အညာသားကိုး။

WWW.DHAMMARANSI.NET



"သူ့ ရွာရောက်တော့ သူ့ ငယ်ဆရာတော်ကြီးက မင်း ကျောင်းဆောက်ဖို့ ငွေလိုရင် ငါပေးတဲ့ ပုတီးစိပ်ကို တစ်နေ့ အနည်းဆုံးဝပတ်ရအောင်စိပ်၊ ထီလဲထိုး လို့ အမိန့်ရှိသတဲ့။

"ဒါနဲ့ ရစ်ကန် ဆရာတော်ကြီးလဲ ပုတီးစိပ်ပြီး၊ ထီထိုးလိုက်တာ ၁နှစ်အတွင်းမှာတွင် သိန်းဆုကြီးပေါက်ရော။ အဲဒီငွေတွေနဲ့ သူ့ ကျောင်းကို ပြန်ဆောက်ထား ဟည်းလို့ဆိုပဲ"

"အံ့စရာပါလား အဘိုး"

"အိုး ဒီတက် အံ့စရာက ငါလေ"

"ပြောပါဦး"

"ငါလဲ သူ မှာသလို နေ့တိုင်း ပုတီးစိပ်တယ်၊ ထီလဲ ထိုးပေါ့၊ ပိုက်ဆံက မရှိလို့ တစ်ပတ်ဆို တစ်စောင်လောက်ပဲ၊ သူများလို ပုံမအောင်နိုင်ဘူး၊ ဒါတောင် မင်း အဘွား မရှင်နဲ့ ခဏ ခဏ စကားများရသေးတယ်။

"တစ်ခုတော့ရှိတယ်၊ ဆရာတော်ကြီး မှာတာက သိုသို သိပ်သိပ် လုပ်ဖို့ပဲ၊ အေး လူတွေ သိရင် လုပ်ငန်းမှာ ပေါ့ပြီး အပြောင် အလှောင်တောင် ခံရဘတ်တယ်။ ဒါကြောင့် ကိုယ့် ရည်ရွယ်ချက်နဲ့ ကိုယ် စူးစူး စိုက်စိုက်လုပ်တဲ့။ တိုတိုပြောစို့၊ ဂီလိုနဲ့ ငါ ကျိတ်ကျိတ်ပြီး ထီတိုးလာတာ ဆရာတော်ကြီး ပြောသလိုပဲဟော့ တစ်နှစ်အတွင်းမှာဘဲ သိန်းထီ ပေါက်ရော။

"ပေါက်တော့လဲ ခက်တာက ဘာလုပ်ရ ဘာ ကိုင်ရမှန်း မသိဘူး၊ ကြောင် တောင်တောင်ကြီး တောင် ဖြစ်လို့၊ မအိပ်ရဲ၊ မနေရဲ၊ သူတစ်ပါးကို မပြောရဲ မတိုင်ပင်ရဲနဲ့ပေါ့။

"ဒါနဲ့ တို့ ဆရာတော်ဆီ တိုးတိုး တိတ်တိတ် သွားပြောရတယ်၊ ဆရာတော်ကလဲ တော်ရှာပါတယ်၊ လည်လည်ပတ်ပတ်ကလဲ ရှိသမို့ စီမံဖန်တီးပေးရှာတယ်။ အခု နေတဲ့မြေကိုဝယ်၊ အိမ်ဆောက်ပေါ့၊ လယ် ၁၀ ဧကလဲ ဝယ်နိုး၊ နောက် ကျွဲ၊ နွားတို့၊ ထွန်တုံး ထွန်သန်တို့ပေါ့၊ ဖန်တီးပေးရှာတယ်။

"ဆရာတော်ကိုလဲ တို့က တစ်သောင်း လှူတယ်၊ သူလဲ ဇရပ်ဆောက်၊ ကျောင်းပြင်နဲ့ပေါ့၊ ဘာတောင် ရွာက တောင်တောင် အီအီ ပြောကြသေးတယ်။ တို့ ထီပေါက်ကြောင်းတော့ ဘယ်သူ့ကိုမှ မပြောရဘူး ဆရာတော်က။

"ဒါတောင် မင်း သိလား မသိဘူး၊ ဘအောင်ဆိုတဲ့ ကောင်လေ၊ အရှေ့ပိုင်းကပေါ့၊ သူက လူလည် လူပါး ဆိုတော့ မရင်ကို နူးနှပ်ပြီး 'ဝါးခနိုဆိုင်' တည်ခိုင်းပြီး ဝိုင်းဖြုန်းလိုက်သေးတယ်၊ ဆရာတော်ဆူလိုက်တာမှ မင်းနှယ်။


"ဒါတွေ ထားတော့ ဒါက အရေး မကြီးဘူး၊ ဒီ ပုတီးစိပ်ကို ငါဘယ်သူ့မှ မပေးဘူး၊ အဲ မပေးဖူးပေမယ့် မောင်လှကို ငါ စိပ်ခိုင်းပြီး ထီ ထိုးခိုင်းမိသေးတယ်၊ သူလဲ ပေါက်ပုံရတယ်။ ခွေးမသားငါ့ကိုတောင် အသိမပေးဘူး၊ မြို့တက် ကြီးပွားနေလိုက်တာ၊ ကားတွေ ဘာတွေနဲ့တဲ့။

"ဒါကြောင့်မင်းကိုလဲ ပေးချင်နေတာ၊ ငါ့ဖြင့် မျှော်လိုက်ရတာ၊သူများကို ပေးတိုင်းလဲ ကောင်းတာမဟုတ်ဘူး၊ ယုံရင်တော်ရဲ့ မယုံရင် တောပြောတောင်ပြောနဲ့ လူကို အရှုံးလုပ်တတ်တယ်၊ လူဆိုတာက ခက်တယ်ကွ။



WWW.DHAMMARANSI.NET





"ဟုတ်တယ် အဘိုး၊ ကျွန်တော် နားလည်ပါတယ်၊ အဖိုးလိုပဲ သိုသိုသိပ်သိပ်နဲ့၊ စူးစူး စိုက်စိုက် လုပ်မှာပါ"

"အေး ကောင်းတယ်၊ ကောင်းတယ်၊ နို့ တစ်ခုတော့ရှိတယ်၊ မင်း ကံငါးပါးတော့ လုံရမယ်နော်၊ မစိပ်ခင်လဲ ဘုရားမှာ ငါးပါးသီလ ဆောက်တည်ရမယ်၊ ပြီးမှ စိပ်ပေါ့။

"ဟုတ်ကဲ့....စိတ်ချပါ"

"ပုတီးစိပ်က ဒီလိုကွယ့်၊ဆရာတော်ကြီး အမိန့်ရှိဖူးတာက တို့ဘုရားလက်ထက်က အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလ္လာန်တို့က အစပေါ့ ရဟန္တာသာဝကြီးကျော်သူ့နေရာနဲ့ သူ 'တေဒဂ်' ရာထူးတွေ ပေးသတဲ့၊ ဒီအရိယာ သံဃာတွေထဲမှာ အရှင်ကောဏ္ဍညဆိုတာ မထေရ်ဘစ်ပါးလဲ အပါအဝင်ပေါ့။ သူ့ကိုတော့ စာရေးတံမဲ ဖောက်ရင် ပထမချည်း ပေါက်လို့ မဲ့ပထမ ပေါက်တဲ့ ဘက်မှာ 'တေဒဂ်ရာထူး' ပေးတော်မူသတဲ့။

"တေဒဂ် ဆိုတာကကော အဘိုး"

"ဘေဒဂ်ဘွဲ့ ထူးဆိုတာ အသာဆုံး၊ အတော်ဆုံးပေါ့၊ သူ့ပြိုင် အခြားသူ မရှိဘူး"

"အင်း....အင်း နားလည်ပြီ၊ နားလည်ပြီ အဘိုး"

"အဲ....အခု စိပ်ရမှာက အဲဒီ အရှင်ကောဏ္ဍညကို ဘုရားက တေဒဂ်ဘွဲ့ ပေးတဲ့ ပါဠိပဲ၊ ဒါကို ဉာဏ်ရှိသူက သုံးတော့ အကျိုး ခံစားရတာကိုး၊ ငါ့ အမေ့က အဲဒါပဲ"

"ဟုတ်ကဲ့... ဟုတ်ကဲ့ ဝမ်းသာလိုက်တာ အဘိုးရယ်"

ထို ညက အဘိုးဘစ် ပေးတဲ့ တေဒဂ် ပုတီးစိပ်ကို ကူးယူပြီး ကျွန်တော့် ရွှေရေးအတွက် အလုပ်စ,ရန် စိတ်စောမိပါသည်။

**ပုတီးစိပ် ပါဠိ**

**တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ (ပထမံ သလာကံ ဂဏှန္တာနံ) ယဒိဒံ ကောဏ္ဍညော။ (တေန သစ္စဝဇ္ဇေန ဝေံ မေ ဟောတု)။**

ဘိက္ခဝေ-ချစ်သား ရဟန်းတို့။ မမ-ငါဘုရား၏။ သာဝကာနံ-တပည့်သာဝက ဖြစ်ကြကုန်သော။ (ပထမံ-သလာကံ-ပထမစာရေးတံမဲကို။ ဂဏှန္တာနံ-ယူကြကုန်သော (ဝါ) ပေါက်ကြကုန်သော။)ဘိက္ခူနံ-ရဟန်းအပေါင်းတို့တွင်။ ယဒိဒံ-ယောအယံ-ကောဏ္ဍညေနော-အကြင် ကောဏ္ဍညသည်။ အတ္ထိ-ရှိ၏။ ဧတံ သော ကောဏ္ဍညော-ထိုကောဏ္ဍညသည်။ အဂ္ဂံ-အဂ္ဂေါ-အမြတ်ဆုံး ဖြစ်၏။)

တေန သစ္စဝဇ္ဇေန-ဤသို့ အမှန်အကန် ဆိုရသော သစ္စာစကားကြောင့်။ မေ-အကျွန်ုပ်အား။ ဝေံ-ထို ကောဏ္ဍညနှ ပထမ မဲပေါက်သလို။ ဟောတု-ဖြစ်ပါစေသတည်း။

ဖိုးထောင်



# ပညာရှိ အမွေခံသုံး

ဦးထွန်းအောင်(တောင်ကြီး)

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိမြို့တွင် ပရိဇ္ဇနက အမည်ရှိသော ဗြာဟ္မဏပုဏ္ဏား အိုကြီးတစ်ယောက် ရှိသည်။ သူ့တွင် သားလေးယောက်နှင့် အသပြာငွေ ရှစ်သိန်းရှိ၏။ သားလေးယောက် ချွေးမတို့က ထိုငွေများ သူတို့ကိုပေးပါဆိုသဖြင့် ပုဏ္ဏားအိုကြီးသည် ထိုငွေကို သားလေးယောက်တို့အား အညီအမျှ ဝေပေးလိုက်သည့်အခါ သူ့ပိုင် ဆို၍ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်တော့၏။ သားနှင့် ချွေးမများက အဖေအိုအား ကျွန်တော် ကျွန်မတို့ဆီ တစ်လှည့်စီ စားသောက်ပါဟု ပြောကြားသော်လည်း အချိန်ကြာလာသောအခါ မည်သည့်သားနှင့် ချွေးမများကမှ ဖခင်ပုဏ္ဏားအိုကြီးကို မကျွေးမွေးလိုကြသဖြင့် ပုဏ္ဏားအိုကြီးသည် ဇရပ် တစ်ခုတွင် နေပြီး တောင်းရမ်း စားသောက်ရတော့၏။

ဤသို့ နေလာခဲ့ပြီးနောက် မကျန်းမာ၍ မတောင်းရမ်းနိုင်သော အခါ မြတ်စွာဘုရားထံ သွားပြီး အကြံဉာဏ် တောင်းရပါမှ ကောင်းမည်ဟု ထင်သည်နှင့် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားထံ အကြောင်းကို လျှောက်ထားသောအခါ မြတ်စွာဘုရားက ဂါထာ ၅–ပုဒ် သင်ပေးလိုက်သည်။ ထို ဂါထာ များကို ပုဏ္ဏားတို့ အစည်းအဝေးမှ ရွတ်ဖတ်ပါလေဟုလည်း မိန့်ကြားတော် မူလိုက်သည်။

ပုဏ္ဏားအိုကြီးသည် ထို ဂါထာ ၅-ပုဒ်ကို ပုဏ္ဏားတို့ အစည်းအဝေး၌ ရွတ်ဖတ်ရန် အခွင့်ရ၍ ရွတ်ဖတ်သောအခါ ပရိသတ်တို့သည် ပုဏ္ဏားအိုကြီးကို သနားပြီး အစည်းအဝေးတွင် ရှိနေသည့် သူ၏ သားများကို ရိုက်နှက်ကြရန် အားထုတ်ကြသည်။ ထိုအခါ ပုဏ္ဏားအိုကြီးက ''ကျွန်ုပ်၏ သားများကို မသတ်ကြပါနှင့်၊ ကျွန်ုပ် ကံမကောင်း၍သာ တောင်းရမ်း စားသောက်နေရခြင်း ဖြစ်ပါသည်''ဟု တောင်းပန်သဖြင့် သားလေးယောက်တို့လည်း အသက်ဘေးမှ လွတ်ကြရလေ၏။

ထိုတွင်မှ သားတို့သည် ဖခင်အိုကြီးအား အိမ်သို့ ခေါ်သွားကြ၍ ကောင်းမွန်စွာ ကျွေးမွေးထားကြသဖြင့် ပုဏ္ဏားအိုကြီးသည် ချမ်းသာရာသို့ ရောက်ခဲ့လေသည်။

ဤ ဓမ္မပဒပါ ဝတ္ထုကိုရှေးက ကျွန်တော် မကြားခဲ့ဖူးပါ။ ဖတ်လည်း မဖတ်ခဲ့ဖူးပါ။ ထို့

WWW.DHAMMARANSI.NET



ကြောင့်ကျွန်တော့် အသက် ၄၈-နှစ် အရွယ်တွင် ကျွန်တော် ပိုင်သော အိမ်-၃လုံးကို သားသမီး ၁၀-ယောက်အား စာချုပ်ဖြင့် အပြီးအပိုင် လွှဲအပ် ပေးကမ်းလိုက်ပါသည်။

ကျွန်တော်မရှိလျှင် ကလေးများ ဒုက္ခရောက်မည်စိုး၍ သူတို့အတွက် ပူပင်သောကစိတ်ဖြင့် ထိုသို့ ပေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်တော်အိုလျှင် ကျွန်တော့်ကို မည်သူက ဂရုစိုက်မည်ကိုလည်း ကြို မသိရသေး အချိန် ဖြစ်ပါသည်။ အိမ် ၃-လုံးအနက် ၁-လုံးမှာ စစ်ဘေးကြောင့် ပြာပုံ ဖြစ် နေ သေး၏။ တစ်အိမ်မှာ တစ်ဝက်မျှသာ ဆောက်ရသေး၏။ တစ်အိမ်မှာလည်း ဂျပန်စစ်သားများ ဖျက်ဆီးသဖြင့် အတော် ပြုပြင်ရဦးမည်။ သားသမီး ၁၀-ယောက်မှာလည်း မိမိတို့၏ ခြေထောက်ပေါ်တွင် ရပ်တည်နိုင်သော အခြေမရှိသေးပါ။ ကျွန်တော် အစိုးရထံတွင် အလုပ်လုပ်ရမည့် အချိန်မှာလည်း ၇-နှစ်သာ ကျန်ပါတော့သည်။

၁၉၄၈-ခုနှစ်မှ ၁၉၅၇-ခုနှစ်အထိ အချိန်ကာလအတွင်း ရရှိသော လစာကလေးနှင့် သားသမီးများကို ပညာ ဆက်လက်၍ သင်ကြားပေးခဲ့သည်။ လုပ်စရာရှိသော အိမ်ကိုလည်း ကြိုးစား၍ တတ်နိုင်သမျှ ဆောက်လုပ်ခဲ့သည်။ ၁၉၅၇-ခုနှစ်တွင် ကျွန်တော် အလုပ် မရှိတော့ပြီ။ ရရှိသော ပင်စင်လစာ (၄၂၀)သည် ထိုအချိန်အခါ၌ ဝမ်းစာအတွက် ဖူလုံမှု ရှိပါသည်။

သားသမီးကြီး ၅-ယောက်ကလည်း အိမ်မှ ထွက်ခွာသွားကြကုန်ပြီ။ ၁၉၆၀-မှ ၁၉၇၀-ခုနှစ်အတွင်း ကျန်ခဲ့သော ကလေးများ ပညာသင်ခြင်း ပြီးစီးခဲ့သည်။ ရရှိသော ပင်စင်လစာနှင့် အိမ်လခ ကလေးများမှာ ထိုနှစ်များအတွင်းက ကျောင်းတွင်ရှိသော ကလေး၃-ယောက်အတွက် လှုံလောက်ပါသည်။

၁၉၇၀-၁၉၈၀တွင် ရသော ပင်စင်ငွေနှင့် မစားလောက်တော့။ အသက်ကြီးမှ တစ်နှစ် တစ်ကြိမ် ပွင့်သော ပန်းများကို စိုက်ပျိုးရပါသည်။ ပန်းသည် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။ အသက် (၇၇)နှစ် ရောက်သော အခါ လေဖြတ်သော ရောဂါနှိပ်စက်လာပြန်သည်။

၁၉၈၄-ခုနှစ်တွင် အင်းစိန်တွင် နေသော သမီးကြီးက အဖေ့ကို ပြုစုချင်လို့ အဖေရှိရာ တောင်ကြီးသို့ လာမည်ဟု စာရေးလာပါသည်။ ထိုနောက် ၁၉၆၀-ခုနှစ်က ကျွန်တော် အိုလျှင် ခေတ္တနေထိုင်ရန် သို့မဟုတ် ဇရပ်ကျောင်းဆောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ယာယီ ဆောက်လုပ်ထားသော ကျွန်တော့် အိမ်ကလေးတွင် သူနှင့် သူ၏ ခင်ပွန်း ဘီ-အေ-ဘီ-အယ်(လ်) ဂျာမဏီနှင့် ပြစ်သစ်စာပေ တတ်မြောက်ထားသူနှင့် သူ၏ သား ဘီအက်(စ်)စီတို့ ရောက်လာ၍ နေထိုင်ကြပါသည်။

နောက် မကြာမီ သမီးကြီးက အခြား သားသမီးများကို စုစည်း၍ ကျွန်တော် ၁၉၄၈-ခုနှစ်က သားသမီး ၁၀-ဦးတို့အား အညီအမျှ ပိုင်ဆိုင်ရမည်ဟု အမွေပေးထားသော ပစ္စည်းများ အပေါ် ဖခင်ဖြစ်သူ ကျွန်တော်၏ ဆန္ဒအတိုင်း မဖြစ်အောင် ကန့်ကွက်ပါသည်။

ထို အချိန်မှ စ၍ ထို အိမ်တွင် အတူတကွ နေထိုင်ကြသည့်တိုင်အောင် ကျွန်တော့်အား သမီးကြီးနှင့် ၎င်း၏ အိမ်ထောင်သားများက စကားမပြောမဆို မောက်မာစွာ သူစိမ်း ရန်သူကဲ့သို့ နေထိုင်ကြပါသည်။ ကျွန်တော်ကား သူတို့၏ ဖခင် မဟုတ်တော့ပါ။ ဤကဲ့သို့သော သားဆိုး သမီးဆိုးကို ကျွန်တော်သည် လွယ်လွယ်ကူကူနှင့် မွေးရခြင်း မဟုတ်ပါ။ အလွန် ပင်ပန်း ဆင်းရဲစွာဖြင့် ကျွေးမွေး သုတ်သင်ခဲ့ရပါသည်။

ကျွန်တော့်ဘဝ အရှုံးခံ၍ မေတ္တာ စေတနာ

WWW.DHAMMARANSI.NET



အပြည့်အဝဖြင့် ပြုလုပ်ခဲ့သော အမွေမှုသည် အလွန်ကြီးလေးသော ရာဇဝတ်မှုကြီးကို ပြုလုပ်မိသကဲ့သို့ ရှုတ်ချခံရတော့၏။ ကျွန်တော်ပေးသောသူ များ မှာ လည်း သူစိမ်းများ မဟုတ်ကြပါ။ မောင်နှမရင်းများသာ ဖြစ်ပါသည်။ ဤသို့ ပေးရာ၌ မိဘဖြစ်သူ ကျွန်တော့်မှာ ဥပဒေကို နားလည်သူ မဟုတ်ပါ။ ကျွန်တော်ပေးသော ပစ္စည်းများသည် ကျွန်တော့် မိဘများက ကျွန်တော့်အား ပေးသည့် အမွေနှင့် ကျွန်တော်ပိုင် ပစ္စည်းများဖြစ်ပါသည်။ မေတ္တာစစ်ဖြင့် ဘဝအရှုံးခံပြီး ပေးသော ပစ္စည်းများ ဖြစ်၍ ငွေတန်ဖိုးနှင့် ချိန်စက်၍ မရပါ။ မနှိုင်းယှဉ်နိုင်အောင် တန်ဖိုးရှိပါသည်။

သမီးကြီးကို ခုလိုတော့ ပြောချင်ပါသည်။

"သမီးတို့ သားတို့မှာ ပညာသည်း သူမတူနိုင်အောင် (ဘီအေ ဘီအယ်(လ်)-ဘီ အီး ဒီ) တို့၊ ဝတ်လုံတော်ရတို့ တတ်မြောက်ကြသော ပညာရှင်များဖြစ်ကြပါသည်။ အရွယ်ကလည်း ၅၀-ကျော် ၆၀ တွင်းသို့ ရောက်နေပါပြီ အလုပ်အကိုင်ကလည်း လူ ထု ရှေ့ ဆောင်ကြီးများ ဖြစ်ကြပါသည်။ ကျန်းလည်း ကျန်းမာကြပါသည်။

"ဤကဲ့သို့သော ဂုဏ် အရည်အချင်းများနှင့် ပြည့်စုံပါလျက်နှင့် ဖေဖေ ယာယီ ဆောက်ထားသောအိမ်မျိုးတွင် နေထိုင်ရန် မသင့်လျော်ပါ၊ သို့ဖြစ်၍ အမွေရထားသောအိမ်သို့ ပြောင်းရွှေ့နေထိုင်ပါမူကား အလွန် တင့်တယ်ပါလိမ့်မည်။ ယခု သမီးတို့ နေထိုင်သော အိမ်ကို ဖေဖေ မသေမီ ကျောင်းအဖြစ် လှူချင်ပါ၏။ ဤ ကိစ္စ၌ တရားခံအစစ်ကား ဖခင်သာ ဖြစ်၏။ အရေးယူလိုက ယခု ဖခင် ရှိစဉ် ဘရားစွဲလိုက စွဲပါ၊ အခြားသူများနှင့် မဆိုင်ပါ၊ အခြားသူများ၏ အပြစ်မဟုတ်ပါ" ဟု ပြောလိုက်ချင်ပါသည်။ သို့သော် နှုတ်က မထွက်။

ကျွန်ုပ်၏ ဘဝတွင် ရန်သူမျိုး ငါးပါးနှင့် တွေ့ဖူးပါပြီ ထိုအနက် ပညာရှိ အမွေခံဆိုး၏ ဒဏ်သည် အဆိုးဆုံးဖြစ်ပါသတည်း။

ဦးထွန်းအောင် (တောင်ကြီး)


# ညောင်ကန်အေး ဆရာတော် အရှင် ဣန္ဒက၏

## သတိပဋ္ဌာန်ကြွေးကြော်သံ တရားတော် (ပ၊ဒု၊တ၊စ၊ပ)

တစ်အုပ် ၂၀-ကျပ်၊ ငွေကြိုတင်ပို့ပြီး ၅-အုပ်လုံးမှာကြားလျှင် ၂၀ % လျှော့၍ ပို့ပေးမည်။

* တရားပြမည့်ကမ္မဋ္ဌာနာစရိယများ၊ ဓမ္မကထိကများ၊ ယောဂီများ လက်ကိုင်ထားရမည့် စာအုပ်။
အင်္ဂလိပ်ဘာသာဖြင့် ၄-တွဲ ထွက်နေပါပြီ။ တစ်အုပ် ၂၀-ကျပ်။

* ညောင်ကန်အေးဆရာတော်၏ 'အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က' တစ်အုပ် ၂၀-ကျပ်။
'မဟာစည် တစ်ဘဝဖြစ်စဉ်' ၁၂-ကျပ်၊ စာအုပ်များလည်း ရနိုင်ပါသည်။

* ဝေယျာဝစ္စအဖွဲ့၊ ညောင်ကန်အေးသာသနာ့ရိပ်သာ၊
အမှတ်-၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ ရန်ကုန်မြို့။ ဖုန်း-၄၀၁၇၀
ရွှေတိဂုံတောင်ဘက်မုခ် တင်တင်အေး ပိဋကတ်စာအုပ်ဆိုင်နှင့်
မဟာစည်ရိပ်သာများတွင် ရနိုင်ပါသည်။

WWW.DHAMMARANSI.NET

ကျောင်းသင်္ခမ်း ပရဝုဏ်သို့ ဝင်လိုက်သည်နှင့် သိသာသော ထူးခြားမှုကို ဆရာတော် သတိပြုမိလိုက်သည်။

ငှက် ကလေးတို့ ဘယ်ရောက်ကုန်ကြပြီနည်း။

ဆယ်ကောင်၊ ဆယ့်ငါးကောင် လောက်သာ ဆရာတော့် အပါး မဝံ့မရဲ ချဉ်းကပ်လာကြသည်။ အချို့က သစ်ပင်ပေါ်မှာ နားနေရင်း၊ အကဲခတ်သလို ကြည့်နေကြ၏။ အချို့ကမူ ခပ်လှမ်းလှမ်းမှ ပျံဝဲရင်း အော်မြည်နေကြသည်။ ခါတိုင်း ဆွမ်းခံပြန်လာလျှင် တွတ်တီး တွတ်တာ အသံ စာစာ ပေးများဖြင့် ကြိုဆိုနေကျ။ ကျောင်းရှေ့ ဝရန်တာပေါ်မှာ။ သူတို့ စားကျက် တလင်းပေါ်မှာ။ သစ်ပင်တွေ ပေါ်မှာ၊ ဆရာတော့် ရှေ့မှာလည်း ငှက် ညီသာခံကြီး ကျင်းပနေသလို ခြေချစရာပင် မရှိလောက်အောင် ဝပ်စင်း ခရီးဦးကြို ပြုနေကြ။

ယနေ့ အဖို့တော့ ထူးခြားလှသည်။ တိတ်ဆိတ်မှုက အင်အားကြီးမားစွာ လွှမ်းအုပ် နေသည်။ ကျောင်းသားကလေးတွေ ဆိုတာကလည်း ရန်မူရိုး ထုံးစံ မရှိခဲ့။ နှစ်ပေါင်း လပေါင်း ကြာညောင်းခဲ့ပြီ။ ရွာနီး ချုပ်စပ်တွေအဆည်း သည်ကျောင်း၏ ထူးခြားမှုကို အသိအမှတ် ပြုနေကြရပြီ။

ကျောက်တန်း ရွာကလေးသည် ပုဂံမြို့ဟောင်း အနောက်ဘက် ဧရာဝတီမြစ်၏ တစ်ဘက်ကမ်း ကျွန်းချောင်း ဓာတ်မြေဩဇာ စက်ရုံတောင်ဘက် ငါးမိုင်ခန့် အကွာတွင် တည်ရှိသည်။ မြစ်ရော ကမ်းနဖူးပေါ်မှာမို့ ယာလုပ်ငန်း၊ ကိုင်းမြေနု လုပ်ငန်းတို့ တွင်ကျယ်စွာ လုပ်နိုင်သည်။ ဘာသာတရားကို ရိုသေလေးစားသော ရွာ ပီပီ အေးချမ်းလှသည်။

ကျောက်တန်းရွာ ဘုန်းတော်ကြီး၏ ကျောင်းသင်္ခမ်းကား မြစ်ကမ်းပါး၏ အမြင့်ဆုံးနေရာမှာ ဆောက်ထားသဖြင့် ကွေ့ဝိုက် စီးဆင်းနေသော မြစ်ရေ အလှကို ကျယ်ပြောစွာ မြင်နိုင်သည်။ တောင်ရွာနောင်၊ ထောင့်ကြီး၊ ဇီးကုန်း စသော ရေလည်သောင် ရွာများမှ ပဲခင်း၊ ဆေးခင်း၊ ပြောင်းခင်း များကိုလည်း ငွေသောင်ယံ ပေါ် အစိမ်းရောင် ကမ္ဗလာကြီး လွှမ်းခင်း ထားသလို မြင်နေရသည်။ ထိုအေးချမ်းလှသော ရှုမျှော်ခင်းများကြောင့် ရပ်ဝေး ရပ်နီးမှ ရောက်လာသူတိုင်း



# ကျောက်တန်းရွာမှမြင်ကွင်း

## မောင်ဒေါင်းမြူး

(ညောင်ဦး)

WWW.DHAMMARANSI.NET



မပြန်နိုင်၊ မပြန်ချင် ကြသော ကျောင်း သခ်မ်း ကလေးပင်ဖြစ်သည်။

ဆရာတော်ကြီးကား ရောင့်ရဲ တင်းတိမ်မှုနှင့် စေတနာ၊ သဒ္ဓါအရာတွင် ထူးကဲလှသည်။ ဝိနည်းတော်ကိုလည်း လေးမြတ်ရိုကျိုးသည်။ ဝါတော် သက်တော် ကြီးရင့်သည့်တိုင် သတ္တဝါဝေနေယျ တို့၏ အကျိုးကို ရည်မျှော်၍ ဆွမ်းခံခြင်း ဝတ်အမှုကို မပျက်ကွက်ခဲ့။ ကျွန်းချောင်း၊ တန့်ကြည့်၊ လက်ပန်ချောင်း၊ ဆိက္ခဝ၊ ထန်းချောက်ပင်၊ ကျောက်တန်း စသော ရွာများကို ရွာစဉ်အတိုင်း အလှည့်ကျ ဆွမ်းခံ ကြွသည်။

ဆွမ်းခံရာမှ ပြန်လာသည်နှင့် ကျောင်းဝင်း အတွင်းရှိ ငှက်ကလေးများက ကြိုဆိုသည်။ ဆွမ်းသပိတ်ကို ဘုရားရှင်အား ကပ်လှူပူဇော်ပြီး ဆွမ်းစားသည်နှင့် ခွက်ကလေးများက ပြတင်းပေါင်ပေါ်၊ ဝရန်တာပေါ်၊ ကျောင်းရှေ့ တလင်းပြင်ပေါ်တွေမှာ စုဝေးရောက်ရှိလာကြသည်။ ဆရာတော် ဆွမ်း ဘုဉ်းပေးပြီးသည်နှင့် တလင်းပြင်သို့ သွားကာ စောင့်ကြည့် အစာကျွေးရန် လာသော ဆရာတော်၏ လက်မောင်းပေါ် ပခုံးပေါ် သပိတ်ပေါ်တို့တွင် အလုအယက် နားခိုကာ သံစုံကျူးကြသည်။

ယခုတော့ ထူးထူးခြားခြား တိတ်ဆိတ်လှသည်။

ဆရာတော်၏ လှုပ်ရှားမှုကိုပင် သူတို့ မယုံကြည်သလို ကြည့်နေကြသည်။ မြင်ကွင်းကို သာမန်မျှသာကြည့်ပြီး မိမိ ဝတ္တရားကိုသာ ဆရာတော်က ပုံစံမပျက် ဆောင်ရွက်သည်။ ဆွမ်းစားချိန် နီးတော့လည်း ငှက်ကလေးတို့ ခါတိုင်းလို ရဲရဲ ဝံ့ဝံ့ မလာကြ။ အစာ ကျွေးတော့သည်း ကြောက်ရွံ့ ထိတ်လန့် သလိုလိုဖြင့် မဝံ့ မရဲ လာကြသည်။ မိသားစုတွေ၊ ငှက် အကောင်ပေါက် ကလေးတွေ ခါတိုင်းကဲ့သို့ စုစုဝေးဝေး စုံစုံညီညီ မရှိကြတော့၊ မိမဲ့၊ ဖမဲ့ ဖြစ်ကုန်ကြဟန် တူသည်။ အသေအချာ သတိထားကြည့်လိုက်မှ၊ တလင်းပြင်တွင် ငှက်မွေး၊ ငှက်တောင်တို့ မြေပြင်တွင် ရှုပ်တိုက်လွင့်ပါ နေကြမှန်း သတိထားမိလိုက်သည်။ မြေပြင်တွင် ငှတ်များ ရိုက်ထားသည်ကို တွေ့ရသည်။ တစ်စုံ တစ်ယောက် သည် အပြစ်မဲ့သော ငှက်များကို ပိုက်ထောင်၍ ဖမ်းဆီးသွားလေ သလား၊ ဝါးကပ်ဖြင့် ''ဘိ'' လုပ်ကာ ဖိညှပ် သတ်ဖြတ်သွားလေသလား၊ မိသားစုကလေးတွေ သေကွဲ ကွဲကြရရှာ နဲ့ပြီ။

အနည်းငယ်တော့ စိတ်မကောင်း ဖြစ်မိသည်၊ သဗ္ဗေသတ္တာ ကမ္မဿကာ၊ သတ္တဝါတစ်ခု ကံတစ်ခု။ သင်တို့ ကံက သည်လောက်ပဲ ပါရှာတာကိုး၊ ဉပေက္ခာ တရားကိုပဲ နှလုံး သွင်းလိုက်ရသည်။ မိမိ အဖို့ ပြုမြဲ ရှိမြဲ မေတ္တာတရားတော့ မလျော့ပါးပါ။ မည်သူ့ ကိုမျှလည်း အမျက်မထို၊ ရန် မလိုတတ်၊ အစာကျွေးချိန်တွင် ငှက်ကလေးတို့ အသံက စူးစူး ဝါးဝါး ရှိလှသည်။ ဆရာတော်ကိုများ ငိုယို လျှောက်ထားနေကြခြင်းများ ပေလား။

## ညနေစောင်းခဲ့ပြီ

## ၂

သွယ်တန်းထားသော ပိုက်ရှည်ကြီးမှ တစ်စက် တစ်စက် ကျလာသော အရည်များကို ခွေးမောင်က ပုလင်းငယ်ကလေးဖြင့် ခံကာ လှုပ်ယမ်း၍ ကြည့်သည်။ ထ, လာသော အမြှုပ်များက ချက်ချင်းပျောက်သွားသည်။ လက်ခုံပေါ် တင်ကြည့်တော့ အအေးဓာတ် ပြယ်ကာ တော်တော်နှင့် ခြောက်သွေ့ မသွား။ ဓာတ်ဆီ အနံ့သင်းကတော့ ကုန်နေပြီ။ နောက်ထပ် ကျလာသော အရည်သည် ရေနံဆီပဲ ဖြစ်တော့မည်။

''ဖိုးထောင်ရေ မီး မများစေနဲ့ ဟေ့''

လူ့ တစ်ရပ်ခန့် ရှိမည့် မီးဖိုကျင်းထဲရှိ ထင်းပည့်ကို လှမ်း၍ အမိန့်ပေးလိုက်သည်။

WWW.DHAMMARANSI.NET



ဓာတ်ဆီ နှစ်ပုံး ရပြီဆိုတော့ ကျန်သော ရေနံဆီ အရေ အတွက်ကလည်း နှစ်ပုံးသာသာပဲ ရလိမ့်မည် ထင်သည်။ နောက် နှစ်နာရီခလောက် ဆိုလျှင် ရေနံချေး အထိစ် လှဲလှယ် လောင်းထည့်ရမည်။ ရေနံချေး ရှစ်ပုံးကို ဓာတ်ဆီ နှစ်ပုံးလောက်ပဲ ကိုခွေးမောင် က ယူချင်သည်။ ပိုင်ရှင် အလုပ်ရှင်က သုံးပုံးခန့် ယူစေချင်ဟန် တူသည်။ ရေနံချေးက အဆီအနှစ်နည်းနေသည်မို့ ကိုခွေးမောင် စိတ်မချ၊ သုံးပုံးယူလျှင် နောက်ဆုံး ပုံးသည် စံချိန်မမီပဲ ရေနံဆီ အကောင်းစားလောက်သာ ရလိမ့်မည်။ အရက်ချက်သလို ဦးရည်နှင့် ဘိတ်ရည် ရောနှောလိုက်လို့ကတော့ ဓာတ်ဆီကောင်းတွေပါ အာနိသင် ပျက်သွားနိုင်သည်။

ဖိုင်ရှင် စိတ်ကြိုက် လိုက်လျောချင် ပေမယ့်၊ ဓာတ်ဆီ ဝယ်သူက ချက်သူကို မေး၍ ဝယ်တတ်သည်။ ကိုခွေးမောင်နှင့် ဖိုးထောင်တို့က ရေနံချက်ဖို လောကတွင် နာမည်ရသည်၊ ကျွမ်းကျင်သည်။ ရွာနီးချုပ်စပ် ရေနံချက် လိုသူတိုင်း သူတို့ နှစ်ယောက်ကိုပဲ အလုအယက် ငှားကြ လေ့ရှိသည်။ သူတို့ ဆိုလျှင် ငှားရမ်းသူ သာမက၊ ဓာတ်ဆီ ရေနံဆီ ဝယ်သူကပင် စိတ်ချသည်။ ထို့ကြောင့်လည်း သူတို့ နှစ်ယောက်က နာမည်ပျက်မှာကို အစိုးရိမ်ကြီးကြ၏။ ကိုခွေးမောင် ဉာဉ်က သူ့ပစ္စည်း သုံးစွဲသူ စိတ်ဆင်းရဲသွားမှာ မလိုလား။ နောက်မှ ပိုင်ရှင်ကို အေးအေးဆေးဆေး ရှင်းပြသည်။ ထို့ကြောင့် နောက်ကျလာမည့် ငွေရည်ကို ရေနံဆီ အဖြစ်ပဲ ထားရန် ဆုံးဖြတ်ကာ တပည့်ကျော်ကို မီးပြင်ခိုင်းလိုက်သည်။

သည်ဒေသတွင် ရေနံချက်သည့် ကရိယာမှာ သိပ်တော့ မခဲ့ယဉ်း။ အသားထူထူ ပီပါတစ်လုံးကို အပေါ် နှုတ်ခမ်းမှ နှစ်ထွာခန့် အကွာ၊ နှစ်လက်မခွဲ ပိုက်တစ်လုံး ဝင်သာအောင် ဖောက်ရသည်။ ပိုက်လုံးကတော့ အရှည် ဆယ်ပေကျော်၊ ဆယ့်ငါးပေနီးပါး ရှိရသည်။ ဖောက်ထားသေး ပီပါကို မြေဝင်တစ်တောင်ခန့် မြှုတ်ပြီး သူ့အောက်မှာမှ လူတစ်ကိုယ်ချောင်ချောင်လည်လည် ထိုင်နိုင်သော မီးဖိုကျင်းကြီး တူးပါသည်။ ထင်းတုံးကြီးများ ထိုးသာအောင် မီးထိုးပေါက်ကို လည်း ခါးလည်ခန့် တူးရပါသည်။ တချို့ကတော့ ပိုက်လုံးကို မြေပေါ်တင်နိုင်သည် အထိ ပီပါကို မြေမြှုတ်ကြသည်။ ထိုအခါ မီးဖိုနှင့် ထင်းထိုးရန် ကျင်းသည် လူတစ်ရပ်ခန့် နက်အောင်တူးရသည်။ ချက်အိုးလုပ်သော ပီပါထဲ ရေနံချေးထည့်ပြီးချက်အိုးပီပါပေါ်မှာရေအပြည့်ထည့်ထားသော မိုးပြဲဒယ်ကြီး တင်ထားရသည်။ အငွေ့ပျံ့လာသော ရေနံငွေ့သည် နံဘေးတွင် ရှုံကာ၍ ရေထဲ မြှုတ်ထားသော ပိုက်လုံးထဲက အအေးဓာတ်ကြောင့် အရည်အဖြစ် တစ်စက်စက် ကျလာရသည်။ ချက်ကြရာ၌ မီးပေး၊ မီးထိုး မှန်ဖို့ အလွန်အရေးကြီး၏။ မီးများလျှင် ပေါက်ကွဲ သွားနိုင်သည်။ ဓာတ်ဆီနှင့် ရေနံဆီ ခွဲခြား ထုတ်တတ်ဖို့ကတော့ ဝါရင့် ကျွမ်းကျင်သူမှသာ သိသည်။ လူတိုင်း မလုပ်တတ် မလုပ်ဝံ့သော အလုပ်ပါတည်း။

ဆရာကိုခွေးမောင်က ပိုက်လုံးငတွင် ခံပုံးတစ်ပုံး လဲထားလိုက်သည်။ တပည့် ဖိုးထောင်က ထင်းတုံးများကို ဖိုကျင်းနားသို့ ရွှေ့နေသည်။ မီးထိုးနေသော သူ့ဘက်မှ ထူးခြားသော ညှော်နံ့ကို သတိထားမိသည်။

"ဟကောင်....ညှော်နံ့လှချည့်လား"

ဆရာ့ အမေးကို ဖိုးထောင်က စပ်ဖြီးဖြီး ဖြေသည်။

"ငှက်လေး ဆရာသမား၊ ငှက်ကလေးတွေပါ"

တစ်ကောင်ကို ငါးကျပ် ခြောက်ကျပ်တန်ကြေး ရှိနေသော ငှက်ကလေးတွေကို ဖိုးထောင်

WWW.DHAMMARANSI.NET



မီးကင်နေသည်။ သွားကြည့်လိုက်တော့ ငါးကောင်တွဲ၊ ခြောက်ကောင်တွဲ ဝါးခြမ်းဖြင့် ညှပ်သီထားသော သီတံလေး ဝါးခုကိုတွေ့ရသည်၊ လောလောလတ်လတ် မီးမြှိုက်ရင်ခွဲ ဆားနယ်ကာသီထားဟန်တူသည်။ ရဲရဲနီနေသည်။ ကိုခွေးမောင်ပင် တံတွေးမျိုမိသည်။ ဆရာ သဘောကျ သွားသည်ကို ဖိုးထောင် ရိပ်မိသည်။ မြောက်လေကလေးက စိမ့်ခနဲ ဖြစ်သွားစေသည်။

"မင်း ဥစ္စာချည်း လုပ်မနေနဲ့ မီးကြည့်ထိုးဦး၊ ပြောပြောဆိုဆိုဖြင့် ကိုခွေးမောင်က ပလတ်စတစ်ပုန်းလေး ဆွဲကာ ရွာဆီ ထွက်သွားသည်။ ဖိုးထောင်က ဆရာ့ အထာကို သိနေသည်မို့ ကျိတ်၍ ပြုံးသည်။

ဆရာသည် အရက်ကို ရံဖန် ရံခါမှ သာသောက်လေ့ရှိသည်။ ယခုရက်ပိုင်း ဆရာ လုံးဝ မသောက်။ လနှင့်ချီ၍ ကြာခဲ့ပြီ။ ယနေ့တော့ အမြည်း ကောင်းပေါပေါနှင့် ဆရာ စိတ်ထိန်းနိုင်ပုံ မပေါ်တော့။ လက်ကျန် မကုန် သေးသော ဖိုးထောင် လက်စွဲတော် ယမကာ ပုံးလေးကို ဆွဲထွက်သွားသည်။ ဖိုးထောင်ကား အရက်ကို ခင်တွယ် နေသူ တစ်ဦးဖြစ်နေသည်မှာ ကြာလှချေပြီ။ အလုပ်ကလည်း ဖြိုင်နေသည်။ ခုတလော ရွာစဉ်ရွာဆက်တွေမှာ ရေနံချက်ဖိုတွေ ခေတ်စား နေသည်။ တစ်ဖို နှားလျှင် သူတို့အဖို့ နောက်ငှားမည့်သူက အသင့်။ လုပ်ခကို ညကြေးနဲ့ပဲ ယူမလား။ ပုံးရေနှင့် ယူမလား တစ်ညကို အနည်းဆုံး ငွေတစ်ရာ။

ဆရာ့ အကြောင်းကို စဉ်းစားရင်း ငှက်ကင်နံ့ကလေးက မွှေးလာသည်။ ရလာခါ စ,တုန်းက ဖျက်ပါ။ ရောင်းချေပါဟု ဇနီးနှင့် သမီးကို ခိုင်းခဲ့သည်။ သူတို့က ခါးခါးသီးသီး ငြင်းလိုက် ကြသည်။ မကြာခင် ဆရာ ကိုခွေးမောင် ပြန်လာသည်။ ရှောက်သီးကြီးတွေပင် ပါလာသေး၏။ စရိုက်ညီ၍ အလိုက်သိသော ဆရာတပည့် နှစ်ယောက်။ ယနေ့ ညအဖို့ မင်္ဂလာ အပေါင်း ခညောင်းပေရော့မည်။

( ၃ )

ကိုရင်နှင့် ကျောင်းသားကလေးများ အရုဏ်ဦး အုန်းမောင်းခေါက်ပြီးချိန်တွင် အမြဲဖွင့်ထားသော ကျောင်းဝင်းတံခါးဆီမှ လူသံတွေကို ကြားလိုက်ရသည်။ ကျောင်းပေါ်မှ ကြည့်လိုက်ရာ လက်နှိပ်ဓာတ်မီးတွေ တဝင်းဝင်းနှင့် လူအုပ်ကြီးကို တွေ့ရသည်။ ဘာများဖြစ်ကြပါလိမ့်။

ရှေ့ဆုံးက ဝင်လာသူမှာ ရွာလူကြီး၊ သူ့နောက်မှာက လူတွေတစ်အုပ်ကြီး ပါလာသည်။ ကျောင်းသား ကိုရင်တွေပင် အထိန့်တလန့်ဖြစ်သွားကြသည်။

"အချိန်မဟုတ် အခါမဟုတ် ကိစ္စ ထူးသလား ဒကာကြီး"

ဆရာတော်က တုန်လှုပ်ခြင်း ကင်းသောလေသံဖြင့် အမေးရှိသည်။

"တင်ပါ့ဘုရား၊ ထူးဆို ဟောဒီ ကိုခွေးမောင်က ဆရာတော်ကို ဘောင်းပန်ချင်လို့ပါတဲ့ ဘုရား" ရွာလူကြီးပြောသော ကိုခွေးမောင်ကို ငှက်ပျောရွက် ခင်းထားသော ဝါးကပ် ထမ်းစင်ပေါ်တွင် ပက်လက်ကလေး တွေ့ရသည်။ ရေနံချက်ဖို ဆရာ ကိုခွေးမောင်ကို ဆရာတော် ကောင်းစွာသိပါသည်။ စင်စစ်အားဖြင့် ဘုန်းကြီးနှင့် ရေနံချက်သူ ပတ်သက်စရာတော့ ဘာမှ မရှိ၊ သို့သော် သူက ရှိပါသည်ဆိုတော့ အံ့အားသင့် ကြရသည်။ ဆရာတော်လည်း နားစွင့်ရဦးတော့မည်။ လက်နှစ်ဘက် လက်မောင်းရင်းထိ အရေလန်ကာ နီရဲနေ၏။ မီးလောင်ထားသော ဆံပင်တစ်ချို့ကြောင့် ခေါင်းတစ်ခြမ်း ပြောင်လုနီးပါး ဖြစ်နေသည်။

WWW.DHAMMARANSI.NET



လုံချည်နီ ငယ်ပိုင်းနှင့် ညှော်နံ့ပင် ပျယ်ချင်သေး။ အုန်းမြေမ်းရေနှင့် သကြား ဖျော်တိုက်ရန် ဆရာတော်က အမိန့်ရှိသည်။သကြားဘူး ကျောင်းအောက် ရောက်လာ၏။ အုန်းပင် ပေါ်တက်သူက တက်သည်။ ငှက်ကလေးတို့က စူးစူး ဝါးဝါး အော်မြည် ပြေးလွှား ကုန်ကြသည်။

"တပည့်တော်ကို ခွင့်လွှတ် ပါဘုရား... ကယ်တော် မူပါ ဘုရား"

ထမ်းစင် ပေါ်က လူနာ၏ ဆို့ဆို့ နစ်နစ် လျှောက်ထား သံသည် ခေါင်းကြက်ပေါ် လာသည်။

"ဒကာကြီး က ဘယ်လို ဖြစ်တာတုံး"

ကိုခွေးမောင်ကတော့ အားငယ်ဝမ်းနည်းခြင်း တို့ကြောင့် အသံပင် မထွက်တော့။ ဖြစ်ပျက်လာပုံကို ရွာလူကြီးက ရှင်းပြသည်။

ညတုန်းက သူနှင့် သူ့ တပည့် ဖိုးထောင်တို့ ရေနံချက်ကြသည်။ သုံးပီပါခန့်ဒကျ သုံးနာရီခန့်တွင် ဖို မီးလောင်သည်။ ရေနံချေး ချက်အိုးထဲကို ရေနံကုန်လျှင် အသစ်ဖြည့်ရသည်။ ထိုစဉ် မီးကို လုံး၀ ငြိမ်းထား ရသည်။ အပူရှိန်လေး ငွေ့ငွေ့ပင် မကျန်စေရ။ ဖို၀ကို ပိတ်သင့်ပိတ်ထားရ၏။ မီးစ မီးနတွေနှင့် ဝေးရာ လေအောက်မှာ ရွှေ့ပြောင်းထားရ၏။ ချက်အိုး ပေါ်က ရေဖြည့် ထားသော မိုးပြဒယ်ကို မ ယူပြီး ဖွင့်လိုက်သည့်အခါ အငွေ့ တထောင်းထောင်း ထနေတတ်သည်။အသစ်လောင်း ထည့်မည့် ရေနံချေးမှာလည်း အငွေ့ရှိသည်၊ ဝေါကနဲ ပြည့်သွား အောင် မလောင်းရ။ နည်းနည်းချင်း လောင်းထည့်ရသည်။ အောက်က မီးရှိန်ဟပ်လျှင် မီးထ လောင် တတ်သည်။

ကိုခွေးမောင် ဆရာပေည့် သက်တန်း တစ်လျှောက် အထိအခိုက် ရှိခဲ့ဖူး။ သို့သော် ထိုညက နှစ် ယောက် လုံး ထွေနေကြသည်။ အရက်ရှိန်ကြောင့် ပေါ့ပေါ့ဆဆ ဖြစ်သွားဟန်တူသည်။ရေနံ ချေး အသစ် လောင်းဆဲမှာပင် မီးစွယ် ဖြစ်ပြီး လက်ကို ဟုတ်ကနဲ ဟုတ်ကနဲ လာလာ ဟပ်သည်။ မီးဖိုကိုလည်း အသေအချာ ပိတ်ဆို့ ငြိမ်းသတ် ထားသည်။ လက်ကို လာလာ ဟပ်တော့ ကိုင်လောင်းနေသော ပီပါ နေရာရွှေ့ကာ ဘေးသို့ ဖိတ်စင်သွား၏။ မီးလျှံ မီးခဲတို့အပေါ် ကျသွားဟန်တူသည်။ ဝုန်းကနဲ ထတောက်သည်။ သာမန်ဆိုလျှင် မီးပင် ငြိမ်းသွားတတ်ပါလျက် ယခုတော့ ဝုန်းကနဲထ,ဘောက်ခြင်းကို သူတို့မစဉ်းစားတတ်။ ပီပါ မီးဆွဲသည်ကို သဲနှင့် ကျုံးပက်သည့် ကြားက မီးအား ပြင်းလာသည်။ ချက်အိုး ပေါက်ကွဲသည်။

"ဖိုးထောင်က တစ်ကိုယ်လုံး လောင်သည်။ ကျွန်းချောင်း ဆေးမှူးက ပခုက္ကူဆေးရုံသို့ ညတွင်းချင်း ပို့လိုက်ရသည်။ သေမည် ရှင်မည် မပြောနိုင်သေး။ ခွေးမောင်ကတော့ ဆရာတော်ဆီကိုပဲ ပို့ပေးဖို့တွင်တွင်တောင်းဆိုသည်၊ ထို့ကြောင့် သူ ကျေနပ်အောင်လာ၍ ပို့ကြ ရခြင်းဖြစ်သည်။

ရှင်းပြတော့မှ ဆရာတော်က ခေါင်းငြိတ်သည်။

"ပျောက်ချိန် တန်ရင် ပျောက် မှာ ပေါ့ ဒကာကြီး"

ဆရာတော်သည် ကြောင့်ကြမဲ့ စကားကို တုန်လှုပ်ခြင်းကင်းစွာ ဆိုသည်။

မပျောက်လို့ သေမှာကို တပည့်တော် မကြောက်ပါဘူး ဘုရား၊ အရှင်ဘုရား ခွင့်လွှတ်ရင်သေပျော်ပါပြီ ဘုရား"

ကိုခွေးမောင် စကားကြောင့် အားလုံး စဉ်းစားရကျပ်ကုန်ကြသည်။ ဆရာတော်ကသူ့ဘာသာ နေတာ ဘာများ ခွင့်မလွှတ်စရာ ရှိသနည်းဟု တောင်တွေး မြောက်တွေး တွေးကုန်ကြသည်။

"ဘုန်းကြီးက အရာရာကို ခွင့်လွှတ်ပြီးသားပါ။ နေကောင်း သလိုသာနေပါ ဒကာကြီး"

စာမျက်နှာ (၅၇)သို့




မြင့်မားသော တောင်များကို ကျော်ခဲ့၏။ နက်ရှိုင်းသော လျှိုများကို ဖြတ်ခဲ့၏။ ခရီးပန်းသဖြင့် ကိုယ်ခန္ဓာမှာ နွမ်းနေ၏။

ရသေ့မြတ်ကား ဤကဲ့သို့ အလွန့်တရာနွမ်းလျမောပန်း နေသော်လည်း လန်းဆန်းနေသည်။ ကျက်သရေရှိစွာ ခန့်ညား တည်ငြိမ်နေသော မျက်နှာတွင် နှစ်သိမ့် ချမ်းမြေ့မှု ယှက်သန်းနေသည်။

ဟိမဝန္တာ၏ တောင်စဉ်တောင်တန်းလျှိုမြောင် စိမ့်စမ်းတို့ကို ဖြတ်ကျော်ရသည်မှာ ခက်ခဲပင်ပန်းလှ၏။

ထိုဟိမဝန္တာ တောင်တန်းကို ဖြတ်သန်းလာခဲ့ရသော ရသေ့မြတ်၏ခြေတို့သည် ဖူးဖူးရောင်လျက်ရှိ၏။ အခရပြားများ စုတ်ပြတ်နေ၏။ သွေးစိမ်းရှင်ရှင် ထွက်နေ၏။ သို့သော် ယင်းဒုက္ခ ဝေဒနာတို့သည် သူ့ကို တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားခြင်း မရှိပေ။ အကြောင်းမှာ သူသည် ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကို အောင်နိုင်ထားသူ ဖြစ်သောကြောင့်တည်း။ ချမ်းသာခြင်းနှင့် တွေ့ခြင်းကြောင့် ကြည်မွေ့ပျော်ရွှင်ခြင်း မရှိသကဲ့သို့ ဆင်းရဲခြင်းနှင့် တွေ့ခြင်းကြောင့်လည်း ဆွေးမြည့် တုန်လှုပ်ခြင်း မရှိပါတော့ချေ။

WWW.DHAMMARANSI.NET



ရသေ့မြတ်ကား ဥစ္စာ စည်းစိမ် ဂုဏ်သိန်တို့ဖြင့် ပြည့်စုံပေါကြွယ်သော သေဌေးကြီး တစ်ဦး၏ သား ကုဏ္ဍလဖြစ်သည်။

ဗြာဟ္မဏမျိုးဖြစ်၍ အကျင့်သီလသိက္ခာနှင့် ပြည့်စုံသည်။ တည်ငြိမ်လေးနက်သော ဣန္ဒြေ ရှိသည်။

သူ၏ အလှ ကား ကိန္နရာလို နွဲ့နွဲ့နှောင်းနှောင်း လှပခြင်းမျိုး မဟုတ်။ ယောကျ်ား ပီသစွာ ခံ့ညားထယ်ဝါသော အချိုး အဆစ် ကျနသည့် ခြင်္သေ့မင်း၏ အလှမျိုး ဖြစ်သည်။

ကုဏ္ဍလ လုလင်သည် ငယ်စဉ်ကပင် တက္ကသိုလ်သို့ ရောက်ခဲ့၏။ ယောကျ်ားတို့ တတ်အပ်သော အဋ္ဌာရသ ပညာရပ်များကို သင်ကြားခဲ့၏။

ကုဋေရှစ်ဆယ်မျှသော ဥစ္စာစုတို့ကို မိဘများ ထံမှအမွေရခဲ့၏။ သို့သော် ထိုပစ္စည်း ဥစ္စာများ ပေါ်တွင် တွယ်တာမက်မောခြင်း မရှိခဲ့။

"ဤအရာ ဝတ္ထု အားလုံးတို့သည် ထာဝရ အားဖြင့် တည်မြဲနေသလား"

"တမလွန်သို့ ကူးပြောင်းသော သူတို့သည် လည်း ဤသို့သော ခြွေရံသင်းပင်းနှင့် ဥစ္စာစည်းစိမ်ဂုဏ်သိန် အမျိုးဇာတ်တို့ကို သယ်ဆောင်၍သွား နိုင်လေသလား"

"မျှတသည်ထက် ပိုလျှံသော ဥစ္စာစုတို့ကို ဘယ်အတွက် ရှာမှီးသိမ်းဆည်း၍ နေကြပါသလဲ၊ အမျိုးဇာတ်ဆိုသည်ကိုလည်း ဘယ်အတွက် သတ်မှတ်နေကြပါသလဲ၊ ခြွေရံ သင်းပင်းတို့ကိုလည်း ဘယ်အတွက် စွဲမက် နေကြပါသလဲ"

"စွဲမက်ဖွယ်သည် ဘာလဲ၊ စွဲမက်တတ်သော သဘောသည် ဘာလဲ။ မည်သည့် အရာများကို သာတမလွန်သို့ ယူဆောင် သွားနိုင် ပါသနည်း"

အတွေး၏ အဆုံးတွင် သူသည် မိဘများ ကွယ်လွန်သောအခါတွင် သိန်းသန်း ကုဋေမက များပြားလှသော ပစ္စည်း ဥစ္စာ ရတနာများကို အလှူခံ တို့အား အလိုရှိ တိုင်း ပေးလှူလိုက်လေ၏။

"အလှူခံတို့၏ အလို ဆန္ဒများ ပြည့်ဝ သလို သူ၏ အလို ဆန္ဒများလည်း ပြည့်ဝပါစေ" ဟူ၏

သူ၏ ဆန္ဒမှာ "အလုံးစုံကို သိသော ဉာဏ် အမြင်ကို ရယူလိုခြင်းပင် ဖြစ်လေသည်။ ဤအလှူသည် ထိုဉာဏ်ကို ရရှိဖို့ရန် အတွက် အကြောင်း ရင်း ဖြစ်စေလိုသည်။

သူသည် ပစ္စည်း ဥစ္စာ ရတနာများကို လှူဒါန်း ပြီးသော အခါ၌ ရသေ့ဝတ်၍ တောကြီး မြိုင်လယ်များဆီသို့ကြွခဲ့၏။ သတိနှင့် ယှဉ်သော တရား အမှတ် များ၌သာ မွေ့လျော်ခဲ့၏။ ဤသို့ မြဲမြံသော တရား၏ အမှတ် သညာများဖြင့် တဖြည်း ဖြည်း တစ်စစ တောသို့ထွက်ကြွလာရာမှ ဟိမဝန္တာ တောင်သို့ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။

သူ့ကို အများက ခန္တိဝါဒီ ရသေ့ဟု ခေါ်ကြ၏။ သူသည် သစ်သီး သစ်ရွက်တို့ဖြင့်သာ ရောင့်ရဲခဲ့သည်။ သစ်မြစ် သစ်ခေါက်တို့ဖြင့်သာ တင်းတိမ်ခဲ့သည်။ ဤသို့ ကြာရှည်စွာ စားသောက် လာသော အခါ၌ လိုအပ်သော အာဟာရဓာတ်များ မပြည့်စုံသဖြင့် အရိုးအဆစ်များ ထုံကျင်ကိုက်ခဲလာသည်။ အသား အရေများ ဖြူရော်လာသည်။

ထို့ကြောင့် ယခု သူသည် ချဉ်ဆား အလို့ငှာ တောတောင်ဌာနီမှ လူတို့ဆီသို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

ခန္တိဝါဒီ ရသေ့မြတ်သည် ဗာရာဏသီပြည် ကလာဗုမင်း၏ ဉယျာဉ်သို့ ရောက်ခဲ့၏။ ကိုယ်လက်များ ခံ့ကျန်းရန် ထို ဉယျာဉ်၌ပင် သီတင်းသုံး နေကာ နံနက်ချိန်တွင်မူ ဆွမ်းအလို့ငှာ မြို့သို့ ဝင်ခဲ့၏။

တစ်နေ့၌ ကလာဗုမင်း၏ စစ်သူကြီး အိမ်သို့ ရောက်လာ၏။ ရသေ့မြတ်သည် တည်ငြိမ်သော

WWW.DHAMMARANSI.NET



ဏ္ဍန္ဒြေဖြင့် စစ်သူကြီး၏ အိမ်တံခါးတွင် ရပ်နေခဲ့ပေသည်။

စစ်သူကြီးသည် ရသေ့မြတ်ကို ဖူးတွေ့ရသောအခါ၌ ကြည်ညိုစိတ်များ ယိုဖိတ်လာ၏။ သဒ္ဓါတရားများ ပွားများလာ၏။ စစ်သူကြီးသည် လက်အုပ်ချီလျက် ရသေ့၏ ထံပါးသို့ ရိုသေစွာ ချဉ်းကပ်ခဲ့သည်။ တည်ခြင်း ငါးပါးဖြင့်လည်း ဝပ်တွားကာ ရှိခိုးခဲ့သည်။

"အရှင်မြတ်ဘုရား အိမ်အထက်သို့ ကြွ၍ ဆွမ်းအလှူ ခံတော်မူပါ"

စစ်သူကြီးသည် ရသေ့မြတ်အား ဤသို့ ပင့်ဆောင်၍ မိမိ စားအံ့သော အစားအစာများကို ဆက်ကပ် လှူဒါန်းခဲ့ပေသည်။ နေ့စဉ်ပင် ဆွမ်းအလှူခံ ကြွရန်ကိုလည်း ပင့်လျှောက် ခဲ့သည်။ ရသေ့မြတ်သည် ဆိတ်ဆိတ် နေခြင်းဖြင့် စစ်သူကြီး၏ ပင့်ဖိတ်ချက်ကို လက်ခံခဲ့သည်။

* * *

ကလာဗုမင်း၏ နန်းတော်တွင် တူရိယာသံတို့ဖြင့် လွှမ်းဖုံးနေသည်။ မောင်းမ မိဿံ ခြွေရံသင်းပင်းတို့သည်လည်း ပျားပန်းခပ် သွားလာနေကြသည်။ ကလာဗုမင်းသည် ကချေသည်တို့ဖြင့် ပျော်ပွဲခံနေခြင်း ဖြစ်သည်။

မြူး၍ ညို့၍ လှုပ်လှုပ် ရွရွ ကနေသော ကချေသည်တို့၏ က,ဟန်သည် ကလာဗုမင်းအား ရမ္မက်နိုင်ငံသို့ ဆွဲ၍ ခေါ်နေသည်။ ကလာဗုမင်းသည် သူရာခွက်ကို ကိုင်ရင်းမှ ကချေသည်ဆီသို့ ငေးနေသည်။ သူရာခိုးတို့ဖြင့် စိုးတဝါး ဖြစ်နေသော ကလာဗုမင်း၏ မျက်လုံးတွင် ရမ္မက်ခိုးများ ထွက်နေသည်။ တပ်မက်မှုများ ဝင်းဝင်းလက်နေသည်။ ကလာဗုမင်းသည် သူရာများ ပြည့်နေသော ရွှေခွက်ကို လွှင့်၍ ပစ်လိုက်၏။ ကချေသည်ထံသို့ သွားရန် အားယူလိုက်သည်။

တစ်ကိုယ်လုံးသို့ ပျံ့နှံ့စီးဆင်းနေသော သူရာ၏ ဆွဲငင်မှုကြောင့် မထ,နိုင် ယိမ်းထိုး လှုပ်ရှားနေရာမှ အနီးရှိ ကချေသည်မ၏ ရင်ခွင်ပေါ်သို့ လဲကျသွားသည်။ သူသည် ယိမ်းယိုင် လဲကျသွားရာမှ ပြန်လည် ထ,နိုင်ခြင်းမရှိဘဲ သူအမြတ်နိုးဆုံး ကချေသည်၏ ရင်ခွင်ပေါ်မှာပင် အိပ်ပျော် သွားပေသည်။ ထို ကချေသည်က အချက် ပြလိုက်သဖြင့် ဆိုင်းသံ ဗုံသံများ ရုတ်တရက် ရပ်သွား၏။

တီးမှုတ် ကခုန်နေသော ကချေသည်တို့သည် အနား ရသဖြင့် ဥယျာဉ်တွင်းသို့ ဆင်းခဲ့ကြသည်။ ဥယျာဉ်မှာ သစ်ပင်ပန်းမန်တို့ဖြင့် ရှုမောဖွယ်ရာ သာယာလှသည်။

တန်ခူးအကုန် ကဆုန်အကူးဖြစ်၍ ပုရစ်ဖူးများ လန်လူး ထွက်ကြွ မြရည်များ ခ,နေသည်။ အပြွတ်လိုက် တွဲရရွဲ ဆွဲနေသော သရက်ကင်းများကား လေပြည် အသွဲတွင် တန္ဒွဲ့ယိမ်းခါ နေကြသည်။ ပန်းရနံ့များကမူ လေချို အသွေးတွင် သင်းပျံ့ပျံ့ မွှေးနေ၏။

ကချေသည်တို့သည် ဥယျာဉ်အတွင်းသို့ လှည့်လည်ရင်းမှ ခန္တီဝါဒီ ရသေ့မြတ်ကို မြင်တွေ့လျှင်



WWW.DHAMMARANSI.NET



ဖူးတွေ့ကြရသည်။ ခန္တီဝါဒီ ရသေ့မြတ်သည် အဖူးအပွင့်တို့ဖြင့် ထူးတင့် ဝေဆာလှသော အင်ကြင်းပင်ရင်းတွင် ထက်ဝယ်ဖွဲ့ ခွေကာ ထိုင်နေ၏။ တရား၏ အာရုံတွင် ခိုဝင် တည်ငြိမ်နေ၏။ ဖူးတွေ့ရသည်မှာ ရွှေဆင်းတုနှယ် သပ္ပာယ် လှ၏။

ကာမဂုဏ် ရမ္မက်တွင်းသို့သာ သက်ဆင်းပျော်ပါး၍ ဘဝ၏ အနှစ်ကို ပျော်မွေ့ နေကြသော ကချေသည်တို့သည် ရသေ့မြတ်ကို ဖူးတွေ့ရသော အချိန်အခါ၌ သဒ္ဓါဓာတ်များ ရိုက်ခတ် လာကြသည်။ ကြည်ညိုစိတ်များ ယိုဖိတ် လာကြသည်။ ဤသို့ ကြည်ညို သဒ္ဓါထူးများ ကွန့်မြူး လာကြသဖြင့်လည်း ရသေ့ထံရင်း ဝပ်စင်း ခစားကာ တရားဓမ္မ ချီးမြှင့် ဟောကြားရန်ကို တောင်းပန်ခဲ့ကြသည်။

ရသေ့မြတ်သည် ချထားအပ်သော မျက်လွှာကို အတန်ငယ် ပင့်မ၍ ကြည့်လိုက်၏။

"အရာ အားလုံးကို သည်းခံခြင်းသည် ထူးမြတ်သော စောင့်စည်းမှု ဖြစ်သည်။ မိမိထံသို့ ကျရောက်ထိပါးလာသော ကောင်းမှု မကောင်းမှု အားလုံးတို့အား မြေကြီးနှင့် ထပ်တူ ခံနိုင်ရည် ရှိရမည်။ မြေကြီးသည် အမွှေးနံ့သာ သွန်းလောင်းသည်ကိုလည်း ခံနိုင်သည်။ အညစ်အကြေး စွန့်သည်ကိုလည်း ခံနိုင်သည်။ မည်သို့မျှ ထူးခြားခြင်း မရှိ။ အနည်းငယ်မျှ ရွေ့လျား တုန်လှုပ်ခြင်း မရှိ။ ပကတိသော ခံနိုင်ရည်များ ပြည့်စုံ နေပေသည်။

ရသေ့မြတ်သည် ကချေသည်တို့အား ဤသို့ အစချီသော တရားစကားကို ဟောကြား လာသည်။ အသံမှာ ကြည်လင် ပြတ်သား၏။ တည်ငြိမ် လေးနက်၏။ ဩဇာဓာတ်များ လွှမ်းမိုး ပါဝင်နေ၏။ အဒဝါးမှ တည်နေသော ခြွေရံ သင်းပင်းများ တဖြည်းဖြည်း တရား ဟောရာသို့ ရောက်ရှိလာကြသည်။ ပရိသတ်များဖြင့် စည်ကား နေပေသည်။

ဤ အခြင်းအရာများကို ပြောကြားလိုသဖြင့် မင်းအား ရင်ဖြင့် ခံယူပွေ့ သိပ်ထားသော မင်း၏ အမြတ်နိုးဆုံး ကချေသည်မသည် မင်းကို နိုးစေ၏။ မင်းသည် သီဆို တီးမှုတ် က,ခုန်နေသော ကချေသည်မတို့ကို မမြင်သောအခါ....

"ငါ၏ အမိန့် မရဘဲ ကချေသည် မိန်းမပျက်များ ဘယ်ထွက်သွားသလဲ"

"ရသေ့ တစ်ပါး၏ အထံသို့ သွားရောက်ခစား ဝန်းရံနေပါတယ် အရှင်"

"အယုတ်မများ ငါ၏ အကြောင်းကို သိစေမယ်၊ ရသေ့ စဉ်းလဲကို သန်လျက်ဖြင့် အပိုင်းပိုင်း ဖြတ်၍ သတ်ရအံ့"

ကလာဗုမင်းသည် သန်လျက်ကို ဆွဲ၍ ရသေ့မြတ်ထံသို့ ထွက်သွားသည်။ အမျက်ထွက်၍ လာသော မင်းကို မြင်သဖြင့် ကချေသည်တို့သည် ရုတ်ရုတ် သဲသဲ ဖြစ်သွား၏။ မင်းနှင့် ကျွမ်းဝင်ကုန်သော ကချေသည်တို့ကမူ မင်းအား ကြိုလင့်၍ တောင်းပန်ကြသည်။ သို့ဖြင့် မင်းထံမှ သံလျက်ကို ချော့မြှူ တောင်းခံကာ ယူထားနိုင်လိုက်ကြသည်။

ကလာဗုမင်းသည် ရသေ့မြတ်ထံသို့ ဆက်လက်၍ ချဉ်းကပ်သွားကာ—

"ဟယ်....ရသေ့၊ သင်၌ အဘယ်ဝါဒ ရှိသလဲ"

"မြတ်သော မင်းကြီး၊ ငါ၌ ခန္တီဝါဒ ရှိသည်"

"မည်သည့် အရာကို ခန္တီဟု ခေါ်သလဲ"

"ဆဲရေး ပုတ်ခတ်ကုန်သော သူတို့၌ အမျက်မထွက်ခြင်းသည် ခန္တီ မည်ပေသည်"

"ရသေ့ ဤသို့ ဆိုလျှင် သင့်အား ခန္တီတရား ကျင့်သုံးသည်၊ မကျင့်သုံးသည်ကို စမ်းသပ်အံ့"

ကလာဗု မင်းသည် ပါးကွက် အားကာသသားတို့အား အခေါ်လွှတ်လိုက်၏။ များပြားစွာ သောက်ထားသော သူရာ၏ အခိုးအငွေ့များက ကလာဗုမင်းအား ဖမ်းစားထားသည်။ ခြေခိုင်ခိုင်ဖြင့် မတ်တတ်ရပ်၍ မနေနိုင်။ ကမချသည်များ တွဲထား

WWW.DHAMMARANSI.NET



သည့်ကြားကပင် ဘယ်တိမ်း ညာယိုင်ဖြင့် မဟန်နိုင်ဖြစ်နေသည်။

မျက်လုံးကမူ အင်ကြင်းပင်အောက်တွင် ထက်ဝယ်ဖွဲ့ခွေနေသော ရသေ့မြတ်အား စူးစူး ဝါးဝါးကြည့်နေ၏။ သူ၏ မျက်လုံးတွင် အမျက်ထိုးခြင်း၊ ရန်ငြိုးထားခြင်းများ ရှိနေသည်။ ကမင်းရွဲ့ထားသော နှုတ်ခမ်း၌မူ အထင်သေးခြင်းနှင့် မထီမဲ့မြင် ပြုလုပ်လိုခြင်းများ အထင်းသားပေါ်နေသည်။

ပြိတ္တာကဲ့သို့ ဝ၍ ဘီလူးကဲ့သို့ အရုပ်ဆိုးလှသော ပါးကွက် အာဏာသားသည် ကလာဗုမင်း၏ ရှေ့မှောက်သို့ ရောက်လာ၏။ ပုဆိုးနီကို အောက်ပိုးကြိုက်၍ ပန်းနီကို ပန်ထား၏။ ဘယ်လက်တွင် ပုဆိန်ကို ကိုင်၍ ညာလက်တွင် အဆူးတပ်သော ကြိမ်ကို ကိုင်ထား၏။

"အာဏာသား....ဤရသေ့ပျက်ကို ဆွဲငင် ထုထောင်း၍ မြေမှာ လဲစေလော့၊ အဆူးတပ်သော ကြိမ်ဖြင့် ကျော ငါးရာ ရင်ငါးရာ နံပါး နှစ်ဘက် တစ်ဘက် ငါးရာစီ ပြင်းထန်စွာ ရိုက်လော့"

အာဏာသားသည် ရသေ့မြတ်ကို ဆွဲငင်တွန်းထိုး၍ မြေတွင်လဲစေလိုက်သည်။ ရသေ့မြတ်သည် ကျောက်ရုပ်ထု တစ်ခုကဲ့သို့ ပြုမူသမျှကို မလှုန့်မလှုပ်သာ ငြိမ်၍ ခံနေ၏။ အဆူးတပ်သော ကြိမ်ဖြင့် လှိမ့်၍ လှိမ့်၍ ရိုက်၏။ အော်ဟစ်ညည်းညူခြင်း၊ တွန့်လိမ် လှုပ်ရှားခြင်း၊ အလျဉ်းမရှိခဲ့။

ရိုက်ချက်မှာ ပြင်းလွန်း သဖြင့် ဆူးတွင် မက ကြိမ်သည်ပင် အသားထဲသို့ နစ်၍နစ်၍ ဝင်သွားသည်။ သွေးများ ယိုစီးထွက်ကျ နေသဖြင့် ရသေ့မြတ်၏ ကိုယ်ခန္ဓာသည် အသားတစ်ကြီးကဲ့သို့ ရဲရဲနီနေပေသည်။

အသားအရေ စုတ်ပြတ်၍ သွေး အလိမ်းလိမ်း ဖြစ်ရှိနေသော်လည်း ရသေ့မြတ်သည် တွန့်သည့်ဆိုရုံမျှ မတွန့်၊ မလှုပ်။ ထူးဆန်း အံ့သြဖွယ်သော ခံနိုင်သည့် စွမ်းရည် သတ္တိများနှင့် ပြည့်စုံနေသည်။

အရှိန်အဝါ တန်ခိုးသတ္တိ တစ်ခုခုက လိုက်လံစောင့်ရှောက် နေသကဲ့သို့လည်းကောင်း၊ မမြင်ရသော အရိပ်အယောင် တစ်ခုခုက ကူညီ ဖေးမနေသကဲ့သို့လည်းကောင်း ထင်ရ၏။ ဤကား ရသေ့မြတ်၏ အမြဲမပြတ် လေ့ကျင့်လာခဲ့သော အလေ့အကျင့်၏ ထက်မြက်စူးရှလှသည့် အစွမ်းသတ္တိပင် ဖြစ်ပေသည်။

အာဏာသားသည် ကြိမ်ဒဏ် ရိုက်ချက် စေ့၍ ရပ်လိုက်သည်။ ရသေ့မြတ်၌ မည်သို့မျှ မနေသော်လည်း အာဏာသားမှာ မောနေသည်။ ကိုယ်ခန္ဓာကလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။ မင်းကြီးက တဖန် မေးလိုက်ပြန်သည်။

"ဆိုဦးလော့ ရသေ့စဉ်းလဲ၊ သင့်တွင် အဘယ် အယူဝါဒ ရှိသနည်း"

"မြတ်သော မင်းကြီး ငါ၌ ခန္တိဝါဒ ရှိ၏"

ကလာဗုမင်းသည် ပျက်ရယ် ပြုသောသံကို ပြုလိုက်၏။ ပြီးနောက် အာဏာသားကို အမိန့်ပေးလိုက်သည်။

"ဤ ရသေ့ပျက်၏ လက်နှစ်ဘက်ကို ဖြတ်လော"

အာဏာသားသည် ထက်စွာသော ပုဆိန်ကိုဆွဲကိုင်လိုက်၏။ သွေးအလိမ်းလိမ်း ကပ်နေသော ရသေ့မြတ်၏လက်ကို ဆွဲယူလျက် အဆစ်မှ ဖြတ်လိုက်၏။ သွေးတို့သည် ရေပန်းများသဖွယ်စီးဆင်းလာသည်။

ကလာဗုမင်းသည် ခြေကိုအဖြတ်ခိုင်းပြန်သည်။ လက်မနှေးအာဏာသားလည်း ရသေ့မြတ်၏ ခြေထောက် နှစ်ဘက်ကို ဒူးဆစ်မှ ဖြတ်တောက်လိုက်၏။

WWW.DHAMMARANSI.NET



ဆွေး ပင်လယ်ကြီး ဝေသွားတော့သည်။ သို့သော် ရသေ့မြတ်သည် မတုန်လှုပ်၊မညှိုးပန်းကဲ့သို့ လန်းဆန်းနေလျက် ရှိသည်။

ကချေသည်တို့သည် မကြည့်ရဲ။ မကြည့်ရက်သဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားကြသည်။ သူတို့၏ ရင်မှာ ဖိုလှိုက် တုန်ယင်နေကြသည်။

× × ×

"ရသေ့ပျက်၊ သင့်တွင် ခန္တီဝါဒ ရှိသည်ဟု ပြောလိုသေးသလား"

"မြတ်သောမင်းကြီး ငါ့တွင် ခန္တီဝါဒ ရှိ၏"

ကလာဗုမင်းသည် ရသေ့မြတ်၏ ရင်ဝထို ခြေဖြင့် ဆောင့်ထန်လိုက်လေ၏။

ထို့နောက် သူ၏ ကချေသည် များနှင့်အတူ ထွက်သွား၏။

ထိုတွင် စစ်သူကြီးသည် သွေးအိုင်ထဲတွင် လဲနေသော ခန္တီရသေ့ထံ ချဉ်းကပ်၍ ဤသို့ ဆိုလေ၏။

"ရှင်ရသေ့၏ ခြေ၊ လက်၊ နှာသီးတို့ကို ဖြတ်သော မင်းအားသာ အမျက် ထွက်တော်မူပါ၊ အခြားသော တိုင်းသူပြည်သားတို့အား အမျက် မထွက်ပါလင့်"

ရသေ့က ပြန်၍ ဖြေသည်။


"စစ်သူကြီး ငါသည် မင်းအား စိုးစိမျှအမျက် မထွက်ပါ၊ အခြားသော တိုင်းသူ ပြည်သားတို့ အပေါ်၌လည်း အမျက်မထွက်ပါ"

ရသေ့မြတ်မှာ ဒဏ်ရာများ ပြည့်နှက်နေသော်လည်း ယုံကြည်မှု အလင်းရောင်ကား ရှိနေဆဲဖြစ်၏။ သို့သော် ခန္ဓာမှာ သွေးဆုတ်လာပြီဖြစ်သဖြင့် စစ်သူကြီးအား ထပ်၍ စကားဆိုရန် မစွမ်းနိုင်တော့ဘဲ ရသေ့မြတ်သည် မြေတွင် တုံးလုံးလဲကာ ပျံလွန်တော်မူလေ၏။


ထိုအကြောင်းခြင်းရာသည် တစ်မုဟုတ်ခြင်း ဗာရာဏသီမြို့တွင်းသို့ ပျံ့နှံ့သွားရာ လူ အပေါင်းတို့သည် သောင်းသောင်းဖျဖျ ရောက်လာကြ၍ ခန္တီဝါဒီရသေ့မြတ်၏ရုပ်အလောင်းကိုမီးသင်္ဂြိုဟ်လိုက်ကြလေ၏။ သို့ရာတွင် မီးမလောင်နိုင်သော ခန္တီအယူဝါဒကား ကမ္ဘာမပျက်သရွေ့ ရှိနေဦးမည်။

(စတုတ္ထနိပါတ၊ ပုဒိ မန္တ ဝဂ်၊ ခန္တီဝါဒီဇာတက) ကို မှီငြမ်း ပြုစုရေးသားပါသည်။

မွန်ပီယ




ပင်ရင်း၊၁၀၉၊၅၁-လမ်း၊ ရန်ကုန် ။ အမြို့မြို့ဆိုင်တိုင်းမှာရနိုင်ပါသည်



# မြတ်နိုးဖွယ်ရာရိုးရာဓလေ့ ယောင်တောင်လျှင်

ယော်လမြိုင်တက္ကသိုလ်

မြန်မာတို့ လက်ခံထားသော ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့ တစ်ခုမှာ အလှူဒါန ပြုပြီး ရေစက်သွန်းချ အမျှပေးဝေခြင်း ဖြစ်သည်။ မိမိ၏ ကုသိုလ် ကောင်းမှုအဖို့ကို သတ္တဝါ အားလုံး မိမိနှင့် ထပ်တူ အညီအမျှ ကောင်းကျိုး အထွေထွေ ရကြစေလိုသောကြောင့် ဖြစ်သည်။

ရေစက်သွန်းချမှုသည် ရေနှင့်တကွ လှူဖွယ်ပစ္စည်းများကို ပေးလှူခြင်းပင် ဖြစ်သည်။ ဇာတကအဋ္ဌကထာ ပဉ္စမအုပ်တွင် ကောသိယရသေ့သည် သိကြားမင်း၏ သမီး ဟိရီနတ် သမီးအား နတ်သြဇာကို ပေးစွန့် လှူဒါန်းရာ၌ အလှူရေနှင့်တကွ စွန့်ကြဲ လှူဒါန်းကြောင်း ပါရှိပါသည်။

ဇာတကအဋ္ဌကထာ ပထမအုပ်တွင် အနာထပိဏ်သေဋ္ဌေးကြီး ဇေတဝန်ကျောင်းကို လှူရာ၌လည်းကောင်း၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာ ပထမအုပ်တွင် ဒေဝါနံပိယတိဿ မင်းကြီး မဟာမေဃဝန် ဥယျာဉ်ကို လှူရာ၌လည်းကောင်း၊ သာရတ္ထဒီပနီဋီကာ တတိယ အုပ်တွင် စိတ္တ သူကြွယ်က အမ္ဗာဋက ဥယျာဉ်ကို လှူရာ၌ လည်းကောင်း "အလှူခံပုဂ္ဂိုလ်တို့၏ လက်၌ အလှူရေကို သွန်းချ လှူဒါန်းကြသည်" ဟု တွေ့ရသည်။

ဤသို့ အလှူရေကို အလှူခံ၏ လက်ပေါ် သွန်းချ လှူဒါန်းရာတွင် လှူဖွယ် ပစ္စည်းများ မလှူသေးမီ ရေကို ဦးစွာ သွန်းချလှူဒါန်းသည် ဟု ဆိုပါသည်။ ဝိမတိဝိနောဒနီဋီကာ ဒုတိယ အုပ်တွင် "ရေကို ဦးစွာ သွန်းချ လှူဒါန်းပြီး၍ နောက်မှ (သက်နှိးကို) လှူဒါန်း၏" ဟု ဖော်ပြထားချက် ရှိပါသည်။

WWW.DHAMMARANSI.NET



မျက်မှောက်ခေတ် ကာလ၌ကား အလှူပစ္စည်းများ လှူဒါန်းပြီးမှ ရေတစ်စက်ချင်း ချသည့် ရေစက်ချခြင်း အမှုကို ပြုကြပါသည်။ ထိုရေစက်ချပုံနှင့် ပတ်သက်၍ ဆရာတော်ဦး အရှင်ဇနကာဘိဝံသက သူ၏ ရတနာ့ဂုဏ်ရည် ကျမ်းတွင်....

"ရှေးအခါက အလှူဒါန ပြုရာတိုင်း ဝယ် ကြည်လင်အေးမြသော လက္ခဏာကို ဖော်ပြဖို့ရာ ရေကို အလှူခံ ပုဂ္ဂိုလ်၏လက်၌ လောင်းထည့် သွန်းချ၍ ပေးလှူလေ့ ရှိကြဟန်တူသည်။ ယခုကာလ တစက်စက် ကျနေသော ရေစက်ချသည်။ ထိုထုံးစံကို လိုက်ဟန်ရှိသော်လည်း ထိုရှေး စံနစ်နှင့် မတူချေ။ ထို့ကြောင့် ဘာသာရေးကိစ္စ၌ သဘာဝကျကျ ပြုမြင်လိုသော အမျိုးသား အမျိုးသမီး တို့သည် ဘုန်းကြီးက ချပေး တိုင်း လိုက်ဆိုရသော ဆုတောင်းနှင့် တစ်စက်တစ်စက် ချရသော ရေကို အလှူခံပုဂ္ဂိုလ်၏ လက်ပေါ်မှာဖြစ်စေ၊ မြေပေါ်မှာ ဖြစ်စေ သွန်းလောင်း၍ အလိုရှိရာဆုကို ကိုယ့်ဘာသာ တောင်းသော ရှေးအကျဆုံး မူဟောင်းကိုသာ လိုက်သင့် ကြပေသည်"

ဟု တိုက်တွန်းထားပါသည်။

အလှူရေစက်သွန်းချမှုနှင့် ပတ်သက်၍ ရှေးခေတ် ကျင့်ထုံးနှင့် ယခု မျက်မှောက်ခေတ်သို့ မရောက်မီ ပုဂံခေတ် စသည့် ခေတ်များက မည်ကဲ့သို့ ရေစက်သွန်းချ လှူဒါန်းကြပါသနည်း။

သက္ကရာဇ် ၄၄၃ ခု ထိုး၊ သက်စိုးတောင်ပေါ်တော်မူ ဘုရား ကျောက်စာတွင်....

"ရေချမ်း၏သို့လည်း ချမ်းသာ သတိ ရှိစေသဘည်း။ ရေလုံပူသကဲ့သို့လည်းအမျိုး (၇)ဆက် အလုံး ချမ်းသာမရှိ ပူပန်တည့်လျှင် ဖြစ်စေသတည်း"

ဟူ၍ ရေလုံ ရေချမ်းဖြင့် သွန်းလောင်း လှူဒါန်းခဲ့သည်ကို တွေ့ရသည်။ ရေလုံမှာ ရေနွေး ရေပူဖြစ်၍ ရေချမ်းမှာ ရေအေးကို ဆိုလိုပါသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်ထိုး မြစေတီကျောက်စာ ပါဠိမျက်နှာပြင်တွင်—

'ထို မထေရ်မြတ် ဖြစ်သော ရဟန်းတော်တို့၏ မျက်မှောက်၌ ထို ကောင်းသော စိတ်နှလုံးရှိသော မင်းကြီးသည် မြေအပြင်ကို သက်သေပြု၍ ရေစက် သွန်းချတော်မူ၏"

ဟု ရေးထိုးထားပါသည်။

သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး ညောင်ရမ်းကြီးသမီး ကျောက်စာ (ကဿပကျောင်း - ၁) တွင် အတွင်းပစ္စည်း ပတ္တမြား၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဖြူ စသော ပစ္စည်းများနှင့် ဆင်၊ နွား၊ ကျွဲ စသော သတ္တဝါများ၊ ဥယျာဉ်များကို ဘုရားသာသနာအား လှူပြီးနောက်....

"မြေကြီး ဝသုန်တာရေ (ဝသုန္ဒရီ) လျှင် သက်သေမူ၍ အလှူရေ သွန်း၏"

ဟု ဖော်ပြထား၏။

သက္ကရာဇ် ၆၀၇ ခုနှစ်၊ ကျစွာ မင်းကြီး ကျောက်စာတွင် သာသနာ ပြန့်ပွားစိမ့်သောငှာ ကျောင်း၊ ဇရပ်တို့ကို လှူ၍....

"ရေမြေ့ သခင် ဖြစ်လိုချင်၊ ငါ တောင်းသော ဆု ပြည့်လို၍ အလှူရေ သွန်း၍ လှူ၏"

ဟု ဖော်ပြထား၏။

သက္ကရာဇ် ၆၆၂ နှစ် ထိုး တလပုံမင်း ခေါ် တရုတ်ပြေးမင်း ကျောက်စာတွင်....

"မြတ်ကြီး မဟာကဿပလက် ရေစင် တင်ချ၍ လှူသတည်း"

ဟု ပြဆိုထား၏။

WWW.DHAMMARANSI.NET



သက္ကရာဇ် ၆၇၄ ခုနှစ်ထိုး၊ ပင်းယရွှေစည်းခုံဘုရား ကျောက်စာတွင် ပင်းယ သီဟသူသည် ရွှေစည်းခုံ စေတီအား ရွှာနှင့်မြေများလှူ၍—

"သာသနာ ၅၀၀၀ တည်စေသတည်း ဟု ရွှေကရားနှင့် ရေစင်တော်သွန်း၍ လှူတော်မူပါ၏"

ဟု ဖော်ပြထားပါသည်။

သက္ကရာဇ် ၆၇၇ ခု၊ သရိုင်ဘုရား ကျောက်စာတွင်....

"ဘုရားသခင်၌ ရေသွန်း၏။ သွန်းပြီးသော ဤကောင်းမှုကို ဖျက်သသူကား ဤကရားသည်ကွဲသကဲ့သို့လျှင် ကွဲဒစေသတည်း" ဟု ကရားကို ခွဲသတည်း"

ဟု ရေးထိုးထားပါသည်။

ဖော်ပြခဲ့ပြီးသော ကျောက်စာများပါ ရေစက်သွန်းချမှုကိုကြည့်လျှင် ရေပူ ရေအေး သွန်းချပုံ၊ ဝသုန္ဒရီ နတ်သမီးအား သက်သေပြု၍ အလှူရေသွန်းပုံ၊ လက်တော်သို့ ရေစင်သွန်းပုံ၊ ရွှေကရားနှင့် ရေစင်တော် သွန်းလှူပုံ၊ ရေသွန်းလှူပြီးနောက် ကရားကို ခွဲပစ်ပုံ တို့ကို တွေ့ရပါသည်။

ဤတွင် ရေပူ ရေအေး သွန်းလှူပြီး ကရားကို ခွဲ၍ ကျိန်စာဆိုခြင်းတို့ကား ကောင်းမှု မကောင်းမှု ရောထွေးနေသည်ဟု ဆိုရပါမည်။ အခြားကျောက်စာ များတွင်လည်း ကျိန်စာဆိုမှုများ ပါဝင်ကြပါသည်။ ကျောက်စာအားလုံး၌ပင် အလှူရေသွန်းချပြီးမှ ကျိန်စာဆိုမှု ပြုကြကြောင်း တွေ့ရပါသည်။

အလှူရေ သွန်းချမှုကို ဆန်းစစ်ကြည့်လျှင် ရေသည် သတ္တဝါ အားလုံးအတွက် အရေး အကြီးဆုံး မရှိမဖြစ်သည့်အရာ ဖြစ်သည်။ ဤသို့ အရေးအကြီးဆုံး မရှိမဖြစ်သည့် ရေကို သွန်းချ၍ အလှူပစ္စည်းများနှင့်တကွ လှူဒါန်းခြင်းသည် အမွန်မြတ်ဆုံး အလှူဒါန ဖြစ်သည်ဟု ယူဆခဲ့ကြဟန်တူပါသည်။

ဝိနည်းမဟာဝါ ပါဠိတော်တွင်လည်း သံဃာ ၂ ခု ရှိရာ၌ 'သံဃသဒေမ' ဟု နှုတ်မြွက်၍ တစ်ခုကို အလှူရေ၊ အခြားတစ်ခုကို အလှူဝတ္ထု အသီးသီး ခွဲ၍ လှူလာလျှင်လည်းကောင်း၊ တစ်ခုတည်း၌သာ အလှူရေနှင့် အလှူဝတ္ထု တစ်ပေါင်းတည်း လှူလာလျှင်လည်းကောင်း နှစ်ခုရှိသော သံဃာအားလုံး ပိုင်ဆိုင်သည်ဟု အလှူရေ သွန်းလှူမှုကို ဖော်ပြထားပါသည်။

ပေတဝတ္ထု အဋ္ဌကထာတွင်လည်း "ဗိမ္ဗိသာရမင်းကြီးသည် မဟာဒါန အလှူကြီးပေးရာ ရှေးဦးစွာ အလှူလှူစဉ်၌ လည်းကောင်း၊နောက်ကာလ အလှူဝတ္ထုကို လှူစဉ်၌ လည်းကောင်း၊ ပတ္တိဒါန အမျှဝေမှုကို ၂-ကြိမ် ပြုသည်၏ အဆုံး၌ အပြုခံရသူ ပြိတ္တာတို့မှာ ကောင်းကျိုး ဒ.မျိုးမျိုး ရရှိကြလေသည်"ဟု အလှူရေ သွန်းလှူမှုကြောင့် ကောင်းကျိုးရကြောင်း ဖော်ပြထားပါသည်။

အထက်ပါ အချက်တို့ကို ထောက်၍ အလှူရေသွန်းချမှုသည် ရှေးခေတ်က ရေကိုပါ လှူသည့်သဘောလည်း ပါဝင်နေသည်ဟု ယူဆနိုင်ပါသည်။

မည်သို့ပင် ဆိုစေ အလှူရေစက် သွန်းချ အမျှဝေခြင်းသည် မိမိ ပြုလုပ်သော အလှူဒါန၏ ကောင်းမှုအဖို့ကို သတ္တဝါအားလုံး မိမိနှင့် ထပ်တူထပ်မျှ ရကြစေလိုသော စေတနာမှ ထွက်ပေါ်လာသော စေတနာ ထွက်ပေါ်လာသော လုပ်ရပ်ဖြစ်ရကား၊ ထိုမျှ ချစ်စရာကောင်းသော မြန်မာတို့၏ ဘာသာရေး ရိုးရာ ဓလေ့ မျိုးကို အဘယ်တွင် ရှာ၍ တွေ့နိုင်ပါမည်နည်း။ ။

မောင်တင်လှိုင်
(မော်လမြိုင်တက္ကသိုလ်)



# စကြဝဠာ ကျော်တော်စည်းစိမ် မယ်လိုပြီ

## ဦးသန်းထွန်း

ရှာကို

မြတ်ဗုဒ္ဓသည် ဒုက္ခဆင်းရဲကုန်ရာလမ်းကို ရှာကြံလိုသဖြင့် သား မယားနှင့် ထီးနန်းစည်းစိမ်ကို စွန့်ခဲ့လေသည်။ ဖြတ်တောက်ရန် ခက်လှသော သံယောဇဉ် နှောင်ကြိုးကို ချိုးဖြတ် ပစ်ခဲ့လေသည်။ ယခုဘဝတွင်သာမက ဘဝ အဆက်ဆက် ပါရမီဖြည့်ကျင့်ခဲ့စဉ်ကလည်း များစွာသော စွန့်လွှတ်မှုများကို ပြုခဲ့လေသည်။ မြတ်ဗုဒ္ဓ ဖြည့်ကျင့်ခဲ့သော စွန့်ခြင်းငါးပါးကား....

၁။ ဥစ္စာကို စွန့်ကြဲ လှူဒါန်းခြင်း၊

၂။ သားသမီးကို စွန့်ကြဲလှူဒါန်းခြင်း၊

၃။ မယားကို စွန့်ကြဲလှူဒါန်းခြင်း၊

၄။ ကိုယ်လက်အင်္ဂါကို စွန့်ကြဲ လှူဒါန်းခြင်း။

၅။ အသက်ကို စွန့်ကြဲလှူဒါန်းခြင်းတို့ ဖြစ်၏။

စင်စစ် သော်ကား လူသား တစ်ဦး အတွက် အနှစ်သက် အမြတ်နိုးဆုံး ဖြစ်သော အသက်ကိုပင် ပေးလှူနိုင်သည် ဆိုလျှင် ကျန်သော ပေးလှူမှု များမှာ မဆန်းတော့ပေ။ ပါရမီတော်ဆယ်ပါးတွင် ပါဝင်သော နိက္ခမ္မ ပါရမီသည် လောကီ စည်းစိမ်ကို စွန့်၍ တောထွက် တရားရှာကြံခြင်း ဖြစ်၏။ ဤပါရမီတော်ကို ဆောက်တည်ခဲ့၍သာ မြတ်ဗုဒ္ဓသည် ထီးနန်းစည်း စိမ်နှင့် သားမယားကို စွန့်နိုင်ခြင်း ဖြစ်၏။

မြတ် ဗုဒ္ဓသည် တေမိမင်းသား ဘဝက မင်းအဖြစ်ကို ယူရန် ကြောက်လန့်သဖြင့် အဆွံ့ အ အသဖွယ် ကျင့်ခဲ့လေသည်။ များစွာသော ဘဝတို့တွင်လည်း ထီးနန်းစည်းစိမ်ကို စွန့်ခဲ့လေပြီ။

မြတ်ဗုဒ္ဓ၏ လမ်းသည် စွန့်လွှတ်ခြင်း လမ်း ဖြစ်၏။ ပေးလှူခြင်း လမ်းဖြစ်၏။ အနှောင်အဖွဲ့ကို ဖြတ်တောက်ခြင်း လမ်းဖြစ်၏။

မြတ်ဗုဒ္ဓသည် လူအများ လက်ခံ သိမ်းပိုက် နှစ်ခြိုက်သည် တို့ကို ပယ်ခဲ့လေသည်။ လူအများ လျှောက်လှမ်းနေသော လမ်းမှ ခွဲထွက်ခဲ့လေသည်။ လူအများနှင့် ဆန့်ကျင်၍ ပြုမူခဲ့လေသည်။ ထို့အတွက် ဗုဒ္ဓ၏ လမ်းသည် ကိုယ်ကျိုးစွန့်လွှတ်သော လမ်း၊ ရေဆန်ကို ကူးခပ်ရသော လမ်း၊ ခက်ခဲပင်ပန်းသော လမ်း ဖြစ်ခဲ့၏။

လူတို့၏ သဘော သဘာဝမှာ သက်သာမှုကို အလိုရှိကြသည်။ ချမ်းသာမှုကို တောင့်တကြသည်။ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရသော လမ်းကို မနှစ်ခြိုက်ကြပေ။ လူတို့၏ သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းနေ၏။ လောဘသည် ထုနှင့် ထည်နှင့် ရှိနေလေသည်။ ထိုလောဘကြောင့်ပင် စည်းစိမ်ကို ခင်တွယ်လျက် ရှိ၏။ ဥစ္စာကို စုဆောင်းလျက် ရှိ၏။ သားမယားကို သိမ်းပိုက်လျက်ရှိ၏။ နာမည် ဂုဏ်သတင်းကို တမ်းတလျက် ရှိ၏။ ၎င်းတို့ကို ရရှိလာသော အခါတွင်လည်း လက်လွှတ်ဆုံးရှုံး မသွားရအောင် ကြိုးစား အားထုတ်ရ ပြန်လေသည်။ ပူပန် ကြောင့်ကြ ရပြန်လေသည်။

လူသည် စည်းစိမ် ဥစ္စာရတနာတို့ကို မိမိ "ပိုင်သည်"ဟု ထင်နေလေသည်။ သား မယားတို့ကို မိမိ "စိုးမိုးနိုင်သည်"ဟု ထင်နေလေသည်။ စင်စစ်သော်ကား မိမိကိုလည်း စည်းစိမ်ဥစ္စာ ရတနာတို့က ပြန်၍"ပိုင်"ခြင်းခံနေရသည်ကို သတိမပြုမိပေ။ မိမိအား သားမယားတို့က ပြန်၍ "စိုးမိုး" ခြင်း ခံနေရသည်ကိုကား မေ့ပျောက် နေလေသည်။

လူသည် မိမိကိုယ်ကို မိမိအစိုးရသူ၊ ပိုင်ဆိုင်သူ၊ အောင်နိုင်သူဟု ထင်မှတ်နေ၏။ သို့ရာတွင် သူသည် အစိုးမိုးခံရသူ၊ ပိုင်ဆိုင်ခံရသူ၊ အောင်နိုင်ခံရသူ လည်း ဖြစ်နေလေသည်။

ပန်း စိုက်ပျိုးမှု ဝါသနာကြီးသူ တစ်ယောက် ဥယျာဉ် တစ်ခု ကြိုးစား တည်ဆောက်လေသည်။ သူသည် ဥယျာဉ် ဖြစ်ထွန်းလာရန်အတွက် "ပေါင်းသင်၊ မြေနုတ်၊ တောခုတ်၊ ခြံခတ်၊ ပိုးသတ်ပေါင်းရှင်း၊ ရေသွင်း မြေဖို့" လုပ်လေသည်။ ပန်းပင်အမျိုးမျိုး ပျိုးလေသည်။ သူ၏ လုံ့လ ဝီရိယကြောင့် ပန်းမျိုးစုံတို့ ဖူးပွင့် ဝေဆာလာသော အခါ သူသည် အလွန်ဝမ်းသာမိလေသည်။ ဤပန်းတွေကို သူ ပိုင်ပြီဟု ယူဆ မိလေသည်။ သို့ရာတွင် သူသည် သူ၏ ပန်းများကို တစ်ပါးသူတို့ ခိုးယူမည် စိုးသဖြင့် ဥယျာဉ်ထဲမှ မခွာနိုင်တော့ပေ။ သူက ပန်းတွေကို ပိုင်သည်ဟု ထင်သော်လည်း သူသည် ပန်းများ၏ ပြန်လည် ချုပ်နှောင်မှုကို ခံနေရလေသည်။ သူ့တွင် လွတ်လပ်မှု မရှိတော့ပေ။

လောကီစည်းစိမ်တို့သည် ဤအတိုင်းပင်ဖြစ်၏။ "ပိုင်သူ"သည်တစ်ချိန်တည်းမှာပင်"အပိုင်ခံရသူ" လည်းဖြစ်၏။ "စိုးမိုးသူ"သည် တချိန်တည်းမှာပင် "စိုးမိုးခံ" လည်း ဖြစ်၏။ မိမိက ပိုင်ဆိုင်မှုဟူသမျှကို စွန့်လွှတ်လိုက်သော အခါတွင်ကား အပြန်အလှန်အားဖြင့် မိမိလည်း ပိုင်ဆိုင်ခံရခြင်းမှ လွတ်မြောက် သွားလေသည်။ ပိုင်ဆိုင်မှု နည်းသမျှ၊ လွတ်လပ်မှု များမည်။ အလိုဆန္ဒ နည်းသမျှ ချမ်းသာမှုများမည်။ တွယ်တာမှုနည်းသမျှ၊ ငြိမ်းအေးမှုများမည်။

သို့အတွက် သူတော်စင် ပုဂ္ဂိုလ်တို့သည် စွန့်လွှတ်သော လမ်းကို လျှောက်လှမ်းကြခြင်းဖြစ်၏။

မြတ်ဗုဒ္ဓသည် စွန့်ခြင်း ငါးပါးဖြင့် အရာရာကို စွန့်လွှတ်နိုင်ခဲ့လေသည်။ သို့ရာတွင် ဤစွန့်လွှတ်

WWW.DHAMMARANSI.NET



မှုများသည် အပေါ်ယံသာ ဖြစ်သေး၏။ အပယိက သာဖြစ်သေး၏။ တကယ့် စွန့်လွှတ်မှုကား လူသား တို့တန်ဖိုးအထားဆုံး၊ အမြတ်နိုးဆုံး၊ အတွယ်တာ ဆုံးဖြစ်သော ''ငါ''ကို စွန့်လွှတ်နိုင်ခြင်းပေတည်း။

လူသည်း တို့သည် ''ငါ''ကို မွေးကတည်းက သိမ်းပိုက် ယုယ လာခဲ့ကြလေသည်။ ''ငါ'' သည် အရာရာ၏ မဏ္ဍိုင်ဖြစ်နေ၏။ ကောင်းမှုကို လည်း ''ငါ''ကြောင့် ပြု၏။ ကိုယ်ခန္ဓာကြီး သေ ဆုံး ပျောက်ကွယ်သွားသည့် တိုင်အောင် ''ငါ'' သည် အတ္တကောင်၊ လိပ်ပြာကောင်ကလေးအဖြစ် တစ်ဘဝမှ တစ်ဘဝသို့ ကူးနေသည်ဟု ထင်မိလေ သည်။ ဤမျှ အထိ''ငါ''ကို တွယ်တာမိပါ၏။

မြတ်ဗုဒ္ဓသည် အတ္တ လွှမ်းခြုံသော လောကကို ''အနတ္တ'' တရားဖြင့် တုန်လှုပ် စေခဲ့သည်။ အနတ္တ တရားကို ဗုဒ္ဓမှတစ်ပါး မည်သည့် ပညာရှင် မည် သည့် တွေးခေါ်ရှင်မျှ ပြတ်ပြတ် သားသား မသိ မြင်ခဲ့ကြ။ အတ္တစက်ဝိုင်းကို မည်သူမျှ မဖြတ် တောက်နိုင်ခဲ့ကြပေ။ ဗုဒ္ဓသည် အတ္တ ဆိုသော အယူ မှားကို ပယ်ဖျက် ပစ်ခဲ့၏။ ''ငါ''ကို ချေဖျက် ပစ်ခဲ့၏။

လူသားသည် ပြင်ပကို ရှုကြည့်ရန် စိတ်အား ထက်သန်သလောက် အတွင်းကို ရှုကြည့်ရန် ဝန် လေး၏။ သူတစ်ပါးကို လေ့လာရန် တက်ကြွ သလောက် မိမိကိုယ်ကို လေ့လာရန် တွန့်ဆုတ်၏။ ဗဟိဒ္ဓကို စူးစမ်းရန် ရဲရင့်သလောက် အဇ္ဈတ္တကို စူး စမ်းရန် ထိတ်လန့်၏။ သို့အတွက် လူသား လောက ကြီးသည် ကိုယ်က သူ့ ပြော၊ သူက ကိုယ့် ပြောနှင့် အချိန်ကုန်နေလေသည်။ သူက ကိုယ့် ဆုံးမ ကိုယ် က သူ့ ဆုံးမနှင့် အလုပ်ရှုပ်နေကြလေသည်။ ကိုယ့် ကိုကိုယ် ပြောသူ ကိုယ့်ကိုကိုယ် ဆုံးမသူကား အရေအတွက် နည်းလှ၏။ လူသား အကြောက် ဆုံးသော အရာမှာ မိမိကိုယ် ကြည့်မြင်ရန် ဖြစ်၏။ ဝန်အလေးဆုံးသော အလုပ်မှာ ကိုယ့်ကိုကိုယ် ဝေဖန်ရန် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် မိမိ၏ အပြစ် အာဒီနဝတို့ကို မိမိသာ အသိဆုံး ဖြစ်သဖြင့် စိတ်မျက်စိကို အတွင်းသို့ လှည့်၍ ကြည့်လိုက်သည် နှင့် တစ်ပြိုင်နက် မိမိ၏ ချွတ်ယွင်းချက်များကို မမြင်ချင် အဆုံး ဖြစ်နေခြင်းကြောင့်ပေ။

မြတ်ဗုဒ္ဓသည် သူတစ်ပါး၏ အပြစ်ကို လည်း ကောင်း၊ သူတစ်ပါး၏ ပြုမှု၊ မပြုမှုကို လည်း ကောင်း မကြည့်ပေ။ မိမိ ကိုယ်ကိုသာ စေ့စေ့ စပ်စပ် သုံးသပ် ဆင်ခြင်လေသည်။ သို့ ဆင်ခြင်ပြီး တွေ့လာရသော ချွတ်ယွင်းချက် မှန်သမျှကို ပယ် ဖျက် ပစ်လေသည်။ အစွန်းအထင်း မှန်သမျှကို တိုက်ချွတ် ဆေးကြော ပစ်လေသည်။ ဤနည်း အားဖြင့် မြတ်ဗုဒ္ဓသည် ကိလေသာ အပါအဝင် မာရ်ငါးပါးကို အောင်တော်မူသော ''ဘုရား'' အဖြစ်သို့ ရောက်ခဲ့လေသည်။

တစ်ခါက မြတ်ဗုဒ္ဓသည် ဥရုဝေလ တောသို့ သီတင်းသုံးနေ၏။ ထိုစဉ်တွင် ပြည့်တန်ဆာနှင့် ပျော်ပါးလာသော ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ သည် ပြည့်တန်ဆာမက ဥစ္စာတို့ကို ယူ၍ ထွက်ပြေး သဖြင့် လိုက်ရှာကြရင်း မြတ်ဗုဒ္ဓထံသို့ ရောက်ခဲ့ကြ

WWW.DHAMMARANSI.NET



လေသည်။ မင်းသားတို့က "မိန်းမ တစ်ယောက်ကို မြင်ပါသလော"ဟု မေးရာ မြတ်ဗုဒ္ဓက "မင်းသားတို့ ထိုမိန်းမကို ရှာခြင်းသည် မြတ်သလော၊ မိမိကိုယ်ကို ရှာခြင်းသည် မြတ်သလော"ဟု ပြန်လည် မေးတော်မူ၍ တရား ဟောပြရာ မင်းသားအားလုံး တရားထူးကို ရကြလေသည်။

ဗုဒ္ဓ၏ နည်းသည် မိမိကိုယ်ကို စူးစမ်း ရှာဖွေသောနည်း၊ မိမိကိုယ်ကို စဉ်ဆက်မပြတ် ရှုမှတ်ဆင်ခြင်သော နည်း၊ မိမိ၏ တွေးမှု၊ ပြောမှု၊ ပြုမှုတို့ကို အလစ်မပေးဘဲ စောင့်ကြည့် ထိန်းချုပ်သောနည်းဖြစ်၏။ ဤနည်းအားဖြင့် ဘဝ တစ်လျှောက်လုံး စည်းမဲ့ ကမ်းမဲ့ ပရမ်းပတာ ဖြစ်ခဲ့သော ကိုယ်၊ နှုတ်၊ နှလုံးတို့သည် စည်းကမ်းတကျ ဖြစ်လာလေသည်။ လိမ္မာ ယဉ်ကျေးလာလေသည်။ မိမိ လိုသလို ပုံသွင်း၍ ရလာလေသည်။ ဤနည်းအားဖြင့် ရိုင်းစိုင်းသော အဖြစ်မှ ယဉ်ပါးသော အဖြစ်သို့ ရောက်လာလေသည်။ ဤနည်းအားဖြင့် မိမိကိုယ် မိမိ "အောင်နိုင်"လေသည်။ မိမိကိုယ် မိမိ အောင်နိုင်ခြင်းသည် လောကတွင် အောင်နိုင်ခြင်း တကာတို့ ထက်မြက်လေသည်။ ပို၍လည်း ခက်လေသည်။ မိမိကိုယ် မိမိ အောင်နိုင်သူအဖို့ အခြားအောင်နိုင်စရာ လောကတွင် မရှိတော့ချေ။ သို့အတွက် မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဥပကတက္ကဒ္ဒန်းအား "ငါသည် ယုတ်မာကုန်သော အကုသိုလ် တရားတို့ကို အောင်အပ်သောကြောင့် ဇိန မည်၏"ဟု မိန့်တော်မူ၏။ မြတ်ဗုဒ္ဓသည် အောင်နိုင်သူ တကာတို့ထက် ကြီးမြတ်တော်မူသော အောင်နိုင်သူကြီး ဖြစ်ပါပေသည်တကား။

မြတ်ဗုဒ္ဓသည် မိမိကိုယ်ကို အောင်နိုင်သဖြင့် ကိုယ်ခန္ဓာ၏ ကျေးကျွန်ဘဝမှ လွတ်မြောက်ခဲ့လေသည်။ ကိလေသာ အနှောင်အဖွဲ့ကို ချိုးဖဲ့ နိုင်ခဲ့လေသည်။ သို့အတွက် စကြဝတေးမင်း၏ စည်းစိမ်ကို လည်းကောင်း၊ သားမယား သံယောဇဉ်ကိုလည်းကောင်း၊ လောက လူသားတို့ အထင်ကြီး သတ်မှတ်ထားသော စံနှုန်း ဟူသမျှကို လည်းကောင်း စွန့်လွှတ်နိုင်ခဲ့လေသည်။ ဤ စွန့်လွှတ်မှုတို့သည် ကမ္ဘာ့သမိုင်းတွင် ယခင်ကလည်း မရှိခဲ့၊ ယခုလည်း မရှိသေးသော စွန့်လွှတ်မှုမျိုး ဖြစ်ပေ၏။ သို့အတွက် မြတ်ဗုဒ္ဓသည် လူသားတို့၏ ကိုးကွယ်ခြင်းကို ခံရလေသည်။

ကမ္ဘာ့ သမိုင်းတွင် ကြီးကျယ်သော တန်ခိုးရှင်များ ရှိခဲ့ပါ၏။ ကျော်ကြားသော ပညာရှင်များ ပေါ်ထွန်းခဲ့ပါ၏။ ကျိကျိတက် ချမ်းသာသော သူဌေး သူကြွယ်များ ရှိခဲ့ပါ၏။ သို့ရာတွင် သူတို့သည် မည်သူ တစ်ဦး တစ်ယောက်မျှ လူသားတို့၏ ကိုးကွယ်ခြင်းကို မခံရပေ။ "ဘုရား"အဖြစ် အသိအမှတ်ပြုခြင်း မရှိခဲ့ပေ။ မြတ်ဗုဒ္ဓသည် မိမိတွင် ရှိသမျှကို စွန့်လွှတ်၍ လူသား လောကအား ကယ်တင်ရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော် မူခဲ့သဖြင့် လူသားတို့၏ ကိုးကွယ်ခြင်းကိုခံရလေသည်။ "ဘုရား"အဖြစ် အသိအမှတ် ပြုခြင်းကို ခံရလေသည်။ အကြီးမားဆုံးသော စွန့်လွှတ်မှုကို ပြုခဲ့သဖြင့် မြတ်ဗုဒ္ဓသည် အမြင့်မြတ်ဆုံးသော အဆင့်အတန်းသို့ ရောက်ခဲ့လေသည်။ စကြဝတေး စည်းစိမ် မခံလိုသဖြင့် စကြဝတေးမင်းထက် မြတ်သော "ဘုရား"အဖြစ်သို့ ရောက်တော် မူခဲ့လေသည်။

ဦးသန်းထွန်း (ရွှေဘို)



WWW.DHAMMARANSI.NET


ထီးချိုင့်မြို့သည် ရောဝတီမြစ် ကမ်းနဖူးပေါ်တွင် တည်ရှိသောမြို့ ဖြစ်ပါသည်။ ထီးချိုင့်မြို့တွင်းမှ မြောက်ပြင်သို့ ရှေးရှုသွားသော လမ်းမကြီးသည် အင်းတော်မြို့အတိ ပေါက်ရောက်၏။ ထီးချိုင့်မြို့မှ ရဘားလမ်း၊ ကားလမ်းဖြင့် ဆက်သွယ်သောလမ်းသည် ဤလမ်းမကြီး တစ်ခုသာ ရှိ၏။

## သမိုင်းဝင်လမ်း

ဤလမ်းမကြီးသည် အရှေ့ဘက်မှ ကန့်ကော်တောင်တန်း၊ အနောက်ဘက်မှ မင်းဝံ တောင်တန်း။ ဤတောင်တန်းကြီးနှစ်သွယ်တို့၏အကြား၌ တည်ရှိသော သဘာဝ လမ်းမကြီးဖြစ်သည်။ ဤလမ်းမကြီးကိုမှီ၍ သာကီဝင် မင်းမျိုး ဖြစ်သော အဘိရာဇာ မင်းကြီးသည် ကပိလဝတ်ပြည်မှ ထွက်ခွာလာ၍ သင်္ကဿရဋ္ဌ မည်သော တကောင်းပြည်ကို တည်ထောင်တော်မူခဲ့၏။ ဓဇရာဇာ မည်သော သာကီဝင် မင်းသည်လည်း မဇ္ဈိမတိုက်မှ ဤလမ်းမကြီးဖြင့်ပင် ထွက်ခွာလာပြီးလျှင် ပဉ္စာလရာဇ်ဟူသော အမည်ဖြင့် တကောင်း နန်းကို တည်ထောင် စံနေခဲ့၏။ ဂျပန် ခေတ်တွင် ဂျင်နရယ် ဝင်းဂိတ်၏ လက်ရွေးစင်တပ်သည်လည်း မကိုပူရ အင်ဖားမြို့မှ မှန်ကင်း တောင်တန်းကို ဖြတ်ကျော်ကာ ဤသမ်းမကြီးဖြင့်ပင် ဧရာဝတီ မြစ်ဝှမ်းသို့ ဆင်းသက်ခဲ့သည်။

၁၃၀၆-ခုနှစ် ပြာသိုလတွင် ဂျပန်တပ်များ ဆုတ်ခွာရာသို့လည်း မဟာမိတ် တပ်များသည် ဤလမ်းမဖြင့်ပင် လိုက်လာ၍ (၂၅-၁၂-၁၉၄၅) ကြုံသောကြောင့် ခရစ်စမတ်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ထီးချိုင့်မြို့၌ ဆင်နွှဲခဲ့ကြလေသည်။

ဤသို့ဖြင့် ဤထီးချိုင့် အင်းတော် လမ်းမကြီးသည် သမိုင်းဝင်လမ်းမကြီး ဖြစ်ခဲ့၏။ ထီးချိုင့် အင်းတော်အကြားမှ ရွာသူ ရွာသား များသည်လည်း ဤသမ်းမကြီးကိုပင် အားထား နေထိုင်သွားလာကြရသည်။ သို့ရာတွင် ဤလမ်းမကြီးကား ခေတ်မီပြုပြင်ထားသော လမ်းမကြီး မဟုတ်ပါ။ နွေရာသီ၌ ဖုံတထောင်းထောင်း ထ၍ မိုးရာသီတွင် ဗွက်ထူသော သဘာဝလမ်းမကြီးမျှသာ ဖြစ်လေသည်။



WWW.DHAMMARANSI.NET



## ရွှေဟောင်း စေတီ

ထီးချိုင့်မြို့မှ ထိုလမ်းမကြီး တစ်လျှောက် မြောက်ဘက်သို့ ထွက်ခွာလာလျှင် လေးမိုင်မျှ လောက်သော အရပ်၌ "စစ်ကဲကြမ်း" အမည်ရှိသော စေတီတော်ကြီး တည်ရှိပါသည်။ စေတီတော်ကြီးသည် လမ်း၏ အနောက်ဘက် လယ်ကွင်းပြင်၌ တည်နေသည်။ ရွှေဟောင်းစေတီတော်ကြီး ဖြစ်၍ ပြိုကျပျက်စီးနေလေပြီ။

ဤ စေတီတော်ကြီးကို ကောဇာ သက္ကရာဇ် ၇၆၃ - ခုနှစ်တွင် အင်းဝ၌ နန်းတည်သော ပထမ မင်းခေါင်ကြီးသည် တိုင်းသူ ပြည်သားများ မိုးဆုတောင်းရန်အတွက် ဉာဏ်တော် ၂ တောင့်ထွာ ရှိသော ကျောက်သလင်း ရုပ်ပွားတော်ကြီးနှင့် ဘုရားရှင်၏ ဓာတ်မွေတော်များ ပေးပို့ကာ တည်ထားတော် မူစေပါသည်။

စေတီတော် တည်ထားသော ပုဂ္ဂိုလ်ကား စော်ဘွားကြမ်း အောင်ဂါ ဖြစ်သည်။ စေတီတော်ကြီးကို ကြီးကြပ်ရသူကား လက်ျာစစ်ကဲဖြစ်၏။ လက်ျာ စစ်ကဲကို စစ်ကဲကြမ်း ဟု အများက ခေါ်ကြရာ စစ်ကဲကြမ်း ကွပ်ကဲကြီးကြပ်သော စေတီ ဖြစ်၍ "စစ်ကဲကြမ်း စေတီ"ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

## အောင်ဂါ

ဤနေရာ၌ စော်ဘွားကြမ်း ဆိုသည်ကား သက္ကရာဇ် (၇၂၉)ခုနှစ်တွင် အင်းဝနန်းကို စံမြန်းတော်မူသော မင်းကြီးစွာစော်ကဲ၏ သမီးတော် နန်းလုံနှင့် မိုးမိတ်စော်ဘွား ဆေတိုင်းဖ တို့ စုံဖက်ရာမှ သားတော်နှစ်ပါး ဖွားမြင်၏။ သားတော်ကြီးမှာ မိုးမိတ်စော်ဘွား ကိုးသိန်း သခင်ဖြစ်၍ သားတော်ငယ်ကား အောင်ဂါ ဖြစ်လေသည်။

မင်းခေါင်ကြီးလက်ထက် (၇၇၀) ခုနှစ်တွင် ကသည်းပြည် ထကြွသဖြင့် မိုးမိတ် စော်ဘွားကို ကသည်းပြည် အရေး အေးအောင် နှိမ်နင်းရမည် ဟု စေလွှတ်ရာ မိုးမိတ် စော်ဘွားက ညီတော် အောင်ဂါကို စေလွှတ်၏။ ညီတော် အောင်ဂါက ငါ့ကျွဲကြီး ငါ့ကျွဲငယ် ခေါ်သော လက်ျာ စစ်ကဲ လက်ဝဲစစ်ကဲတို့နှင့် ချီတက်နှိမ်နင်းရာ ကောင်းစွာ အောင်မြင်သဖြင့် အောင်ဂါအား မန်လည် ငါးရပ်ကို အောင်ဆု ပေးတော်မူသည်။

## မန်လည် ငါးရပ်

မန်လည် ငါးရပ်ကား ပညာဝိမံသနကထာ ကျမ်း အလိုအားဖြင့် (၁) အင်းဒေတာ်၊ (၂) စင်းခေါင် (၃) နန်ဘ (၄) ကွမ်းဘောင် (၅) နာသဲ ဖြစ်၍ ဇမ္ဗူဒီပဥဆောင်းကျမ်း အလိုအားဖြင့် (၁) နန်းပါး (၂) အင်းတော် (၃) ခင်ပလိန်၊ (၄) ပင်သည် (၅) ကွမ်းဘောင် တို့ ဖြစ်သည်။

မြေပုံ အနေ အားဖြင့် ဧရာဝတီ မြစ်ကမ်း ထီးချိုင့်မှ မဲဇာ မြစ်ဝှမ်း ကောက်ကောက်စင်းစင်း ဖြစ်လေသည်။ နောင်သောအခါ စော်ဘွားကြမ်း အောင်ဂါသည် မိမိ အပိုင်စား ရသော မန်လည်ငါးရပ်ကို စော်ဘွားကြမ်း၊ စော်ဘွားမှူတို့အား လွှဲအပ်၍ သူကား မြတောင် နယ်မြေ (ထီးချိုင့်မြစ် အရှေ့ဘက်)ကို နောင်တော် မိုးမိတ် စော်ဘွားထံမှ တောင်းယူ၍ မယား မိကျားရှိရာ မြတောင်မြို့၌ နေလေသည်။

## စစ်ကဲကြမ်းတည် ခုနှစ်

ဤ စစ်ကဲကြမ်း စေထီကို (၇၇၀) ပြည့်နှစ်တွင် တည်ထားသည်။ စေတီတော်၏ သက်တမ်းသည် နှစ်ပေါင်း (၅၀၀) ကျော်ခဲ့ပြီဖြစ်၍ စေတီတော်ကား လွန်စွာပျက်စီးနေလေပြီ။ စေတီတော်နှင့် တံတိုင်းတို့၌ ပေါက်ခနေသော သစ်ပင်ကြီးများပင် အလွန်ကြီးမားနေကြလေပြီ။



စစ်ကဲကြမ်း စေတီတော်နှင့်
တည်တောဆရာတော်ဘုရားကြီး

စေတီ တော်ကို ကျက်သရေချောင်း ရွာနှင့် ပေါက်ကုန်းရွာအကြား လယ်ကွင်းပြင် ထီးထီး၌ တည်ထား၍ ကျက်သရေချောင်းနှင့်လည်း မနီး။ ပေါက်ကုန်းနှင့်လည်း မနီးပါချေ။ ထို့ကြောင့် စောင့်ရှောက်သူ ကင်းမဲ့လျက် ပျက်ပြီးရင်းပျက်၍ သာ နေလေရာ "မင်းတော့ စစ်ကဲကြမ်း ဘုရား ထီးတင်မှ မယား ရကိန်း မြင်တယ်"ဟု ပြောဆို ရသော အဖြစ်သို့ ဆိုက်ရောက် ရလေတော့သည်။

ထီးချိုင့်မြို့ အောင်မင်္ဂလာ ဇာတ်ရုံ ပိုင်ရှင် ဦးညာဏ်ရင်-ဒေါ်တင့် တို့၌ ထွန်စက် တစ်စီး ရှိ၏။ ဦးညာဏ်ရင် - ဒေါ်တင့် သည် ထွန်စက် ရာသီ ကုန်ဆုံးသော အခါ ထွန်စက်၌ နောက်တွဲ တပ်ဆင်ကာ ထီးချိုင့်မြို့မှ အလယ်တောရွာ အထိ ခရီးသည်များ တင်ဆောင်၍ ပြေးဆွဲခဲ့သည်။ ၎င်းတို့ ထွန်စက် ထီးချိုင့်မြို့မှ ထွက်ခွာလာ၍ စစ်ကဲ ကြမ်း စေတီတော်သို့ရောက်သောအခါ စက် ရပ် သွားသည်။ စက်ဆရာ ဆင်း၍ ကား အခြေအနေ ကို စစ်ဆေးကြည့်ရှုသော်လည်းပျက်စီးခြင်း မရှိ။ တစ်ဖန် စက်နှိုးလျှင် ကောင်းစွာနိုး၍ အလည် တောရွာထိ ချောမောစွာ ရောက်လေသည်။

တစ်ဖန် အလယ်တောရွာမှ ပြန်လာသော အခါ၌လည်း စစ်ကဲကြမ်းသို့ ရောက်လျှင် စက် ရပ် သွားပြန်၏။ ပြန်နှိုးလျှင် ကောင်းစွာနိုး၍ ထီးချိုင့် သို့ ချောမောစွာ မောင်းနှင်၍ ရပြန်သည်။

ထွန်စက်သည် ထီးချိုင့် အလယ်တော အသွား အပြန် စစ်ကဲကြမ်း၌ စက်ရပ်နေသည်။ ဤသို့စက် ရပ်ခြင်းကား တစ်ခါတစ်ခါမျှ မဟုတ်ပေ။ အမြဲ ပင်ဖြစ်နေသည်။ စက်ရပ်ခြင်း၏ အကြောင်းကို အမျိုးမျိုး ရှာဖွေပါသော်လည်းအကြောင်းရင်းကို ရှာမတွေ့ကြပါချေ။

၁၃၄၄-ခုနှစ် ကဆုန်လဆန်း (၈)ရက် နေ့ တွင် ထီးချိုင့်မြို့ ကျေးဇူးရှင်တည်တောဆရာတော် ဘုရားကြီး၌ လေနာရောဂါ စွဲကပ်တော်မူသဖြင့် ဆေးရုံသို့ တက်ရောက်ကုသရပါသည်။ ဆေးရုံသို့ လူနာ လာမေးရင်း ဦးညာဏ်ရင်-ဒေါ်တင့် တို့က ဤအကြောင်းကို လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်ကြီးက....

"ဘုရားရှင် ဘုရားဖြစ်ပြီး နောက်ဆုံး သတ္တာဟ ဖြစ်သော လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ကာလ ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်း ငါးရာတို့ဖြင့် ထိုဌာနသို့ ရောက်လာကြသည်။ တဖုဿနှင့် ဘလ္လိက တို့နှင့် ဆွေမျိုး တော်စပ်

WWW.DHAMMARANSI.NET



ဖူးသော သူသည် ထိုအရပ်၌ နတ်ဖြစ်နေသည်။ ထိုနတ်သည် သူ၏ မိတ်ဆွေများ ဘုရားရှင်အား ဖူးမြင်စေလိုသော စေတနာဖြင့် လှည်းများကို မသွားနိုင်အောင် ဟန့်တားထားသည်။ ဇလိနတ်စာ ပြုသောအခါ ကိုယ်ထင်ပြ၍ ယခု လေးက သုံးပါး၌ ဘုရားထင်ရှား ဖြစ်ပွင့်၍ လင်းလွန်းပင် အရပ်၌ သီတင်းသုံး နေတော်မူသည်။ လောကီ အကျိုးစီးပွား၊ သံသရာ အကျိုးစီးပွားကို လိုလျှင် ဘုရားရှင်အား ဖူးမြော်ကြလေဟု တိုက်တွန်းသည်။ ဆွေမျိုး နတ်၏ တိုက်တွန်း မှုကြောင့် တဖုဿ၊ ဘလ္လိက တို့သည် ဘုရားရှင်အား ကြက်ကျစ်မုန့်နှင့် ပျားဆုပ်မုန့်များ လှူဒါန်း၍ ဒွေ့ဝါစိက သရဏဂုံ ဆောက်တည်ကြရသည်။ ယခု ဦးညာဏ်ရင်တို့ အရေးသည် ထို တဖုဿ၊ ဘလ္လိက တို့ အရေးနှင့် တူညီနေသည်။

ဦးညာဏ်ရင်တို့ ဆွေမျိုးနတ်သည် စင်ကဲကြမ်း ဘုရားရှင်အား ကြည်ညိုသော နတ် ဖြစ်ရမည်။ သူ ကြည်ညိုသော စင်ကဲကြမ်း စေတီတော်၌ ကောင်းမှု တစ်ခုခု ပြုစေလို၍ ဤသို့ စက်ကို ရပ်ထားသည်ဟု ထင်ကြောင်း ပြောပြသည်။

ဦးညာဏ်ရင်တို့ကလည်း တပည့်တော်များ စင်ကဲကြမ်း ဘုရားကြီးကို ပြုပြင်ချင်ပါသည်။ သို့ရာတွင် စေတနာသာရှိ၍ ငွေအသပြာ မရှိသောကြောင့် ဘုရားကြီး အားလုံးကိုတော့ မတတ်နိုင်ပါ။ သလင်းရုပ်ပွားတော် ကိန်းအောင်းတော်မူသော လိုဏ်ဂူကိုမူကား တတ်နိုင်ပါသည် ဟု လျှောက်ထားပြီး များမကြာမီ အုတ်များ ချထား၍ စတင်ပြင်ဆင်ရန်ပြုသည်။

## စေတနာရှင် များက

ဤအကြောင်းသည် တစ်စထက်တစ်စ သတင်းစကား ပျံ့ပွားပြီး ခရီးသွား ခရီးလာများက ထည့်ဝင်လှူဒါန်းကြရာ ငွေတစ်ထောင်ခန့် ၃-၄ ရက် အတွင်း ဂေါပက ဦးသိန်းအောင်ထံ၌ စုမိလေသည်။ ထိုသတင်းကြောင့် ဦးသီလ (အောင်သပြေထိရုံ) စသော ဒါယကာ များက စေတီတော်ကြီးကို ဆက်လက် ပြုပြင် ပါရန် လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက "ရှေးဟောင်း စေတီတော်ကြီးကို ပြန်လည်ပြုပြင်ရန် အလွန် သင့်လျော်ပါ၏၊ သို့ရာတွင် ဘုန်းကြီး၌ အသက်ကြီး၍ အိုမင်းလာခြင်း၊ ခြေပူနာ ကပ်ရောက်နေခြင်း၊ စေတီတော်ကြီးနှင့် တည်တောရွာသည် ဝေးမိုင်မျှ လောက် အလှမ်းကွာနေခြင်းတို့ကြောင့် မစွမ်းဆောင်နိုင်ပါကြောင်း ဦးသီလတို့ လျှောက်ထားမှုကို ဆရာတော်ကြီး ပယ်ချခဲ့ပါသည်။

## ခအောင်မြင်ပါစေ

သို့ရာတွင် ဦးသီလ၊ ဦးဝင်းမောင်၊ ဦးချစ်ဖွယ် တို့က တစ်ဖန်လာရောက်ကြပြီး စင်ကဲကြမ်း စေတီတော်မြတ်ကြီး ပြန်လည် ပြုပြင်ရန်အတွက် မိမိတို့ တတ်အားသမျှ ပါဝင်လှူဒါန်းကြရာ တစ်ထိုင် တည်း၌ ငွေ (၇၀၀၀)ကို လက်ခံ ရရှိပါသည်။ ဆရာတော် ဘုရားကြီးကသာ ဦးဆောင်ပါက လွယ်လွယ်ကူကူ ပြီးမြောက်မည် ဖြစ်ပါ၍ ဦးဆောင်ပေးပါရန် ဝိုင်းဝန်း လျှောက်ထားကြလေသည်။ ထိုကြောင့် တည်တော ဆရာတော် ဘုရားကြီးက အနီး ပတ်ဝန်းကျင်ရှိ တည်တော အုပ်စု၊ ကွင်းကြီး အုပ်စုမှ ဒါယကာ များအား အကျိုးဆောင် ဂေါပကအဖွဲ့ ဖွဲ့စည်းပြီး ပြန်လည် ပြုပြင်စေခဲ့ရာ....

၁၃၄၉-ခုနှစ် တော်သလင်း လဆန်း ၈-ရက် နေ့၌ စင်ကဲကြမ်း စေတီတော်မြတ်ကြီး ပြီးစီး အောင်မြင်ခဲ့ပြီဖြစ်ကြောင်း မှတ်တမ်း တင်လိုက်ရ ပေသတည်း။

ထီးချိုင့် – ဘုန်းမောင်



# ရှက်နှုသော်တည့် တင့်ပါဘိ

## မန်းသာထွန်း

( ၁ )

ပညာဉာဏ် အသိတရား ခေါင်းပါး လှသော ကြောင့်ပင် မိုက်မှားရမ်းကား ဆိုးသွမ်းသူ တစ်ဦး ဖြစ်ခဲ့ချေသည်။

စာနာ စိတ်ထား ကင်းမဲ့ လွန်းသော ကြောင့်ပင် ရိုင်းပျ ကြမ်းကြုတ်ရက်စက်သူ တစ်ယောက် ဖြစ်ခဲ့ချေသည်။

မိမိ၏ မိုက်မှားသော အပြုအမူ၊ ကြမ်းကြုတ်ရက်စက်သော လုပ်ဆောင်မှု တို့သည် လူ့ ယဉ်ကျေးမှု အဖွဲ့အစည်းနှင့် ဆန့်ကျင်၊ တရားဥပဒေကို ချိုးဖောက် ကျူးလွန်ခြင်းများ ဖြစ်လာသော အခါ....။

လူ့အဖွဲ့ အစည်းနှင့် ဝေးသော၊ တရားဥပဒေကို ပုန်းရှောင်ရာဖြစ်သော မှောင်မိုက် ပိတ်ဖုံးသည့် ဤတောမြိုင် ကန္တာရကြီးထဲသို့ ပြေးရှောင် ပုန်းအောင်းရင်း တစ်ခါများလာသော တပည့်ငါးရာနှင့် အတူ ပစ္စည်းယူ လူသတ် လုယက် ဖျက်ဆီး အမိုက်ကြီးသည့် ဓားပြဗိုလ် ခိုးမှုးကြီး ဘဝရောက်ခဲ့သည်။

ယခုမူ မိမိ အသိဉာဏ်စွမ်း၊ အလှမ်းမမီသော ဖြစ်ရပ်ကို ရင်သပ်ရှုမော အံ့ဩခြင်းကြီးစွာ တွေ့ကြုံနေရပြီ။ မကြုံဖူးသော အဖြစ်၊ မကြားဖူးသော သနစ်၊ ဤဖြစ်သနစ်ကား အဘယ်နည်း။

ပြောမယုံ ကြုံဖူးမှသိ ဆိုသော စကား။ ယခု ကြုံဖူးနေသည့်တိုင် အကြောင်းရင်းခံကို မသိ။ ကာယကံရှင် ပုဂ္ဂိုလ်အား မေးမည်ဟု ကြံရွယ်သော အခါ ထိုပုဂ္ဂိုလ်သည် မျက်လွှာချ အမြင်အာရုံ ပိတ်ပင်လျက် တစ်စုံတစ်ရာ ဝင်စားနေ၏။ ခေတ္တ

WWW.DHAMMARANSI.NET



ဓာ‌ ဓောင့်ဆိုင်း နေရသည့် ထိုတဒင်္ဂတွင် စိတ်အတွေးသည် ပြေးလွှား နေမိလေသည်။

*

## ( ၂ )

ကြုံတိုင်းမဲအောင် ဆောင်တိုင်း မပြောက်ခြင်းများ ထပ်ဖန်တလဲ ကြုံလာသော အခါ မိမိနှင့်တကွသော လူစု လူဝေးအဖို့ စားရေးသည် ခက်ခဲလာသည်။ ကြံစည်သမျှ ထမြောက်စေရန် ဆိုင်ရာပိုင်ရာတောပိုင် တောင်ပိုင်တို့ကို သားကောင်များ ပစ်ခတ် ဖမ်းဆီးကာ ပူဇော်ပသခဲ့သည်။

ယခုတလော သား ကောင်များ ရှားပါး နေသည်။ သည်တောအုပ်ကြီးအတွင်း သားကောင်များစွာရှိသော်လည်း ပစ်ခတ် ဖမ်းဆီးခြင်းတွေများ၍ အဝေးသို့ ရှောင်ပြေး နေကြပြီ ထင်သည်၊ တစ်စုံတစ်ခုသော သားကောင်မျှ မရသည်မှာ ခုနစ်ရက်တိုင်ခဲ့ပြီ။

နံနက် အချိန်ကပင် တပည့်အချို့က လူ တစ်ယောက်ကို ဖမ်းဆီး ခေါ်ဆောင် လာခဲ့သည်။ သို့တိုင် ထိုသူမှာ ပစ္စည်း ဥစ္စာဘာမျှ မပါ။ သို့ရာတွင် အချိးနှိး အလကား မဖြစ်ရန် ဇိတ်ကူးပေါက်သည်ကို တပည့်များနှင့် ဖွင့်ဟတိုင်ပင်ပြီး သဘော တူကြသော အခါ သစ်ကိုင်းခြောက်များ ခုတ်စေလျက်ထင်းပုံကြီး တစ်ခု စုစည်း ဆောက်တည်သည်။

"ကျွန်ုပ်ကို ပြန်မလွှတ်သေးဘူးလား ခိုးမှူးကြီး၊ ကျွန်ုပ်မှာ ဘာပစ္စည်းမျှ ပါတာလဲမဟုတ်"

"သင့်မှာ ဘာပစ္စည်းမျှ မပါရင် ဘာကြောင့်ဤတောထဲသို့ လာရတာလဲ၊ ကျွန်ုပ်တို့ကို ပါသမျှပေးရမယ်ဆိုတာ မသိရေ့သလား"

ခိုးမှူးကြီး အမေးကို လူ စိမ်း ယောကျ်ားက ကြောက်ရွံ့ ထိတ်လန့်စွာ ဖြေရှင်းပြသည်။

"ကျွန်ုပ်ဟာ ဆင်းရဲလွန်းလို့၊ သစ်သီးဝလံ ရှာရင်း တောထဲမှာ မျက်စိသည်ပြီး သုံးရက်တိုင်အစာမစားရလို့ ဆာလောင် မွတ်သိပ် နေတုန်း ရဟန်းသံဃာများနဲ့ တွေ့လို့ ဆွမ်းထမင်းဟင်းများ ခွဲဝေ ဓကျွေးလို့ စားခဲ့၍ အသက် ရှင်ခဲ့ရပါတယ်၊ အခုမှ ကျန်းမာအားအင် ပြည့်ဖြိုးလာတာကြောင့် အိမ်ပြန်ဖို့ လမ်းစရှာရန် ထွက်လာခဲ့တာပါ"

"သင် အိမ်ပြန်ဖို့ မလိုတော့ဘူး" ခိုးမှူးက ဆိုသည်။

"အို ဘာကြောင့်လဲ၊ ဘာဖြစ်လို့ ကျွန်ုပ် မပြန်ရမှာလဲ" လူစိမ်း ယောကျ်ားက ထိတ်ထိတ်ပျာပျာ မေး၏။

"ဟိုမှာ တွေ့လား မီးပုံကြီးလုပ်နေတာ၊ ကျွန်ုပ်တို့မှာ သားကောင် မရလို့ ဆိုင်ရာ မပူဇော်ရတာကြာပြီ၊ ဒါကြောင့် သားကောင် အစား လူသားနဲ့ပဲ ပူဇော်ဖို့ တိုင်ပင်ထားကြတယ်၊ သင့်ကို"

လူစိမ်းယောကျ်ားသည် အရုပ်ကြိုးပြတ်လဲကျမူးမေ့သွားလေ၏။

* * *

## ( ၃ )

ပြန်လည် သတိရသောအခါ ခိုးမှူးအား ငိုယိုတောင်းပန်၏။

"ကျွန်ုပ်ကို မသတ်ပါနဲ့၊ ချမ်းသာပေးပါ၊ ကျွန်ုပ်ဟာ ဆွမ်းကျန် ဟင်းကျန် စားတဲ့ ဆင်းရဲနဲ့ ချာတဲ့ယုတ်နိမ့် အောက်ကျတဲ့ လူပါ၊ ကျွန်ုပ်လို လူကိုသတ်ပြီး ပူဇော်ရင် နတ်မင်းတွေလဲ ကြိုက်နှစ်သက်မှာ မဟုတ်ပါဘူး၊ မြင့်မြတ်တဲ့ မင်းမျိုး နွယ်ဖွားဘွေ့ ဤတောအုပ် အရှေ့ပိုင်းမှာ နေကြပါတယ်၊ သူတို့လို မြင့်မြတ်တဲ့ သူရဲ့ အသွေးအသားနဲ့ ပူဇော်ရင် နတ်မင်းနွယ်များ ပိုပြီး ကျေနပ်မှာပါ၊ ထိုမြင့်မြတ်တဲ့ မင်းမျိုးမင်းနွယ်တွေရဲ့ နေရာကို ကျွန်ုပ်လိုက်ပြပါမယ်"

ခိုးမှူးကြီးက လက်ခံ သဘောတူ၍ လူစိမ်းယောကျ်ား နောက်သို့ လိုက်ပါခဲ့ကြသည်။ မကြာ

WWW.DHAMMARANSI.NET



မိ ရဟန်းတော်များ၏ သီတင်းသုံးရာ ကျောင်း သခ်မ်းသို့ ရောက်လာကြသည်။

ကျေးဇူးကန်းသော သူယုတ်မာနှင့် ကြမ်းကြုတ် ရက်စက်သော လူဆိုးတို့၏ ကြံစီ ရည်ရွယ်ချက်ကို သိရသော ရဟန်းတော်တို့သည် တည်ငြိမ်ကာယိန္ဒြေ ကြီးစွာဖြင့်...၊ ထိုနောက် သက်တော် ဝါတော် ကြီးသော မထေရ်ကြီးက...

"ကောင်းပြီ၊သင်တို့ အလိုရှိသလို ပြုဖို့ ငါ့အား ဆောင်ယူပေတော့၊အို...ညီငယ် ရဟန်းတို့၊ သင်တို့ ဘေးအန္တရာယ်ကင်းရန် ငါ့အသက်ကို စွန့်ဖို့ လိုက်သွားတော့မည်၊ သင်တို့ ပူပင် ကြောင့်ကြ ကင်းစွာ ဆက်လက်လို့ ရဟန်းတရားကို အားထုတ် ရစ်ကြပေတော့"ဟူ၍ သုံးကျိပ်သော ရဟန်းတို့အား မိန့်ကြား၏။ သည်အခါ ဒုတိယ သက်တော် ဝါတော် အကြီးဆုံး ရဟန်းက....

"သည်းခံတော်မူပါဘုရား၊ အရှင်ဘုရားမှာ ရဟန်းများကို အုပ်ချုပ်ပြီး ကြီးကြပ်ရသော တာဝန်ကြီး ရှိနေပါတယ် ဘုရား၊ တပည့်တော်မှာ အခြား တာဝန် မရှိပါ၊ ယခု ခိုးသားတို့ အလိုရှိရာ ပြုနိုင်ဖို့ လိုက်ပါရမည့်တာဝန်ကို တပည့်တော်အား ခွင့်ပေးတော်မူပါ၊ တပည့်တော် လိုက်သွားပါ ရစေ"

ဟု လျှောက်ထား၏။ ထိုနောက် တတိယ ရဟန်းသည်သည်း အလားတူစွာ လျှောက်ထား ပြန်၏။ သည်သို့နှင့် သုံးကျိပ်ကုန်သော ရဟန်းတို့သည် ခိုးသူတို့ လက်၌ အသက် စွန့်လွှတ်ရန် အသီးသီး လျှောက်ထား တောင်းဆိုကြလေ၏။ သည် အခိုက်....

"တပည့်တော်ကို လျှောက်ထားခွင့် ပြုပါဘုရား"ဆိုသော အသံသေးသေးဖြင့် အော်သံကို ကြားရသည်။

မကြာမီ ခိုးသား၊ငါးရာ ဝိုင်းဝန်းထားသော သုံးကျိပ် တစ်ပါးသော ရဟန်းများတွင်းမှ ခုနစ်နှစ်အရွယ် သာမဏေ ကိုရင်ကလေး တစ်ပါး မထေရ်ကြီးရှေ့သို့ ရောက်ရှိလာလေ၏။

"ငါ့ရှင်သာမဏေ ဘယ်သို့ စကား ဆိုလေသနည်း"

မထေရ်ကြီး၊က သာမဏေကလေးကို ကြည့်ရင်း ဆို၏။

"အရှင်ဘုရား တပည့်တော်မှာ ငယ်ရွယ် နုနယ်သူဖြစ်လို့ အပည့်တော်ကို သတ်ရာတွင်ဖြစ်စေ၊ သေရာတွင်ဖြစ် လွယ်ကူပါလိမ့်မည်၊ အပင်ပန်း ကြီးမည်မဟုတ်ပါ၊ အရှင်ဘုရားတို့ကား သက်တော်ကြီးရင့်ကြပါပြီ၊ ဤအရပ်တွင် ဆက်လက် တရားအားထုတ်မြဲ အားထုတ် ရစ်ကြပါဘုရား"

အံ့ဩ၍ သွားရဲ့ ထူးကဲပေစွ။ ခိုးမှူးကြီးနှင့်တကွသော ငါးရာသော ခိုးသားတို့သည် မြင်ရ ကြားရသမျှ မယုံနိုင်ကြ။ မျက်စိအမြင်ပင် ချွတ်ယွင်းလေသလား၊ နား အကြားပင် မှားလေသလား။

လူမှန်သမျှ သေရမှာ ကြောက်ကြသည်ချည်း ဖြစ်ပါလျက် သည်ရဟန်းတို့သည် သေခြင်းကို သူ့ထက်သူ တောင်းဆိုနေကြပါကလား။ ယခု တစ်ဖန် ကလေးအရွယ် ကိုရင်ကလေးကပင် အသေခံရန် တောင်းဆို နေပြန်ပြီ။ ခါးပြ လူဆိုးတို့အဖို့ အံ့ဖွယ်ရာအဖြစ်ကို နားမလည်ကြချေ။

"ငါ့ရှင်သာမဏေ သည်လိုမဆိုနှင့်၊ ငါတို့ သုံးကျိပ်တစ်ပါး အားလုံး အသေခံရမည် ဆိုသည့်တိုင် ငါတို့အားလုံး အသေခံကြမည် သင့်ကိုမသေစေရ၊ ငါတို့ ရဟန်းအားလုံး ဤသို့ သဘောရှိကြသည်"

"ဘာကြောင့်ပါလဲ အရှင်ဘုရား"

"အကြောင်းကား သင်သည် အရှင်သာရိပုတြာ မထေရ်မြတ်ကိုယ်တိုင် တစပဉ္စကကမ္မဋ္ဌာန်းကိုပေး၍ သာမဏေ ပြုပေးခဲ့သော အရှင်၏ တပည့်ရင်း ဖြစ်သည်၊ သင့်အား အသက်ဘေးကို ကာကွယ်မပေး ဥပေက္ခာပြုမည်ဆိုလျှင် အရှင်မြတ်၏ပြစ်တင်ခြင်းကို ငါတို့ ခံရမည် မဟုတ်သလော၊ ငါတို့အားလုံး

WWW.DHAMMARANSI.NET



သည် အရှင်၏ ပြစ်တင်ခြင်းကို စိုးရွံ့၏၊ သေခြင်းကို မစိုးရွံ့"

"တပည့်တော် ဆက်လက် လျှောက်ထားပါရစေဦး ဘုရား၊ အရှင်သာရိပုတြာမထေရ်မြတ် ကိုယ်တော်တိုင် တပည့်တော်အား ဥပဇ္ဈာယ် ပြုပေးပြီး ကမ္မဋ္ဌာန်းတရားပေးခဲ့လို့ တပည့်တော်ဟာ အရှင်ရဲ့ တပည့်ရင်း မှန်ပါသည်၊ အရှင်ဘုရားတို့မှာ မြတ်စွာဘုရားက တရား အားထုတ်ရန် စေလွှတ်လိုက်သူများဖြစ်ပါသည်၊ တောတွင်း မဝင်မီ အရှင်သာရိပုတြာမထေရ်ထံဝင်ရန် မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားလိုက်တာလဲ ဖြစ်ပါတယ်။ ဘုန်းတော်ဉာဏ်တော်ကြီးသော ဘုရားရှင်နှင့် အရှင်သာရိပုတြာတို့သည် ဤသို့သော အနာဂတ်ဖြစ်ဖွယ်တို့ကို ကြိုတင် သိတော်မူကြမည်သာ ဖြစ်ပါတယ်၊ ထို့ပြင် တပည့်တော်မှာ အရှင်သာရိပုတြာ၏ တပည့်ရင်းလဲဖြစ်၊ ငယ်ရွယ်သူလဲ ဖြစ်ပါတယ်၊ အရှင်ဘုရားတို့ တရားအားထုတ်ရာမှာ တပည့်တော်က အလုပ်အကျွေးပြုရန် ဆရာအရှင်မြတ်က တပည့်တော်ကို ထည့်လိုက်တာပါ၊ အရှင်ဘုရားတို့ တရားအားထုတ်မှု မပျက် ဆက်လက် အားထုတ်တော်မူနိုင်ကြရန်၊ တပည့်တော် ယခု ပြုစု ဆောင်ရွက်ချင်ပါတယ်၊ တပည့်တော်မှာ ကံသုံးပါးတစ်ပါးပါးဖြင့် အပြစ် ရှိခဲ့ပါက ခွင့်လွှတ်တော် မူကြပါ ဘုရား"

ငယ်ရွယ်သော သာမဏေကလေးသည် အလွန်ဉာဏ်ပညာထက်မြက်စွာဖြင့် ကျိုးကြောင်း ဆက်နွှယ် လက်ခံနိုင်ဖွယ် စကားတို့ ရှည်လျားစွာ လျှောက်ထားပြီးနောက် မထေရ်ကြီးနှင့် တကွ ရဟန်းတို့အား ကန်တော့လေ၏။

မထေရ်ကြီးနှင့် တစ်ကွ ရဟန်းတို့မှာ စိတ်မကောင်း ဖြစ်ကြရသည်။ ပူပင်သောက ဗျာပါဒတို့ကို တရားနှင့် ဖြေကာ မထေရ်ကြီးသည် ခိုးမှူးကြီးအား နောက်ဆုံး စကား မှာကြားခြင်း ပြုပေသည်။

"သင်တို့ မြင်ကြ၊ ကြားကြတဲ့ အတိုင်း၊ သာမဏေကလေးရဲ့ အဇ္ဈတ္တစိတ်တွင်း သဘောထားက ဖြူစင် မြင့်မြတ်လှပေတယ်၊ အသက် အရွယ်မှာလဲ ငယ်ရွယ်လှပေတယ်၊ သင်တို့၏ သားသမီးအရွယ်၊ ဤကလေးငယ် သာမဏေကလေးကို တတ်နိုင်သမျှ စာနာ ငဲ့ညှာကြပေတော့"

* * *

( ၄ )

စာနာ ငဲ့ညှာစိတ်ထား ကင်းမဲ့ လွန်းသော ကြောင့်ပင် ရိုင်းပျ ကြမ်းကြုတ် ရက်စက်သူ တစ်ယောက် ဖြစ်ခဲ့ခြင်း ဖြစ်ချေသည်။ စာနာခြင်း ငဲ့ညှာခြင်းဟူသည် အဘယ်နည်း။

ကလေးအရွယ် သာမဏေငယ်သည် လူမှန်သမျှ ကြောက်ရွံ့ရမြဲ တွေ့ကြုံသူ ဟူသမျှ ထိတ်လန့်ရမြဲ ဖြစ်သော မိမိအား ကြောက်ရွံ့ ထိတ်လန့်ဟန် အလျဉ်းမရှိ။ ကြည်လင်သော မျက်နှာ၊ အေးငြိမ်းချမ်းမြေ့သော အသွင်တို့သည် တည်ကြည်သော မျက်နှာကလေးတွင် အထင်းသား။

မောဟ ပိတ်ဖုံးသော စိတ်အစဉ်တွင် ဒေါသတရားတို့ ဝင်ရောက်လာခဲ့ချေပြီ။ စဉ့်အိုးတွင်းမှ သေရည်ကို တစ်ခွက်ပြီး တစ်ခွက် ခပ်သောက် နေရင်း စိတ်သည် ပိုမို တင်းမာသည်ထက် တင်းမာခက်ထန်လာပြီး—

"ဒီမှာ နားထောင်စမ်း ကိုရင်ကလေး၊ သင့်ကို အခု ကြိုးနဲ့ အထပ်ထပ် တုတ်နှောင် ထားတယ်၊ သင် မပြေးနိုင်ဘူး၊ ငါတို့ လူဆိုး ငါးရာဟာ သင့်ကို ဝိုင်းရံ ထားတယ်၊ သင် လွတ်လိမ့်ဦးမယ် ထင်သလား"

"ခိုးမှူးကြီး၊ ကျွန်ုပ် မထင်ပါ"

"သင် ထွက်ပြေးဖို့ ကြံနေသလား"

WWW.DHAMMARANSI.NET



"ကျွန်ုပ် ထွက်ပြေးဖို့ မကြံစည်ပါ"

"သင် သေရတော့မည်၊ မကြောက်ဘူးလား"

"ကြောက်ရွံ့ခြင်း၌ ကျွန်ုပ် မတွယ် ငြိဘူး ခိုးမှူးကြီး"

"နာကျင်ရမှာကိုကော"

"ခိုးမှူးကြီး၊ စိုးရွံ့ခြင်း တစ်စုံ တစ်ခုသည် ကျွန်ုပ်၌ မရှိ"

ခိုးမှူးကြီး၏ ရင်ထဲဝယ် ဒေါသတရားတို့သည် အလွန် ပါးလွှာသော မှိုင်းပြည့် မီးပုံးပျံကြီးအား ချွန်ထက်သော သံချောင်းဖြင့် ထိုးဖောက် ခွဲလိုက်သကဲ့သို့။

ရှတ်ခြည်း ဓားကို ဆွဲထုတ်လိုက်သည်။ ဓားကိုင် လက်ကို အားမာန်နှင့် မြှောက်လိုက်သည်။နေရောင်တွင် လျှပ် လက်လိုက်သည့်နှယ် ဝင်းလက် သွားသည်။ ဓားသွားသည် သာမဏေကလေး၏ ပခုံးပေါ်သို့ အရှိန်ပြင်းစွာ....။

ထက်လှစွာသော ဓား၊ ကြီးစွာသော ဓား၊ နာမည်ကျော် ဓား၊ သစ်ပင်ရွယ်လတ် ထက်ပိုင်း ပြတ်စေသော ဓား...

မယုံနိုင်ခြင်း၊ အံ့ဩခြင်း၊ ဝေခွဲမရခြင်း၊ ထို့နောက် မခံချင် စိတ်၊ မကျေနပ် စိတ်များနှင့်၊ နောက် တစ်ဖန် ကြီးမားသော ဓားကြီးကို မြှောက် လိုက်ပြန်၏။ လျှပ်ရောင် လက်သွားခြင်းနှင့် အထူ ဒုတ်ခနဲ ဓားသွား ကျရောက်သံ...

သေချာပါပြီ၊ မယုံနိုင်စရာအဖြစ်။ ကြုံဖူး ထူးကဲသော အဖြစ်၊ မျက်ဝါး ထင်ထင် မြင်တွေ့ နေရပါပြီ။ ဒဏ်ရာ ဒဏ်ချက် မမြင်ရက်စရာ တွန့် လိမ်ကောက်ကွေး နေသည်ကား မိမိ၏ မဟာဓား၊ မိမိ လက်တွင်းရှိဓား မရှုရက်စရာ ကောက်ကွေး တွန့်လိမ်လျက်။

တစ်ကိုယ်လုံးတွင် အံ့ဩ ထိတ်လန့် စိတ်တွေ ပျံ့နှံ့လာကာ မထိန်းသိမ်း မချုပ်တည်း နိုင်သော လှုပ်ရှားလွန်းသော စိတ်ဖွဲ့ဟုန်များကြောင့် မိမိ ကိုယ်၏ တည်ရှိမှုပင် ပျောက်ကွယ်သွားသလို တဒင်္ဂမျှ မှင်တက်မိ မေ့မျော သွားသလို။

နုနု နယ်နယ် သာမဏေငယ်ကား နူးညံ့သော ပန်းပွင့်နှင့် ပစ်ပေါက်ခံသည့်နှယ် တည်ငြိမ် ဣန္ဒြေဖြင့် အခြေမပျက် ဘာမျှ မဖြစ်။

* * *

## ( ၅ )

ဇောချွေးတွေ၊ မခံစားဖူးသော ထိတ်လန့်စိတ်တွေ၊ တစ်စုံဘစ်ရာ စိုးရွံ့ စိတ်တွေနှင့် တစ်ကိုယ်လုံး တုန်ယင်နေ၏။

အံ့ဘွယ်သူရဲ ထူးကဲလှပါကလား၊ အံ့မခန်း ထူးဆန်းလှပါကလား၊ ပြောမယုံ ကြုံဖူးမှ သိဆိုသော စကား ယခု ကြုံနေရသည့်တိုင် အကြောင်းရင်းမှန်ကို မသိ ကာယကံရှင် ပုဂ္ဂိုလ် ဖြစ်ပေသော သာမဏေကလေးကို မေးမည်ဟု ကြံရွယ်လိုက်သည်။ သာမဏေကလေးသည် မျက်လုံးကိုဖွင့် မျက်လွှာပင့်၍ ဓားပြဗိုလ် ခိုးမှူးကြီးအား တည်ငြိမ်စွာ ကြည့်လိုက်သည်။

ခိုးမှူးကြီးသည် ဒူးထောက် ထိုင်ချလိုက်သည်။ ဓားသည် လွတ်ကျသွားသည်။ သာမဏေအား လက်စုံမိုး၍ ရှိခိုးလိုက်သည်။

"တပည့်တော် ရှိသေပါတယ် ဘုရား၊ ရှိခိုးကန်တော့ပါတယ် ဘုရား၊ အရှင်ဟာ ထူးခြားလွန်းလှပါတယ်၊ဘယ်လို နတ်ဒေဝါ နတ်မင်းများ ဖြစ်ပါသလဲ"

"အို...ခိုးမှူးကြီး၊ ကျွန်ုပ်ဟာ နတ်ဒေဝါ မဟုတ်၊ သာဝတ္ထိပြည် သေဋ္ဌေးကြီးရဲ့ သမီးက ဖွားတဲ့ လူသားပဲ ဖြစ်တယ်၊ မိခင်ကိုယ်ဝန် အရင့်မှာနှင့် အနာရောဂါကြောင့် ကွယ်လွန်လို့ သုသာန်မှာ မီးသဂြိုဟ်စဉ် မိခင်ဝမ်း ကွဲထွက် မွေးဖွားပြီး မီးတောက် မီးလျှံ မီးကျည်းခဲများ ပေါ်တွင် အသက် ရှင်ခဲ့တယ်၊ အဘိုးသေဋ္ဌေးကြီးက နောက်

WWW.DHAMMARANSI.NET



တစ်နေ့မှာ တွေ့လို့ ပြန်ယူပြီး ပုရောဟိတ်ကို ပေးခဲ့တယ်၊ ပုရောဟိတ်က 'ရဟန်းငါးရာ ခြံရံတဲ့ မထေရ်ကြီးဖြစ်လိမ့်မည်' လို့ ဟောတယ်၊ အသက် ခုနစ်နှစ်ပြည့်တဲ့ ယခု ငါဟာ ကြုံခဲ့ဖူးတဲ့ သေဘေးကြီးက လွတ်ခဲ့ကြောင်း သိရလို့ ရှင်ရဟန်း ပြုခဲ့ခြင်း ဖြစ်တယ်၊ ဆံရိတ်တဲ့ သင်တုန်းဓားချက်၌ အဆုံးမှာပဲ တရားကို သိမြင်ခဲ့ပြီ—

"အို—ခိုးမှုကြီးနားထောင်ဦးလော့၊ရဟန္တာပုဂ္ဂိုလ်တို့အဖို့ ခန္ဓာကိုယ်သည် ဝန်လေးလှဘိသည်၊ ခန္ဓာကိုယ်မှာ တပ်မက်ခြင်း မရှိ၊ တွယ်ငြိခြင်း မရှိ၊ ခန္ဓာအတွက် စိုးရိမ်သောက မရှိ။ ထိတ်လန့်ကြောက်ရွံ့ခြင်း တစ်စုံတစ်ခုမျှ မရှိ"

ရင်ထဲတွင် တဆတ်ဆတ် တုန်ယင် လှုပ်ခါလို့နေချေပြီ။ မိုက်ခဲ့မိပြီ၊ ဆိုးခဲ့မိပြီ၊ ရမ်းခဲ့မိပြီ၊ ကြမ်းခဲ့မိပြီ၊ အမှားတွေ မနားမနေ ပြုခဲ့ ဖြစ်ခဲ့ပါတကား။ အမှန်တွေတော့ ချန်ခဲ့ ကျန်ခဲ့ မသိခဲ့၊ ယခုမူ....

ခိုးမှုကြီးနှင့် တကွ ငါးရာသော တပည့်တို့သည် မိမိတို့ထံ မိုက်မှားဆိုးသွမ်းခဲ့လေသမျှကြီးစွာသော နောင်တ အသိ တရားတို့ဖြင့် ဝမ်းနည်း ယူကျုံးမရ ကြေကွဲ စိတ်ဖြင့်သာ။

မကြာမြင့်သော ကာလ၌ သာမဏေအရှင် ဦးဆောင်သော ငါးရာကုန်သော ရဟန်းတို့သည် ထို တောအုပ်ကြီးကို ဖြတ်၍ အရှင်သာရိပုတြာ မထေရ်မြတ်ကြီးထံတော်သို့ ရှေးရှု ကြွမြန်းလျက် ရှိကြပေသည်။ ။

မန်းသာထွန်း



WWW.DHAMMARANSI.NET

# ဝိုင်းအမ်ဘီအေ သတင်းလွှာ

## ဝိုင် အမ် ဘီ အေ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ

၁၉၇၉-ခုနှစ်၊ ဒီဇင်ဘာလ ၂၄-ရက်၊ နေ့လည် ၁-နာရီတွင် ''ဝိုင်-အမ်-ဘီ-အေ အသင်းသားများ'' အသက် ၇၅-နှစ်နှင့် အထက် ''ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ''ကို အသင်းတိုက်၌ ကျင်းပပါသည်။ ၄၁-ဦး စာရင်းပေးသွင်းထားရာ၊ ၃၆-ဦး ကြွရောက် အပူဇော်ကန်တော့ခံပါသည်။

အသင်းကြီးမှ ကော်ဖီ-ကိတ်မုန့်တို့ဖြင့် တည်ခင်းဧည့်ခံသည့်အပြင် အောက်ပါ အလှူရှင်များက ယှဉ်တွဲပါ အတိုင်း ဆေးနှင့် စာအုပ်များ အသီးသီး လှူဒါန်း သွားပါသည်။

၁။ နာယကကြီး ဦးကြင် – ဘာသာရေး ဆောင်းပါးစာအုပ်။

၂။ ဥက္ကဋ္ဌကြီး ဦးသန်းမောင် – တရားအနှစ်သာရ စာအုပ်။

၃။ ဦးအောင် (ဉာဏ်လင်းစာပေ) – ခေတ်မီဆယ်စောင်တွဲ။ ယောဂီရှုမှတ်ဖွယ်နှင့် ရတနာမွန် (၄) စာအုပ်။

၄။ ဦးသိန်းအောင်နှင့်မိသားစု အမှတ် ၁၄၄၊ လမ်း ၂၀-နဂါးတစ်ထောင် ပန်းတစ်ထောင်ဆေး။

၅။ ဦးခန့်နှင့်မိသားစု ၄၇၊ ဇီဇဝါလမ်း၊ ပုဇွန်တောင် – တောရှောက်ခါးသီးဆေး။

၆။ မှန်ချီ ဦးလှမြွေးနှင့် မိသားစု၊ မှန်ချီဆေးတိုက် ရွှေဘုံသာလမ်း – မှန်ချီသလိပ်ပျော်နှင့် နှလုံး အားဆေး။

၇။ ဆရာဦးငွေမိုး မိသားစု ၃၆-လမ်း၊ ရန်ကုန် – နဝင်းလေဆေး၊ စက္ကူပါလအကြောပြေဆေးနှင့် နှလုံးသည်းခြေဆေး သုံးမျိုး။

၈။ ဦးသန်းထွန်း-ဒေါ်အေးမြင့် မိသားစု ရွှေပင် ငွေပင်ဆေးတိုက် – မှန်လေးမှန် ဆေး။

အခမ်းအနားတွင် ဥက္ကဋ္ဌကြီး ဦးသန်းမောင် (မဥ္ဇူသက) က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အပူဇော်ခံ ပုဂ္ဂိုလ်များကိုယ်စား နာယကကြီး သတိုးမဟာသရေစည်သူ ဦးကြင် (အငြိမ်းစားသံအမတ်ကြီး) က ဩဝါဒစကား ပြောကြားပြီး အခမ်းအနားကို နေ့လယ် ၃-နာရီတွင် ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပါသည်။

ညွန့်လှိုင် (ဝိုင်-အမ်-ဘီ-အေ)

WWW.DHAMMARANSI.NET



စာမျက်နှာ (၃၂) မှ အဆက်

အုန်းရည် ထည့်ထားသော ရေချိုင့်ကို ဆရာတော်ကိုယ်တိုင် လှူနာကိုတိုက်သည်။ ကိုခွေးမောင် အငန်းမရ သောက်သည်။ပြီးတော့ လက်အုပ်ချီကာ လျှောက်ထားတောင်းပန်သည်။

'မနေ့ညက တပည့်တော်ရယ် ဖိုးထောင်ရယ် ရေနံချက်ရင်း အရက်သောက် မိပါတယ် ဘုရား၊ တပည့်တော် အရှင်ဘုရားကို ပေးခဲ့တဲ့ ကတိ ချိုးဖောက်မိပါတယ် ဘုရား''

''ဘုန်းကြီးက တောင်းတာမှ မဟုတ်ဘဲ...။

''တင့်ပါဘုရား၊ ဖိုးထောင်ဆီ ငှက်ကလေးတွေ မနည်းဘူးပါလာလို့ကင်ပြီး သောက်ရင်းစားရင်းနဲ့ တပည့်တော်က မေးတော့၊ ဒီငှက်ကလေးတွေကို ဆရာတော် ကျောင်းကဖမ်းလာတယ်လို့ ပြောပါတယ် ဘုရား''

ကိုခွေးမောင် မောသွားဟန်တူသည်။ စကားရပ်သွား၏၊ ဆရာတော်က ''မိုက်ကြသည်''ဟု တိုးတိုး ညည်းသည်။

''သူက....သူက ဆရာတော် မရှိခိုက်မှာ သက်နှီးခြုံပြီး၊ ဆရာတော် အစာ ကျွေးသလို ... ပြီး ဖမ်း....ဖမ်းခဲ့တာပါတဲ့ ဘုရား....ချက်ဖိုရေ... မီးမြှိုက်ပြီး...''

ထိုအခါရောက်တွင် ကိုခွေးမောင် ရှိုက်ကြီးတငင် ငိုတော့သည်။ ဆရာတော်က ကရုဏာ မျက်လုံးများနှင့် သူ့ကိုကြည့်သည်။ သူကတော့ မည်သူ့ကိုမျှ ကြည့်ရဲဟန်မတူ မျက်လုံးတွေမှိတ်ထားသည်။ အားလုံးငြိမ်နေ၏။ဆရာတော် ထိုင်ရာမှ ထသည်။

''ဆေးခန်းကို ပို့လိုက်ကြပါကွယ်ရို့၊ ဘုန်းကြီး စိတ်ထည်း ဘာမှ မဖြစ်ဖူး ခွင့်လွှတ် ပါတယ်....''

ဆရာတော်သည် ထိုမျှသာ မိန့်ပြီး ကျောင်းပေါ်တက်သွားသည်။ လူငယ်များက ထမ်းစင်ကို ထမ်း၍ အတွေးကိုယ်စီ ကောက်ချက် ကိုယ်စီဖြင့် ငြိမ်သက်စွာ ထွက်သွား ကြသည်။

အရှက် ရောင်နီသစ်အောက်တွင် ဆရာတော်ကြီး ဆွမ်းခံကြွရန် ကျောင်းပေါ်မှ ဆင်းသောအခါ ငှက်ကလေးများမှာ အော်မြည် ပျံဝဲရင်း ကျန်ရစ်ခဲ့လေ၏။

မောင်အောင်မြင့်(ညောင်ဦး)

---

စာမျက်နှာ (၁၃) မှ အဆက်

လျှင် ရနိုင်ဖွယ် ရှိသည်ဟု မျှော်လင့် ထား၏။ ကလေးမများကလည်း ဇွတ် ပူဆာနေကြသည်။

ကုသိနာရုံမှာပင် သောင်တင် နေကြောင်း ကြားသည်နှင့် ဂဏေသ မိခင်ထံမှ စာတစ်စောင် ရောက်လာ၏။ မနောဟရမိခင်နှင့်အတူ ဖခင်ကြီး ကိုယ်တိုင် လာခေါ်မည့်အကြောင်း မြန်မြန် သီလရှင် ဝတ်လိုက်ကြလျှင် ခေါ်မည် မထင်ကြောင်း။ သို့နှင့် သူငယ်ချင်းသုံးယောက် သီလရှင် ဝတ်လိုက်ကြသည်။ ဘုန်းတော်ကြီးများကလည်း မြန်မာသီလရှင်တို့ ဆင်ယင်ထုံးဖွဲ့မှုကို ကောင်းစွာ သတိမပြုမိကြသဖြင့်နီ ပေါ်သီလရှင်များနည်းတူ လုံချည်အဝါ၊ အင်္ကျီလက်ရှည် အဝါ ကြယ်သီးတပ်၊ ကော်လာနှင့်၊ ဘွတ်ဖိနပ်စီး၊ ဖဲထီးဆောင်း။

မကြာမီမနောဟရမိခင်နှင့် အဖော်တစ်ယောက် ကလေးမများကို ခေါ်ရန် ရောက်လာ၏။ ဂဏေသကား ငြင်းဆန်နေသဖြင့် သူ့သမီး နှစ်ယောက်ကိုသာ ခေါ်ပြီး ပြန်သွားသည်။ ဂဏေသတို့ ဆရာ တပည့်လည်း ကာလကတ္တားသို့ ထွက်လာခဲ့ကြသည်။ သို့သော် မှန်းချက်မကိုက်။ ဦးဓမ္မာဝုဓပင် လက်လျှော့သွား၏။ တပည့်မကိုသာ အမျိုးမျိုး ချော့မော့ နားချရတော့သည်။ တစ်ဇွတ်ထိုးမကလေး တားမရ။

မြန်မာပြည်ကို ဖြစ်တဲ့နည်းနဲ့ အရောက် သွားမယ်။ ဗုဒ္ဓစာပေ မသင်ဘဲနဲ့တော့ တပည့်တော်မ နောက်ကြောင်း မပြန်တော့ဘူး၊ ဘုန်းဘုန်း လိုက်မပို့နိုင်လဲ နေရစ်ပါ ဟူသတည်း။

ဓမ္မာစရိယ—ဦးဌေးလှိုင်



(ယခင်လမှ အဆက်)

တစ်ယောက်သောသူသည် တစ်ခုသော လက်နက်ကို ပို၍ ပို၍ ချွန်မြ ထက်မြက်စေအောင် အား ထုတ်လျက် သွေးနေသည်။ စင်စစ်မူ သူ သွေးနေ သော လက်နက်သည် သူ့ကို စီရင်ဖို့ လက်နက် ဖြစ် သည်။ မိမိကို စီရင်သည့် လက်နက်အား ထက် မြက်အောင် သွေးနေသော မိမိအဖြစ်ကို ထိုသူ မသိ။ သူကား သစ္စကပရိဗိုဇ် ဖြစ်လေသည်။

သစ္စက ပရိဗိုဇ်၏ စကားအစဲတွင် ဘုရားရှင်က ဆက်လက် မေးတော်မူလိုက်သည်။

''သစ္စက ပရိဗိုဇ်၊ယခု မေးမည့် အချက်ကို သင် ဘယ်သို့ မှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ ကိုယ်အတ္တ ဟု သင်ဆိုတယ်၊ ထိုရုပ်မှာ ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်၊ အဲဒီလို သင့်ရဲ့ ရုပ် အပေါ်မှာ သင် အာဏာ ထားနိုင်သလား''


ပထမဆုံး အကြိမ်အဖြစ် သစ္စက တုန်လှုပ်သွား သည်။ သို့သော် အမူအရာ မပျက်ရအောင် ထိန်း သိမ်း ချုပ်ဘည်း ထားလိုက်နိုင်သည်။ ဘုရားရှင် ၏ မေးခွန်းကို မည်သို့ ဖြေရမည်နည်းဟု အလျင် အမြန် စဉ်းစားသည်။ အဖြေမှာ နှစ်ခုအနက် တစ် ခုသာ ဖြစ်ရမည်။

သင့်ရဲ့ ရုပ်အပေါ်မှာ သင် အာဏာ ထားနိုင် သလား။

တစ်ခုသော အဖြေမှာ ရုပ်အပေါ်မှာ ကျွန်ုပ် အာဏာ ထားနိုင်ပါတယ်။ သို့မဟုတ်လျှင် အခြား တစ်ခု၊ ရုပ်အပေါ်မှာ ကျွန်ုပ် အာဏာ မထား နိုင်ပါ။

ပူလောင်သော အတွေးများဖြင့် အလျင်အမြန် စဉ်းစားသည်။

''ရုပ်အပေါ်မှာ အာဏာထားနိုင်ပါသည်''ဟု ဖြေ လိုက်ပါက ချက်ခြင်းဖြစ်ပေါ်လာမည့် အကျိုး သက်ရောက်မှုကို မှန်းဆကြည့်သည်။ ဤ မဟာဝုန် တောကြီးအတွင်း ရောက်ရှိနေကြသော လိစ္ဆဝီမင်း



WWW.DHAMMARANSI.NET



များထံမှ စောဒက မေးခွန်းတွေ ထွက်ပေါ်လာတော့မည် ဖြစ်သည်။

"ဆရာပရိဗိုဇ် ရုပ်အပေါ်မှာ အာဏာ ထားနိုင်ပါတယ်လို့ ဆရာ ဖြေဆိုတယ်၊ ဒီလိုသာဆိုရင် ဆရာဟာ ဆရာ့ကိုယ် ဆရာ ကျွန်ုပ်တို့ လိစ္ဆဝီ မင်းတွေလို လုပ ခံ့ညားပြီး တင့်တယ် သိုက်မြိုက်တဲ့ အဆင်းမျိုးရှိအောင် ဆရာ လုပ်နိုင် ရမှာပေါ့၊ ဆရာဟာ ကျွန်ုပ်တို့ လိစ္ဆဝီ မင်းတွေလို တင့်တယ်တဲ့ အဆင်းမှ မရှိဘဲ၊ ဘယ်လိုလဲ ဆရာပရိဗိုဇ်"

အကယ်၍ 'ရုပ်အပေါ်မှာ အာဏာ မထားနိုင်ပါ'ဟု ဖြေငြားအံ့။

"ဆရာဟာ စောစောကပဲ ရုပ်အပေါ် အာဏာ ထားနိုင်တယ်လို့ ပြောခဲ့ပြီး၊ အခုတော့ ဆရာ့စကား ဆရာ ဖယ်ရှားပြီး အာဏာမထားနိုင်ပါလို့ ဆိုပြန်တယ်၊ ဘယ်လိုလဲ ဆရာပရိဗိုဇ်"

အဖြေ နှစ်ခုစလုံးမှာ အပြစ်မလွတ်။ မည်သည့် အဖြေကိုပဲ ဆိုဆို အပြစ် ကျရောက်တော့မည်။

ထိုအခါ သစ္စကပရိဗိုဇ်သည် မဖွင့်ထုတ်သာသော အဖြေနှစ်ခု အကြားတွင် ညပ်သည့် တစ်စုံတစ်ခုကိုမျှ မပြောနိုင်တော့ဘဲ တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

ထို အချိန်မှာပင် ဘုရားရှင်က မေးတော်မူပြန်သည်။

"သစ္စကပရိဗိုဇ် ယခု မေးမည့် အချက်ကို သင် ဘယ်လို မှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ ကိုယ်အတ္တဟု သင် ဆိုတယ်၊ ထို ရုပ်မှာ ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ ထိုသို့ မဖြစ်စေလင့်၊ ငါ၏ရုပ်သည် ထိုသို့ဖြစ်စေ ထိုသို့ မဖြစ်စေလင့် အဲဒီလို သင့်ရဲ့ ရုပ်အပေါ်မှာ သင့် အာဏာ ထားနိုင်သလား"

ဘုရားရှင်၏ ဒုတိယအကြိမ်မြောက် မေးတော်မူခြင်း ဖြစ်သည်။ နှစ်ကြိမ် နှစ်ခါ ရှိငဲ့ပြီ သစ္စကသည် ဆိတ်ဆိတ်နေမြဲ။

မြတ်စွာ ဘုရား ရှင် က သုံး ကြိမ် တိုင် တိုင် အကြောင်းနှင့် တကွ မေးမြန်းအပ်ပါလျက် မဖြေကြားဘဲ နေပါက ယင်းသို့ မဖြေကြားခြင်းသည် ပင်လျှင် မြတ်စွာဘုရားအား ညှဉ်းပန်းမှုကို ပြုရာ ရောက်ချေသည်။ ထိုအခါ ဓမ္မနိယာမ၏ အစွမ်းအားဖြင့် ထိုသို့ မဖြေကြားသူ တည်းမဟုတ် မဖြေကြားခြင်းဖြင့် ဘုရားရှင်အား ညှဉ်းပန်းသူ၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲချေတော့မည် ဖြစ်သည်။

**သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွား** အလိုငှာသာလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်တို့ကို ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့သော မြတ်စွာဘုရားသည် မဟာကရုဏာရှင်ကြီး ဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် သုံးကြိမ်မြောက်သော မေးခွန်းကို မဆိုတော်မူတော့ဘဲ စကားအရာ လွှဲပြောင်းလျက်သာ ဆိုတော်မူလေသည်။

"သစ္စကပရိဗိုဇ် ဖြေကြားပါ၊ ဆိတ်ဆိတ်နေဖို့ အခါမဟုတ်ဘူး၊ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် မေးအပ်ပါလျက် မဖြေကြားဘူးဆိုရင် မင့်ဦးခေါင်းဟာ နေရာမှာပင် ခုနစ်စိတ် ကွဲနိုင်တယ်"

ထို အခိုက်တွင် သစ္စက ပရိဗိုဇ် ထိုင်နေရာ၏ အထက် တစ်နေရာဆီမှ ထစ်ချုန်းသော အသံနှင့် ပြိုးပြက်သော အရောင်တစ်ခု ပေါ်လာလေသည်။ ဤ အခြင်းအရာကို ဘုရားရှင်နှင့် သစ္စကပရိဗိုဇ် မှအပ မည်သူမျှ မမြင် မတွေ့ကြချေ။

ထိုအသံ၊ ထိုအဆင်းဖြင့် ပေါ်ပေါက်လာသူကား သိကြားမင်း ဖြစ်လေသည်။ သိကြားမင်း

WWW.DHAMMARANSI.NET



သည် ကြောက်မက်ဖွယ်ရာ ဘီလူးအသွင်ဖြင့် သံဝဇိရ စိန်လက်နက်ကို ကိုင်စွဲထားလေသည်။

သိကြားမင်းကား ဘုရားရှင်၏ အဆုံးအမ တရားတော်အတွက် အာဏာစက်ဖြင့် ပါဝင်လာခြင်း ဖြစ်သည်။ သဟမ္ပတိ ဗြဟ္မာမင်းက ဘုရားရှင်အား တရား ဟောကြားပါရန် တောင်းပန်ခဲ့စဉ် အခါကတည်းက သိကြားမင်းသည် အာဏာစက်ဖြင့် တာဝန်ယူမည့်အကြောင်း ဝန်ခံခဲ့ပြီး ဖြစ်သည်။ 'အရှင်ဘုရားတို့၏ တရားဓမ္မနှင့် အဆုံးအမ အာဏာတော်ကို လိုက်ပါနာယူရန် ငြင်းကွယ်သူတို့အား တပည့်တော်တို့က အာဏာစက်ဖြင့် လိုက်ပါနာယူအောင် ပြုလုပ်ပါမည်၊ ဘုရားရှင်၏ ဓမ္မစက်ကို တပည့်တော်၏အာဏာစက်ဖြင့် အဖို့ တာဝန်ယူပါမည်' ဟုသိကြားမင်း ဝန်ခံခဲ့ဖူးသည်။

ထို တာဝန်ခံချက် အရ သိကြားမင်းသည် ဘီလူး အသွင် ဆောင်ကာ သံဝဇိရ စိန်လက်နက်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စင်စစ် ဤသို့ ပေါ်ပေါက်လာသော်လည်း သိကြားမင်းသည် သစ္စကပရိဗိုဇ်အား ညှဉ်းပန်းနှိပ်စက်၊ အသက်ဆုံးစေရန် အမိက ပြုလုပ်မည် မဟုတ်ချေ။ သစ္စက ပရိဗိုဇ်၏ ဦးခေါင်းကို ခုနစ်စိတ် ကွဲအောင် ခွဲခြေလိမ့်မည်လည်း မဟုတ်ချေ။ အဘယ့်ကြောင့် ဆိုသော် ဘုရားရှင်တို့၏ မျက်မှောက်ရှေ့တော်၌ မည်သည့် တစ်စုံ တစ်ယောက်သော သူမျှ အကျိုးမဲ့ ဖြစ်ရိုးထုံးစံ မရှိသောကြောင့် ဖြစ်သည်။

ဘီလူးအသွင် ဖန်ဆင်းထားသော သိကြားမင်းသည် ဝဇိရ စိန်လက်ကို အလျှံတငြီးငြီး ဝင်းပြက်စေအောင် လုပ်ယမ်းကာ သစ္စက ပရိဗိုဇ်၏ အပေါ်မှ မိုးလျက် ခြိမ်းခြောက်လေသည်။

မိမိအထက်ကောင်းကင်တွင် ကြောက်မက်ဖွယ် မြင်ရသော အဆင်းသဏ္ဌာန်နှင့် ပြိုးပြက်သော ဝဇိရလက်နက်သွားကြီး တယမ်းယမ်း တဝဲဝဲ ရှိနေသည်ကို တွေ့ရသောအခါ သစ္စကပရိဗိုဇ်၏ အမူအရာ ဣန္ဒြေအလုံးစုံတို့သည် ပြိုကွဲပျက်စီးသွားပြီ ဖြစ်သည်။

နဖူးပြင်ပေါ်သို့ ချွေးသီးချွေးပေါက်ကြီးများ ကျလာသည်။ နက်ပြာရောင် သင်တိုင်း ဝတ်ရုံအောက်မှ တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် စိုရွှဲသွားသည်။ ဉာဏ်ပညာ အားကြီးလွန်း၍ ပေါက်ကွဲထွက်သွားမှာ စိုးရိမ်ရသည်ဟု ဆိုကာ သံပြားဖြင့် ပတ်ထားသော ဝမ်းဗိုက်တွင်းမှာလည်း ထိတ်လန့် တုန်လှုပ်ခြင်းဖြင့် ဝမ်းရေလည်ပတ်ကာ အသံများ တပွက်ပွက် ဆူလာသည်။

ဤမျှ ဆောက်တည်ရာမဲ့ ချောက်ချားနေသည့် အကြားကပင် ဟန်ဆောင်ဖို့ မမေ့သော သစ္စကပရိဗိုဇ်သည် အနီးအနားရှိ လိစ္ဆဝီပရိသတ်ဆီသို့ ဝေ့ဝဲ အကဲခတ်လိုက်သေးသည်။

ပရိသတ်ထုကြီးကား ရှိမြဲ နေမြဲ အတိုင်းပင် မတုန်မလှုပ်။ သစ္စက ပရိဗိုဇ်၏ စကားခွန်းတို့ကို စောင့်မျှော် ငံ့လင့်နေဟန်ဖြင့် ပကတိအတိုင်း ရှိနေကြသည်။ ထိုအခါမှပင် သစ္စကပရိဗိုဇ်သည် အရာရာကို နားလည် သဘောပေါက်သွားသည်။

ကြောက်စရာ လက်နက်သွားကြီးနှင့် ဘီလူးကြီးကို အခြား မည်သူမျှ မမြင်ကြပါကလား၊ မိမိ တစ်ယောက်တည်းသာ မြင်ရခြင်းပါကလား၊ သို့



WWW.DHAMMARANSI.NET



ဆိုလျှင် ထိုသို့ မြင်ရ၍ ဤသို့ ဆောက်တည်ရာမဲ့ ချောက်ချား တုန်လှုပ်နေခြင်းတည်း ဟူသော အကြောက်တရားသည် မိမိ တစ်ဦးတည်း၏သန္တာန်မှာသာလျှင် ပေါ်ပေါက်နေခြင်းပါ တကား။

'ဘီလူးကြီး....ဘီလူးကြီး'ဟု အော်ဟစ်ပါက ပရိသတ် အားလုံးသည် အံ့သြသွားကြတော့မည်။ ထို့နောက် ဘီးလူးကြီးကို ရှာဖွေ ကြည့်ကြတော့မည်။ သူတို့ မြင်ကြမည်ကား မဟုတ်။ သို့ ဆိုလျှင် 'သစ္စက၊ဘယ်မှာလဲဘီလူးကြီး၊သင် တစ်ယောက်ပဲ မြင်တယ်၊ သင် တစ်ယောက်ပဲ ကြောက်နေတယ်၊ ကျုပ်တို့ မမြင်ဘူး၊ ဘယ်က ဘီလူးကြီးမှလဲ မရှိဘူး၊ သင်ဟာ အစက ဘီးလူးကြီးကို မမြင်ဘဲ ဗုဒ္ဓနဲ့ ဝါဒ ပြိုင်နေကြတော့မှာပဲ ဘီလူးကြီး....ဘီလူးကြီးလို့ အော်ဟစ်ပြီး ကြောက်လန့် တုန်လှုပ်နေတယ်" ဤသို့ ပြောကြတော့မည်။

"အခု အခါမှာ ငါ့အဖို့ ရဟန်း ဂေါတမမှ အပ အခြား အားကိုးရာ မရှိတော့ပါလား"

ကြက်သီးဖြန်းဖြန်း ထ,လျက် တုန်ယင်လှုပ်နေသော ကိုယ်ဖြင့် သစ္စက ပရိဗိုဇ်သည် ဘုရားရှင် ရှေ့တော်မှောက်သို့ မသိမသာ တိုးကပ်သွားပြီး လျှောက်တင်လိုက်လေသည်။

"အရှင် ဂေါတမ မေးတော်မူပါ၊ ဖြေကြားပါ့မယ်"

ဘုရားရှင်သည် တတိယ အကြိမ်မြောက် ဖြစ်သော အမေး စကားကို ဆိုတော်မူလေသည်။

"သစ္စက ပရိဗိုဇ်၊ ယခု မေးမည့် အချက်ကို သင် ဘယ်လို မှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ ကိုယ် အတ္တဟု သင်ဆိုတယ်၊ ထိုရုပ်မှာ ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်၊ ငါ၏ ရုပ်သည် ထိုသို့ ဖြစ်စေ၊ ထိုသို့ မဖြစ်စေလင့်၊ အဲဒီလို သင့်ရဲ့ ရုပ် အပေါ်မှာ အာဏာ ထားနိုင်သလား"

သွေးဆုတ်ဖြူလျော်နေသော သစ္စက၏ နှုတ်ခမ်းများ လှုပ်လာပြီးနောက် အဖြေ စကားသည် မဆိုင်းမတွ ထွက်ပေါ်လာလေသည်။

"အရှင်ဂေါတမ၊ အာဏာ မထားနိုင်ပါ"

"သစ္စကပရိဗိုဇ်၊ သင့်ရဲ့ ရှေ့စကား နောက် စကား မညီပါလား၊ မဆက်စပ်ပါလား"

စွင့်မတ် လှုပ်ယမ်းနေသော မာန်ဖွယ်ကို ချိုးနှိမ်လျက် ဘုရားရှင်သည် ဆက်လက် မိန့်ကြားတော်မူလေသည်။

"သစ္စက ပရိဗိုဇ် အကြင် ဝေဒနာကို၊ 'ဝေဒနာသည် ငါ ၏ ကိုယ် အတ္တတည်း' လို့ သင် ဆိုတယ်၊ ထိုဝေဒနာမှာ၊ 'ငါ၏ ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်' လို့ သင် အာဏာ ထားနိုင်သလား"

"အရှင် ဂေါတမ အာဏာ မထားနိုင်ပါ"

ထောင်လွှား ဝင့်ကြွားခဲ့လေသော အရာ တို့သည် တစ်လွှာချင်း တစ်ထပ်ချင်း ကွာကျ ပြိုကွဲခဲ့လေပြီ။

"သစ္စကပရိဗိုဇ် သင့် ရဲ့ ရှေ့ စကား နောက် စကား တို့ဟာ မညီညွတ်ဘူး၊ မဆက်စပ်ဘူး၊



WWW.DHAMMARANSI.NET



သစ္စကပရိဗိုဇ် အကြင်သညာကို'သညာသည် ငါ၏ ကိုယ် အတ္တတည်း' လို့ သင် ဆိုတယ်၊ ထိုသညာမှာ 'ငါ၏ သညာသည် ဤသို့ ဖြစ်စေ ဤသို့ မဖြစ်စေလင့်' လို့ သင် အာဏာ ထားနိုင်သလား...."

"အရှင် ဂေါတမ အာဏာ မထားနိုင်ပါ"

ဆင့်ကဲ ဆင့်ကဲသော မုန်တိုင်း အထု အောက်ဝယ်၊ ကြွပ်ရွ ဆွေးမြည့်နေလော သစ်ခြောက်ပင်တောကြီး၊ တဗိုင်းဗိုင်း လဲကျသည့်နှယ်ပင်။

"သစ္စကပရိဗိုဇ် သင့် ရှဲ့ ရှေ့ စကား နောက် စကားတို့ဟာ မဆက်စပ်ဘူး၊ မညီညွတ်ဘူး၊ သစ္စကပရိဗိုဇ်၊ 'အကြင် သင်္ခါရတို့သည် ငါ၏ ကိုယ်အတ္တတည်း' လို့ သင်ဆိုတယ်။ ထိုသင်္ခါတို့မှာ 'ငါ၏ သင်္ခါရသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်' လို့ သင် အာဏာ ထားနိုင်သလား။'

"အရှင် ဂေါတမ၊ အာဏာ မထား နိုင်ပါ"

အဆင့်ဆင့် တည်ဆောက်ထားအပ်သော မိစ္ဆာဒိဋ္ဌိ အဆောက်အအုံကြီးသည် အဆင့်ဆင့်ပင် လဲပြိုသွားနေကြလေသည်။



"သစ္စကပရိဗိုဇ်၊ သင် ရှဲ့ ရှေ့ စကား နောက် စကားတို့ဟာ မဆက်စပ်ဘူး၊ မညီညွတ်ဘူး၊ သစ္စကပရိဗိုဇ်၊ 'အကြင် ဝိညာဏ် ခြောက်ပါးတို့သည် ငါ၏ ကိုယ်အတ္တတည်း' လို့ သင် ဆိုတယ် ထိုဝိညာဏ် ခြောက်ပါးတို့မှာ၊ ငါ၏ ဝိညာဏ် ခြောက်ပါးသည် ဤသို့ဖြစ်စေ ဤသို့မဖြစ်စေလင့်' လို့ သင် အာဏာ ထားနိုင်သလား...."

"အရှင် ဂေါတမ၊ အာဏာ မထား နိုင်ပါ"

ရုပ် အပေါ်မှာ၊ ဝေဒနာ အပေါ်မှာ၊ သညာ အပေါ်မှာ သင်္ခါရ တရားတို့အပေါ်မှာ ဝိညာဏ် ခြောက်ပါးတို့အပေါ်မှာ အာဏာ မထားနိုင်ပါ ဟူသော၊ ဝန်ခံ အဖြေစကားကို ထုတ်ဖော် ဖြေကြား ပြီးသည့် နောက်တွင်ကား သစ္စကပရိဗိုဇ်၏ အရှုံးသည် ရုပ်လုံး ပေါ်လာခဲ့ပေပြီ။

တရား တစ်ခုတစ်ခုအတွက်၊ သုံးခေါက် သုံးပြန် ကျော့လျက် မေးမြန်း ဖြေကြားအပ်သော၊ 'တေပရိဝဋ္ဋ ဓမ္မ ဒေသနာ' အားဖြင့်၊ ဘုရားရှင်သည် ဆက်လက် ဆုံးမတော် မူပြန်သည်။

"သစ္စကပရိဗိုဇ်၊ ရုပ်သည် မြဲသလား၊ မမြဲသလား"

"အရှင် ဂေါတမ၊ မမြဲပါ"

"မမြဲသော အရာသည် ဆင်းရဲမှုလား၊ ချမ်းသာ မှုလား"

"အရှင် ဂေါတမ ဆင်းရဲမှု ဖြစ်ပါတယ်"

"သစ္စကပရိဗိုဇ် မမြဲသော ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောရှိသော ထိုရုပ်ကို 'ဤ ရုပ်သည် ငါ၏ ဥစ္စာ၊ ဤရုပ်သည် ငါ၊ ဤရုပ်သည် ငါ၏ ကိုယ် အတ္တ'ဟု အလွဲလွဲ ရှုဖို့ လျှော်ကန် သလား"

"အရှင် ဂေါတမ မလျော် ကန်ပါ"